www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုဧဝင်

## ကြွေသောရွက်ဝါ
## လှသောအိပ်မက်


BURMESE CLASSIC .com

(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးခဲ့တော်
# ကြွေသောရွက်ဝါ . . .
# လှသောအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"အဲဒီမှာ ထိုင်စမ်း နေမခ"

မေမေ့စကားအဆုံး နေနေက နှုတ်ခမ်းကို ခပ်ဖိဖိ ကိုက်ရင်း စောင်ပေပေပုံစံနှင့် ဆိုဖာပေါ် အိခနဲဝင်ထိုင်ချသည်။ ငုံ့ထားတဲ့ခေါင်းက မော့မလာပေမယ့် မေးစေ့လေး တလှုပ်လှုပ်ဖြစ်နေပုံက လုံးဝမကျေနပ်ဘူးလို့ ပြောနေသယောင်။

နဂိုကတည်းက နဖူးပေါ်နဲ့မျက်နှာတစ်ခြမ်းကို အုပ်ထားတဲ့ဆံပင်တွေဟာ ခုလိုကျတော့ ဖွာရာကြဲနေပြီး

[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရိုင်းဆန်ဆန်လေးဖြစ်နေ၏။

ဖြူဖွေးဖောင်းအိနေတဲ့ လက်ကလေးတွေက ကျောပိုးအိတ်ကြိုးတွေကို အမိပွာယ်မဲ့ ဆုပ်ညှစ်ခြေမွနေပုံကို ကြည့်ခြင်းအားဖြင့် ဆောက်တည်ရာမဲ့ လှုပ်ရှားလွင့်ပျံ့နေတဲ့ သူမရဲ့စိတ်ကို ခန့်မှန်းလို့ရသည်။

"အစ ငါပြောတာကို သေသေချာချာနားထောင်။ ကျောင်းဆက်တက်ချင်သလား၊ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေသွားချင်သလား။ တစ်ခွန်းပဲ ဖြေ။ ပြီးရင် တစ်လမ်းတည်းရွေး"

"ကျောင်းဆက်မတက်လို့ ရမလား မေမေ။ ညီမလေးက ခုမှ ပထမနှစ် စတက်နေတဲ့ဟာ"

"တိတ်စမ်း နိုင်နိုင်။ မေမေ ဒေါသမထွက်ချင်ဘူး။ နေမခ ငါ မေးနေတာကို ဖြေ"

မေမေ့စကားအဆုံး နိုင်ဇေယျာက စိုးရိမ်ပူပန်စွာ စိတ်လှုပ်ရှားနေသလောက် နေမခက သွေးအေးတည်ငြိမ်သည်။





လုပ်ရဲရင် ခံရဲတယ်ဆိုတဲ့သတ္တိကတော့ ဖေဖေနဲ့တူပါရဲ့၊ ခေါင်းမာပေကပ်နေတာက ခက်သည်။

စနေရျင်းအတူတူ သားဦးဖြစ်တဲ့ နိုင်ဇေယျာက အေးဆေးပြီး အငယ်မကျမှ အရွယ်နဲ့မလိုက် ဆိုးနေတာမို့ ဖေဖေရော မေမေပါ စိတ်ညစ်ရသည်။

ခုလည်း နေမခတို့ လုပ်ချလိုက်ပြန်ပြီ။

ဆယ်တန်းကတည်းက ကျူရှင်အတူတူတက်ခဲ့တဲ့ စစ်ပြေငြိမ်းဆိုတဲ့ကောင်လေးနဲ့ ကြိုက်နေတယ်တဲ့လေ။ ဟိုကောင်လေးက ဥစ္စာပေါ၊ ရုပ်ချောဆိုပေမယ့် ပညာပါရမီတော့ မပါ။ ဆယ်တန်းနှစ်နှစ်ကျပြီး ဆက်ဖြေဖို့လည်း အစီအစဉ် ရေရေရာရာမရှိပါတဲ့။

မိန်းကလေးကိစ္စ ဘာညာတွေ အရွယ်နဲ့မလိုက် အောင် သတင်းကြီးလွန်းတဲ့ ကောင်ကလေးနဲ့မှ ညီမလေးလို မာနကြီးကြီးမိန်းကလေးနဲ့ ကြိုက်ရတယ်လို့။

နားရှိလို့သာကြားရပေမယ့် ယုံချင်စရာနည်းနည်းမှ မရှိ။ ဒါပေမဲ့ မေမေကိုယ်တိုင် အင်းလျားမှာ ပက်ပင်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆွဲခေါ်လာရတာဆိုတော့ မယုံချင်လို့လည်း မရတော့ချေ။ မေမေ ဒေါ်သတကြီးဖုန်းလှမ်းဆက်ကတည်းက သူ ကျူရှင်ကနေ အပြေးအလွှားပြန်လာပြီး ညီမလေးအတွက် စစ်ကူရအောင် အိမ်ကို ဦးစွာရောက်နှင့်နေခြင်းပင်။

ဖေဖေ အိမ်မှာမရှိတာ တော်သေးသည်။ မေမေ ဒေါ်သကြီးသလို စည်းကမ်းကြီးသောဖေဖေက လူရိုးစိတ်တို သမားဖြစ်၏။ ဖေဖေ့အကြောင်းသိသော မေမေက နေမခ နှင့် ပတ်သက်ပြီး ဘာမှပြန်မတိုင်ပါစေနဲ့ဟုပဲ သူ ကျိတ်ပြီး ဆုတောင်းမိသည်။

"ဖြေလိုက်လေ . . . နေနေ"

နိုင်ဇေယျအသံက မဆိုစလောက်တုန်နေသေး၏။ မေမေက နိုင်ဇေယျနှင့် နေမခကို တစ်လှည့်စီကြည့်ရင်း ဒေါ်သကို အတန်တန်မျိုသိပ်ထားရဟန်နှင့် သက်ပြင်းရှိုက်သည်။ ထုံပေပေ အေးစက်စက်နှင့် မလှုပ်မယှက် ထိုင်နေသော နေမခကိုကြည့်ပြီး သူ စိတ်တိုလာသည်။

ဘယ်လောက်များ နားရင်းပိတ်တီးဖို့ ကောင်းတဲ့





မိန်းကလေးပါလိမ့်။ တစ်ခွန်းမှပြန်မပြောဘဲ ဆန့်ကျင်ရတာကို အတော်လေး ကျွမ်းကျင်ပုံရသော နေမခကြောင့် နိုင်ဇေယျစိတ်ထဲ မရိုးမရွပင်ဖြစ်လာရ၏။

"နေနေ"

သူ့ရဲ့ခပ်ကျိတ်ကျိတ် သတိပေးသံအဆုံး သူမက ခေါင်းမော့လာသည်။ အတင်းကာရော စွတ်ဖိကိုက်ထားသည့် နှုတ်ခမ်းလေးက နီရဲပြီး အရာလေးတွေပင်ထင်လို့။

"နေ . . . ဂျောင်းဆက်တက်ချင်တယ်"

နိုင်ဇေယျ မျက်လုံးစုံမှိတ်ပြီး သက်ပြင်းချလိုက်မိသည်။ အစုမှ ရင်ထဲမှာဆို့နေတဲ့ အပူလုံးတစ်ခု ပြုတ်ကျသွားသယောင် ခံစားရတော့၏။

"အကောင်းဆုံး . . . ဟိုကောင်လေးကို ခေါင်းထဲက ထုတ်ပစ်လိုက်တော့။ အဆက်အသွယ် ဖြတ်နိုင်းတာ မဟုတ်ဘူးနော်။ ငါကိုယ်တိုင် အဆက်အသွယ် ဖြတ်ပစ်မှာ။ သင်းရော သင်းမိဘတွေနဲ့ပါ သွားတွေ့မယ်။ ကိုယ့်သားသမီးကိုယ်နိုင်အောင်ထိန်းကြေးပဲ။ ကိုယ်မွေးထားတဲ့ သား



www.burmeseclassic.com

www.burmeseclassic.com



သမီးမှ ကိုယ်မနိုင်ရင် လက်လှမ်းမီရာနည်းနဲ့ သေပစ်လိုက်မယ် မှတ်ထား"

စကားအဆုံး မေမေက နိုင်ဇေယျကိုပါ ရှုးခနဲ တစ်ချက်ဝေ့ကြည့်သည်။

"တစ်ကျောင်းတည်း တက်နေပြီး နေနေ ဘာလုပ်တယ်၊ ဘယ်သူနဲ့တွေ့တယ်၊ ဘယ်သွားတယ်ဆိုတာ မသိရင် အစ်ကိုတစ်ယောက်အနေနဲ့ မင်းပေ့ါလျော့လို့ပဲ နိုင်နိုင်"

"သား တာဝန်ယူပါတယ် မေမေ။ ညီမလေးကို ကျောင်းထုတ်တဲ့အထိတော့ မလုပ်ပါနဲ့။ ပြီးတော့ ဖေဖေ့ကို"

နိုင်ဇေယျစကားမဆုံးခင် မေမေက လက်မှာ ချိတ်ထားတဲ့ D&G အိတ်အနီကွက်ကို ဆက်တီပေါ် ဆောင့်ခနဲ ပစ်ချရင်း . . .

"ဒီလောက် စီးပွားရေးကိစ္စတွေနဲ့ လုံးလည်ချာလည် လိုက်နေတဲ့အဖေကို ဒါတွေ သွားပြောမယ်များ ထင်နေလား နိုင်နိုင်၊ စိတ်ချ ပြောပေးပါဆိုရင်တောင် မပြော





ဘူး။ အမေလုပ်နေပြီး သားသမီးအတွင်းရေးမှ မရှင်းနိုင်ရင် ဘာလုပ်နေမှာလဲ။ အေး . . . တစ်ခုခုဖြစ်လာလို့ကတော့ မေမေလည်း ရက်စက်ရဲတယ်။ မယုံမရှိနဲ့"

မေမေကပြောပြီး ထိုင်ရာမှထသည်။ ထို့နောက် နေမခရှေ့သို့ပတ်လျှောက်လာကာ လက်ထဲမှာကိုင်ထားသည့် Hand Phone လေးကို ထောင်ပြရင်း . . .

"လက်ကိုင်ဖုန်းသုံးခွင့်ကို အကန့်အသတ်မရှိ ပိတ်လိုက်ပြီ။ အရေးအကြောင်းကိစ္စရှိရင် အိမ်ဖုန်းသုံးပေ့ါ"

ဟုဆိုကာ အပေါ်ထပ်လှေကားအတိုင်း တက်သွားလေတော့သည်။ နေမခတော့ ဘယ်လိုနေမည်မသိ။

Hand Phone လေးက သူမ ဆယ်တန်းစာမေးပွဲအောင်လို့ ဖေဖေနှင့်မေမေကိုယ်တိုင် ဆုချထားခြင်းဖြစ်တာမို့ နိုင်ဇေယျ စိတ်မကောင်းဖြစ်သွားမိသည်။

မေမေတက်သွားရာ လှေကားဆီ လှမ်းမျှော်ကြည့်ရင်း နိုင်ဇေယျ သူမဘေးသို့ နေရာရွှေ့ထိုင်လိုက်၏။ ထို့နောက် အံကြိတ်ရင်း တသိမ့်သိမ့်ရှိုက်နေသော သူမပခုံး



www.burmeseclassic.com

www.burmeseclassic.com



လေးကို အသာအယာပုတ်လိုက်ကာ . . .

"စိတ်မကောင်းမဖြစ်ပါနဲ့ ညီမလေးရယ်။ နင်က လည်း နင်ပဲ။ ဘာလို့မိုက်ရတာလဲ"

နေမခက သူ့ကိုဆတ်ခနဲလှည့်ကြည့်၏။

"ဘာမိုက်တာလဲ။ ပြေနဲ့ချစ်သူတွေဖြစ်တာနဲ့တင် နေက မိုက်မဲနေပြီလား။ ဘာမှမဆိုင်ဘူး"

သူ ခေါင်းယမ်းလိုက်မိသည်။

နေမခဆိုတဲ့ ပေကပ်ကပ်နိုင်လှသော ညီမလေး နားလည်အောင် သူ ဘယ်လိုရှင်းပြရပါ့မလဲ။

ကောင်လေးက ဘယ်လိုဆိုးလို့မိုက်လို့ဆိုတဲ့ပုဒ်မ တွေ တပ်ပြီး နားချလည်း သူမက အလွယ်တကူစိတ်ကုန်. မကုန်က မသေချာ။ ညီမလေးရင်ထဲမှာ သူက ဘယ် အတိုင်းအတာအထိ နက်ရှိုင်းပြင်းထန်စွာ နေရာယူထားသ လဲဆိုတာ နိုင်ဇေယျ အတတ်မသိနိုင်။

အဲလိုအခြေအနေမှာ သူ ခတ်ပြားပေါင်းကြီး ဖွင့်မပြချင်။ ဒါပေမဲ့ မပြောဘဲနေလို့မရတာ အစ်ကိုဟာစ်





ယောက်ရဲ့ တာဝန်။

"ရည်းစားထားတာ မိုက်မဲတယ်လို့တော့ ပြောမရ ဘူးပေါ့ ညီမလေးရယ်။ ဒါပေမဲ့ ညီမလေးက အရမ်းငယ် သေးတယ်လေ။ ဟိုကလည်း ဆယ်တန်းတောင် အောင် သေးတာမဟုတ်ဘူး။ တက္ကသိုလ်ရောက်နေပြီပဲ။ တစ် ကျောင်းတည်း တစ်တန်းတည်းက လူနဲ့ ချစ်သူဖြစ်တယ်ဆို တော်သေးတယ်။ ခုတော့ . . ."

"တစ်ယောက်က လာလည်း ပြေ ဆယ်တန်း မအောင်တာပဲ အပြစ်ကြီးတစ်ခုလိုလို။ ဒါကတော့ သူ့ဘဝ အကြောင်းနဲ့သူပဲ"

"သူ့ဘဝအကြောင်းထဲမှာ နေနေ့ဘဝအကြောင်း သွားမရောမိဖို့တော့ လိုတာပေါ့။ အခု ညီမလေးက တက္ကသိုလ်ကျောင်းသူဖြစ်နေပြီ။ ပြီးတော့ မေဂျာကွင်း(န်) ရထားတဲ့ မိန်းကလေး။ ဘယ်လောက်သာယာတဲ့အခြေ အနေလဲ။ ဒီလိုအချိန်မှာ ညီမလေးရင်ထဲမှာ ရှိနေရမှာ အရမ်းတော်ပြီး ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လူတိုင်း အားကျအတုယူရမယ့်သူတစ်ယောက် ဖြစ်လာဖို့လေ။ ဘာလို့ သူများဝေဖန်ကဲ့ရဲ့တာ၊ အထင်သေးရှုတ်ချတာကို ခံချင်ရတာလဲ။ ညီမလေးအရွယ်က အချစ်ရေးကိစ္စတွေနဲ့ ပူလောင်ရှုပ်ထွေးနေရမှာမှ မဟုတ်တာ။ ပျော်စရာကောင်းတဲ့ အခြေအနေတွေကို လွတ်လပ်သန့်စင်စွာ ဖန်တီးယူလို့ရတယ်။ ပြီးတော့ ကိုကိုတို့ ညီမလေးတို့ တက်နေတဲ့ တက္ကသိုလ်ကျောင်းကြီးက အရမ်းပျော်စရာကောင်းတယ်။ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာ၊ ရယ်မောစရာ၊ လွမ်းဆွတ်စရာတွေ အများကြီးရှိတယ်"

နိုင်ဇေယျစကားအဆုံး သူမက မျက်ရည်စတို့ ခြောက်လုလုအခြေအနေမှာ စိုကပ်ကပ်ဖြစ်နေတဲ့ မျက်တောင်ရှည်တွေ တစ်ချက်ပင့်သိမ်းရင်း ရီဝေစွာပြန်ကြည့်သည်။

"ကျောင်းမှာ ပျော်ရွှင်စရာတွေရှိတယ်လို့ ပြောလိုက်တာလား"

နိုင်ဇေယျ ခေါင်းကိုခပ်သွက်သွက် ညိတ်ပြလိုက်





၏။ အရွယ်နှင့်မမျှ ရည်းစားကိစ္စတွေနှင့် ပူလောင်ညစ်နွမ်းနေသော ညီမလေးရဲ့နှလုံးသားနုနုလေးက တခြားပျော်ရွှင်ရင်ခုန်ဖွယ်ရာတွေကို မတွေ့မမြင်ခဲ့တာ သိပ်တော့မဆန်း။

"လူတစ်ယောက်ကို သံယောဇဉ်တွယ်မိရင် ဖြတ်ဖို့ မလွယ်တာ ကိုကို နားလည်ပါတယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး စဉ်းစားဆုံးဖြတ်ရတယ်။ ညီမလေးက သိပ်တော်တဲ့ ကောင်မလေးပါ။ အဲဒီလိုတော်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲကအချစ်ကလည်း ဘာနဲ့မှမတူအောင် တန်ဖိုးရှိတယ်။ သန့်စင်မွန်မြတ်တယ်။ ဘာကြောင့် လက်လွတ်စပယ်အဖြစ်ခံရမှာလဲ။ မဟုတ်ဘူးလား"

မထီတရီမဲ့ပြုံးပြုံးတတ်တဲ့ ညီမလေးနှုတ်ခမ်းတွေက ပကတိငြိမ်သက်နေသည်။

ဘယ်တုန်းကမှ အသံမာမာနဲ့မအော်ခဲ့ဖူးသလို ချော့စရာရှိပြီဆို စိတ်ရှည်လက်ရှည် ချော့မော့နှစ်သိမ့်တတ်တဲ့ နိုင်ဇေယျစကားတွေအဆုံးမှာ ငေးငိုင်နေတဲ့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



က မျက်လွှာလေးချပြီး တိတ်တဆိတ် လိမ္မာသွားတာချည်းပင်။

ယခုလည်း နိုင်ဇေယျ ပြောသည့်စကားတွေထဲက တက္ကသိုလ်ဆိုတာကို စိတ်ဝင်တစားဖြစ်နေပုံနှင့် သူမ ငြိမ်သက်သွား၏။ အစကတော့ မြေနှင့်တက္ကသိုလ် အတူတူ တက်မယ်လို့ သူမကိုယ်တိုင် ရည်ရွယ်စိတ်ကူးခဲ့တာပါ။ ဒါပေမဲ့ မြေရဲ့မိုက်မဲညံ့ဖျင်းမှုတွေက သူမရဲ့စိတ်ကူးအိပ်မက်လေးကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်သည်။

လွတ်လပ်အေးချမ်းတဲ့ တက္ကသိုလ်ကို လက်တွဲပါမလာနိုင်တော့။ ထို့အတွက် ကြေကွဲဝမ်းနည်းခဲ့ရတာမို့ ကျောင်းတက်သည့် နှစ်ပတ်တာကာလအတွင်း ဘာကိုမှ စိတ်ချမ်းသာစရာလို့ မမြင်။

သူများတွေလို တက်ကြွလန်းဆန်းမှုမရှိဘဲ လေးလံဟိုင်းမှိုင်းစွာ ဖြတ်သန်းခဲ့ရသည်။

ပြန်တွေးကြည့်မှ နမြောစရာကောင်းနေမှန်း သိလိုက်ရ၏။





"ဘာပဲဖြစ်ဖြစ် ပျော်အောင်နေတတ်ရမယ်။ ဘာမှ စိတ်ထဲမှာ မထားနဲ့တော့နော်"

သူ့စကားကြောင့် နေမခက တွေးတောငေးမောနေရာမှ သတိဝင်လာပုံနှင့် ငဲ့ကြည့်သည်။ မျက်ဝန်းစိုစိုတွေမှာ စွတ်စိုရစ်ဝိုင်းနေတာ မျှော်လင့်ချက်တွေသာ ဖြစ်လိုက်ပါစေတော့လို့ နိုင်ဇေယျ ဆုတောင်းမိ၏။

ညီမလေးရဲ့မနက်ဖြန်တိုင်းက ပျော်ရွှင်စရာတွေနဲ့ အဓိပ္ပာယ်ရှိလာပါစေ။

သူမ ပျော်ရွှင်တက်ကြွလာဖို့ အရင်အတိုင်း လွတ်လပ်ပေါ့ပါးစွာရယ်မောနိုင်ဖို့ ကမ္ဘာမြေရဲ့တစ်နေရာမှ တစ်စုံတစ်ယောက်သောသူတော့ ရှိကောင်းရှိလိမ့်မည်။

ထိုသူနှင့်ဆုံဆည်းနိုင်မည်ဆိုလျှင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"ပဲပြုတ်"

အော်သံကြောင့် ဝေဟင် ဆတ်ခနဲ ခေါင်းထောင်သွားသည်။ ပဲပြုတ်သည်က မှတ်တိုင်ဝက်နီးပါး အကွာအဝေးမှ အော်နေတာဖြစ်ပေမယ့် အသံက နားနားကပ်အော်လိုက်တဲ့အတိုင်း ခြောင်မြင်ကျယ်လောင်စွာ ပီပီသသကြီး ဖြစ်နေ၏။

ခြင်ထောင်ထဲမှ ခေါင်းလေးပြူပြီး စာကျက်နေရာ





မှ သူ့ ပုဆိုးကို ပြင်ဝတ်ပြီး တစ်ကိုယ်လုံး အပြင်ထွက်လိုက်ရသည်။ အဲ့ဆောင်မှာ မနက်စောစောထကျက်သူဆိုလို့ ဝေဟင်တစ်ယောက်တည်း ရှိတာမို့ အဆောင်ပိုင်ရှင်အမျိုးကြီးက ပဲပြုတ်ထဝယ်ဖို့ တာဝန်ကို ဝေဟင့်ကို အပိုင်စားပေးထားသည်။ ဒါတွင်မကသေး။ ညဥ့်နက်သန်းခေါင် စာကျက်သူမို့ဆိုပြီး အချိန်မတော် မီးလာလျှင် ရေတင်ရန် တာဝန်ကိုလည်း ယူစေသည်။

ဒီလောက်နှင့်မပြီးသေး။ ကျောင်းကို အားလုံးနောက်မှ သွားပြီး အားလုံးထက်စောစီးစွာပြန်လာတတ်တာမို့လည်း အတူနေသူငယ်ချင်းတွေရဲ့ အဝတ်တွေ ရုတ်ပေးရတာ၊ အဆောင်တွင်း၊ အဆောင်ပြင် သန့်ရှင်းရေးလုပ်ရတာ အပြင် ရံဖန်ရံခါ မီတာပင် ပြေးဆောင်လိုက်ရသေး၏။ အလှအပနှင့် အသန့်အပြန့်ကို အလွန်ကြိုက်လှသော အဆောင်ပိုင်ရှင် အမျိုးကြီးက ပန်းပင်တွေ ခြံအပြည့်စိုက်ပြီး ကြွေသမျှ သစ်ရွက်ကို ဝေဟင်က လိုက်ကောက်ပေးရသလို ပေသမျှပန်းတွေလန်းဖို့ ရေလောင်းပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကနေ တက္ကသိုလ်တက်ဖို့ ရောက်လာသော ဝေဟင့်ကို လက်တို့လက်တောင်းနိုင်းဖို့ လူတစ်ယောက် ရောက်လာသည်အမှတ်နှင့် နိုင်းရက်လွန်းသော အပျိုကြီးကို ဝေဟင့်သူငယ်ချင်းတွေက ကြည့်မရ။

အပျိုကြီး ဒေါ်စောခက်ကလည်း အဆောင်နေ ယောကျ်ားလေးတွေကို ပရမ်းပတာ ဖြုတ်စဖြင်းတောင်းနေသည်ဟုဆိုကာကြည့်မရချေ။ ဤသို့ အပြန်အလှန် မျက်နှာကြောမတည့်သည့်အထဲ ဝေဟင်တော့မပါ။

"ကြည့်စမ်းပါဦးဟယ်၊ တက္ကသိုလ်ကျောင်းသားတဲ့ ညစ်ပတ်လိုက်တာ။ ခုတင်အောက်မှာ ရှုပ်ပွနေတဲ့ဟာတွေက သာကေတအမှိုက်ပုံကြီးအတိုင်းပဲ။ ဟဲ့ . . . ကောင်လေးတွေ နင်တို့အခန်းထဲ ကြွက်တောင်နေရှင်စိတ်ရှိမယ်မထင်ဘူး။ အနံ့အသက်တွေကလည်း ဆိုးပ့ါ။ မြောင်းပုတ်ဖော်ထားတဲ့အတိုင်း . . . ဟင်း"

အစရှိသဖြင့် အတိသသယဝုတ္တိအလက်ာတွေ၊ ဥပမာအလက်ာတွေပေးပြီး တအေ့အေ့ တ ဝ့ါဝေ့ါနှင့် မြည်





သံစွဲအလက်ာတွေပါ ထည့်ကာ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တိုင်း အခန်းဖေါက်စေ့ ရှောင်တခင် ဝင်စစ်ဆေးတတ်သော အပျိုကြီးကြောင့် သူတို့အားလုံး ရယ်လည်းရယ်ရ စိတ်လည်းညစ်ရသည်။

ထိုသို့ အမြင်မတော် ညစ်ပတ်ရှုပ်ပွနေတာတွေ တွေ့တိုင်း သူမက ချက်ချင်းလို ရှင်းခိုင်းတတ်သည်။ အကြောင်းသိ အထာနပ်နေသော ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသားတွေက သူမ မလာခင် လက်ဖက်ရည်ဆိုင်သို့ ဒုန်းစိုင်းချီတက်ကြသဖြင့် အဆောင်မှာ ပထမနှစ်ကျောင်းသား မအူမလည် သုံးလေးယောက်သာ ကျန်ခဲ့ရပြီး သူမ၏ အရှုအကြိမ်း အမာန်အငေါက်ကို လိမ့်နေအောင်ခံရသည်။

အပျိုကြီးကလည်း အဆောင်ပိုင်ရှင်သက်ရင့်သူ ပီပီ အံရိပ်အကဲ ကျွမ်းသည်။ လည်လွန်းသည်။

အခန်းတွေဝင်တိုင်း သူမရှုပြီဆိုလျှင် မျက်လုံးပြူးနှင့် တုံကျိဘာဝေနေတတ်သော ကျော်ဇင်လတ်တို့ မျက်နှာသေနှင့် မသိဟန်ဆောင်နေသော ဝင်းဇော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မခိုင်းဘဲ ဆူသမျှကြိမ်းသမျှကို မနေတတ် မထိုင်တတ်စွာ သွားအဖြဲသားနှင့် ဟိုဟာကောက်ကိုင် ဒီဟာကောက်ဆွဲ (တံမြက်စည်းတို့၊ ဂေါ်ပြားတို့ ပြောပါတယ်) လုပ်တတ်သော ဝေဟင့်ကိုသာ "ဟဲ့ . . . ဒီအဝတ်တွေ ကြည့်ကောင်းအောင် ရှင်းလိုက်စမ်း။ ဒီအမှိုက်တွေ တောင်းထဲထည့်စမ်း။ ဟိုအခန်းထောင့်က ဂစ်တာ တော်ရာမှာ ထောင်လိုက်စမ်း။ ဟိုပြာတွေက ဘာတုန်းဟဲ့။ နင်တို့ ဆေးလိပ်သောက်ကြသလား" စသည်ဖြင့် ခိုင်းလည်းခိုင်း မယုံသင်္ကာဟန်နှင့် စစ်လည်း စစ်ပါသည်။

ထိုအခါ အင်မတန် ရိုးလွန်းတုံးလွန်းသည်ဟု သူငယ်ချင်းတွေက ဝိုင်းသမုတ်ထားရသော ဝေဟင်မှာ မိမိကိုယ်ကို ဆားပုလင်းလိုလို၊ နနွင်းပုလင်းလိုလို အိုက်တင်ဖမ်းကာ ခုတင်ခြေရင်းနား ဒူးထောက်ပြီး အနီပြာများကို လက်နှင့်စမ်းပြီး နှာခေါင်းနား မကြောက်မရွံ့တော့ရှုကြည့်ရတော့၏။

"ဆေးလိပ်ပြာမဟုတ်ဘူး။ အန်တီစော ခြင်ဆေး





ထွန်းထားတာ"

"သေချာလို့လား"

"ဟုတ်ပါတယ်။ ဆေးလိပ်ပြာက မည်းမည်းနဲ့ အတောင့်လိုက် အချပ်လိုက်ကလေးတွေ။ ဒါက ခြင်ဆေးခွေပြာမို့ ဖြူဖြူကလေးတွေဖြစ်နေတာ။ ဟောဒီမှာ လက်ယာရစ် ခွေနေတဲ့အဝိုင်းကြီးကို ကြည့်ပါလား။ ဒါ ခြင်ဆေးခွေပြာပါ။ ဟော . . . ဟော . . . သံပြားကလေးက ခုတင်အောက် ရောက်နေတာဗျ"

"တယ် . . . ရှည်လိုက်တဲ့လျှာ။ မိကျောင်းသားကျနေတာပဲ"

လျှာရှည်လွန်းသော အပျိုကြီးကပင် တစ်ဖန်ပြန်ပြောရသည်အထိ ဝေဟင်က စကားကြောရှည်သည်။ ထို့ကြောင့် သူမက ဝေဟင့်နောက်ကွယ်ရောက်တိုင်း . . .

"ခိုင်းရတာတော့ ဖင်ပေါ့ပါရဲ့။ စကားသိပ်များတယ်"

ဟု မကြာခဏပြော၏။ ကိုယ့်ထက်ညစ်ပတ်ရှုံ



www.burmeseclassic.com

www.burmeseclassic.com



ရောဆိုသလို သူမထက် စကားပြောနိုင်သူကို တွေ့သည့်အခါ စကားများတဲ့သူဘွဲ့ကို ဝေဟင့်ထံ နှစ်မဖေ့ခင် အမြင်ကပ်စွာ လွှဲပြောင်းနှင်းအပ်လိုက်ရသည်။

မည်သို့ဆိုစေ အဆောင်မှာတော့ ဝေဟင့်ကို သူမမေတ္တာအရှိဆုံးပင်။ ပစိပစပ် ဇီဇာကြောင်လွန်းသော အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး အပျိုကြီးတစ်ယောက်ရဲ့ မေတ္တာသက်ဝင်ချစ်ခင်မှုကို ရဖို့ ဝေဟင့်ဘက်က ပေးဆပ်လိုက်ရတာတွေက မနည်းမနော။

ဝေဟင့်နောက်ကွယ်မှာ သူငယ်ချင်းတွေက T.T.M.Y ဟု စနောက်ပြီးခေါ်ကြသည်။ သူတို့တွေရဲ့အဝတ်တွေ မိုးမစို နေမစားအောင် အပြေးအလွှားသိမ်းဆည်းပေးရသော ဝေဟင့်မှာ အဝတ်အစားက တစ်ပတ်စာပင် ပြည့်အောင် မရှိ။ နှစ်ထည်တည်းသော အင်္ကျီအဖြူကော်လာကတုံးနှင့် ပုဆိုးကောင်းကောင်းသုံးထည်ကို အလျှင်မမီလို့ နှစ်ရက်ပြန်ဝတ်ရတာတစ်မျိုး။

မခြောက်လို့ မီးဖိုမှာ သွားကင်ရတာတစ်ဖုံ၊ မှား





ဝတ်သွားလို့ ငိုရမလို ရယ်ရမလိုဖြစ်ရတာ မကြာခဏနှင့် အတော်လေးကသီလင်တနိုင်လှသည်။ သူမှား ကိုယ်မှားပဲ။ ပြန်ယူဝတ်တာ ဘာဆန်းလဲဆိုပေမယ့် ကျောင်းရောက်မှ

"ဝေဟင် . . . မင်းဝတ်ထားတာ ငါ့ပုဆိုးလား" ဟု လာအမေးခံရမှာစိုးသောကြောင့် တစ်ခါမှ မဝတ်ခဲ့။

သူ့မှာ ၇ုံးလုံးလျားလျား ဝတ်စရာမရှိခြင်းတော့ မဟုတ်ပါ။ ကျောင်းတက်ခါနီး အမေဝယ်ပေးလိုက်သော Step အင်္ကျီအနီရဲရဲတစ်ထည် ရှိသည်။

ဝတ်လိုက်တိုင်း ဟိုနားကကျပ်သလို၊ ဒီနားက တင်းသလိုဖြစ်ပြီး မနေတတ် မထိုင်တတ်ဖြစ်ရတာကြောင့် တစ်ခါမှ ကျောင်းသို့ဝတ်မသွားဖြစ်ချေ။ ပြီးတော့ တစ်ခန်းတည်းနေ အောင်ကိုဆိုသည့် ဂျပုက . . .

"ဒီလိုအင်္ကျီက ဂျင်းဘောင်းဘီနဲ့မှ မိုက်တာကွ။ ပုဆိုးကြီးနဲ့ ဝတ်မသွားစမ်းပါနဲ့ကွာ"

ဟု မကြာခဏ သတိပေးတတ်သောကြောင့် သူ့မှာ သေတ္တာထဲက ထုတ်ပြီးမှ ပြန်ပြန်ထည့်လိုက်ရသည်က



www.burmeseclassic.com

www.burmeseclassic.com



များ၏။ သူတို့ပြောသလို ဂျင်းဘောင်းဘီဆိုတာလည်း အဆောင်ကလူတွေ ဝတ်တာသာ မြင်ဖူးပြီး တစ်ခါမှ မဝတ်ဘူး။ လျှော်ရတာတော့ တော်တော်လေးမည့်ပုံပင်။

အမေကလည်း ကျောင်းမလာခင် မှာလိုက်သေးသည်။

"ငါ့သား မြို့မှာ တက္ကသိုလ်တက်ရတယ်ဆိုပြီး မသင့်တော်တာတွေ မလုပ်နဲ့နော်။ ဘိုကေတွေ ဆေးဆိုးရင် ငါပြောမှာက နောက်။ ဘဘုန်းကြီး လေးခွနဲ့ဆော်လိမ့်မယ်။ ဘာမှတ်လဲ။ ဘောင်းဘီတွေလည်း ဝယ်မဝတ်လေနဲ့။ ကိုယ့်အရွယ်ကိုယ်ပြန်ကြည့်။ မင်းက နည်းတဲ့အရပ်ကြီး မဟုတ်ဘူး။ ဘောင်းဘီကြီးဝတ်ရင် မျောက်နဲ့တူသွားလိမ့်မယ်။ အစားအသောက်လည်း ကြည့်စား။ ကိုယ် မစားဖူး မသောက်ဖူးတာတွေ လာကျွေးရင် ငမ်းငမ်းတက် မစားရဘူးနော်။ ကျောင်းပိတ်ရက် ရွာပြန်ရင်ပြန်ခဲ့။ မပြန်ချင်သပဆိုလည်း အဆောင်မှာသာ အေးအေးနေ။ အဖော်ကောင်းလို့ မြို့ထဲလျှောက်မလည်နဲ့။ မျက်စိလည်ပြီး မပြန်တတ်ရင်





အစက်။ ဟိုမှာ မင့်အဘတစ်ယောက်မှ မရှိဘူး။ လူကြီးသူမလည်း ရှိရှိသေသေဆက်ဆံသူများ အမြင်မကပ်စေနဲ့။ အရက်သေစာတွေ သောက်မှာတော့ အမေမပူပါဘူးကွယ်။ မင်းက သိပ်မူးတတ်တဲ့ကောင်။ ငယ်ငယ်က ပုခက်နဲ့ သိပ်မရတာဘဲ ကြည့်။ ကားစီးရင် ဘုရားစာရွတ်နော်။ မြို့ကကားတွေမောင်းတာ ဝီခေါ်လို့ အမေဖြင့် သမျှဒွေ တစ်ထောင်ကျော်သွားတယ်။ မျက်စိမဖွင့်ရဲဘူး။ မင်းလည်း တော်ရုံခရီးကို ခြေကျင်သာလျှောက်။ အန္တရာယ် ကင်းတယ်။ ဟိုနား ဒီနား လိုင်းကားတွေ သွားမစီးနဲ့။ စပါယ်ယာတွန်းချလို့သေရင် အမေ ရင်ကျိုးရချည့်ရဲ့"

ဒီလိုစကားတွေ ပြန်ကြားယောင်နေတတ်သော ဝေဟင်က တခြားလူတွေနဲ့ မတူ တစ်မူကွဲနေတာ ဘာများ ထူးဆန်းပါလိမ့်။

"ပဲပြုတ်"

ရတ်တရက် အိမ်ရှေ့တည့်တည့်ရောက်လာသော ပဲပြုတ်သည် အော်သံကြောင့် ဝေဟင့်အတွေးစတွေ ပြတ်



www.burmeseclassic.com

www.burmeseclassic.com



တောက်သွားရသည်။ လာပါဦးလို့ခေါ်စရာမလို။ ခြံဝ သစ်သားတံတားလေးမှာ ဇလုံလေးကိုင်ပြီး ဆောင့်ကြောင့် တိုင်နေသော ဝေဟင့်ကို မြင်တာနှင့် ပဲပြုတ်သည် အဒေါ်ကြီးက ရောက်လာပြီး တောင်းကို သူ့ဘာသာသူချသည်။

"အစိတ်သားပဲလား ကောင်လေး"

ဝေဟင်အောက်ကို ငုံ့ကြည့်လိုက်သည်။ ပြီးမှ အိတ်ထဲက ငါးရာတန်တစ်ရွက်ကို ထုတ်ပြီး ခေါင်းညိတ်ပြ လိုက်၏။ ပဲပြုတ်သည်က ပဲပြုတ်အစိတ်သား ချိန်ပေးပြီး ထုံးစံအတိုင်း အဆစ်ပေးသည့်အနေနှင့် ပဲပြုတ်တစ်ဇွန်း ဇလုံထဲ ခပ်ထည့်ပေးသည်။

"ကျေးဇူးပဲ အဒေါ်ကြီး"

ဝေဟင်ကလည်း ပြောနေကျစကားနှင့် တုံ့ပြန် လိုက်၏။

"ဒါနဲ့ နင်တို့အဆောင်က လူထပ်မတိုးတော့ဘူး လား"

"ဘာဖြစ်လို့လဲ"



"ဪ . . . လူထပ်တိုးတော့ ငါ့ပဲပြုတ်ပိုရောင်း ရတာပေါ့ဟယ်"

ပဲပြုတ်သည်အဒေါ်ကြီးစကားကြောင့် ဝေဟင် ဟက်ခနဲ ရယ်လိုက်မိ၏။

"မထင်ပါနဲ့ အဒေါ်ကြီးရယ်။ ဒီမှာ လူခြောက် ယောက်တည်းရှိတုန်းကလည်း ပဲပြုတ်က အစိတ်သားပဲ၊ အခု ဆယ့်သုံးယောက်ဖြစ်လာတော့လည်း အစိတ်သားပဲ။ တတ်နိုင်လို့ လူအစိတ်သုံးဆယ်ဖြစ်သွားလည်း အစိတ်သား ပဲ နေမှာ။ ကျွန်တော်တို့ထမင်းပန်းကန်ထဲ ခုန်ဆင်းပြီး ပဲ ပြုတ် တစ်ဇေ့ချင်း ဆင်းရှာရအောင် မလုပ်ပါနဲ့ဗျာ"

ဝေဟင့်စကားကြောင့် အဒေါ်ကြီးက ဟွန့်ခနဲ မဲ့ရင်း တောင်းကိုကောက်ရွက်သည်။

"ဒါကြောင့်မို့ မင်းတို့ အဆောင်ရှင် အပျိုကြီးဖြစ် နေတာ။ အဲလို အပေးအကမ်းတွန့်တိုလို့ အကျွေးအမွေး မသဒ္ဓါလို့လေ။ အပျိုကြီးတွေတိုင်း ဒီလိုချည်းပါပဲဟယ်"

သူမပြောချင်ရာတွေ ပြောပြီး ထွက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



ပဲပြုတ်သည်အဒေါ်ကြီး၏ နောက်ကျောကို ကြည့်ရင်း ဝေဟင် ခေါင်းယမ်းလိုက်မိသည်။

ဘယ့်နှယ်။ ကပ်စေးနဲတိုင်း လူပျိုကြီး အပျိုကြီး ဖြစ်ရမယ်လို့။ ကြားဖူးပေါင်။

လူပျိုကြီး အပျိုကြီးဖြစ်တာနဲ့ ကပ်စေးနဲတတ်သွားတာလည်း ဟုတ်မယ်မထင်။

အမေ့လောက် နမြောတတ်တာ အမေပဲ။ ဘယ်မှာ. အပျိုကြီးဖြစ်ခဲ့လို့တုန်း။

အို . . . ရှုပ်လိုက်တာ။

အန်တီစောနီးလာရင် ထမင်းကြော်ဖို့ အဆင်သင့်လုပ်ပေးထားရဦးမယ်။

နို့မို့ဆို အသံပြကြီးနှင့် အအော်ခံရဦးမှာ။

ဝေဟင် ကိုယ့်အတွေးကို လက်စသတ်ရင်း မြံထဲ ပြန်လှည့်ဝင်ခဲ့သည်။ အန်တီစောတို့အိမ်ဘက်ကို လှမ်းမျှော်ကြည့်တော့ အပေါ်ထပ်ဘုရားခန်း မီးလင်းနေတာ တွေ့လိုက်ရ၏။ ဒီအချိန်ဆို အန်တီစောရဲ့အမေ အဘွား





ဒေါ်မိုး ဘုရားဝတ်ပြုနေလောက်ပြီ။

ဝေဟင် ငယ်ငယ်က ကြားဖူးသော တွံ့တေးသိန်းတန်ဇာတ်လမ်းထဲမှ စာသားတစ်ကြောင်းကို ပြန်အမှတ်ရပြီး နှုတ်က တီးတိုးရေရွတ်လိုက်မိသည်။ အသံကတော့ သွားလေသူ ကိုသိန်းတန်အတိုင်း . . .

"ဩော် . . . မမမိုးတောင် ဘုရားရှိခိုးနေပါရောလား။ အဲလေ . . . အဘွားဒေါ်မိုးတောင် ဘုရားရှိခိုးနေပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

အစဉ်အလာမပျက် ဝေဟင် ကျောင်းကိုရောက်တော့ အတန်းတက်ရန် နာရီဝက်သာ လိုတော့သည်။ ကန်တင်း(န်)မှာထိုင်ပြီး လေပစ်ဖို့ကောင်းကောင်းအချိန်ရပေမယ့် အန်တီစောရဲ့ ပဲပြုတ်ပါလေဟာန် ထမင်းကြော်အတူးကို ဗိုက်ကားအောင် အားပေးခဲ့ပြီးပြီမို့ စာသင်ဆောင်ဆီသို့သာ ဦးတည်လျှောက်လာခဲ့၏။

ကန်တင်း(န်)မှာထိုင်လျှင် အနည်းဆုံး နစ်ရာ





တော့ ကုန်သွားနိုင်သည်။ ထို့ကြောင့် ကွင်းလယ်က ဘောလုံးကို ဖမ်းရဆယ်ရခက်သော ပဲပြုတ်နှင့် ဆီမပါသောကြောင့် တူးခြစ်နေသော ထမင်းကြော်ကိုသာ သူ တဝတပြစားခဲ့ရခြင်းဖြစ်၏။ ကန်တင်း(န်)မှာ ဝင်မထိုင်ပေမယ့် သူ့သူငယ်ချင်းတွေရဲ့အသံကိုတော့ ခပ်လှမ်းလှမ်းကတည်းက ဝေဟင် ကြားလိုက်ရလေသည်။

"ငါပြောတဲ့ လျှို့ဝှက်ချက်က အဲဒါပဲ။ မယုံမရှိနဲ့။ ဒီနေ့ အင်္ဂါနေ့နော်။ မင်းတို့ရဲ့ကျက်သရေက ကျောကုန်းမှာရှိတယ်။ အဲ . . . ကျောကုန်းကို တင့်တယ်အောင် ထားရမယ်"

အာဘောင်အာရင်းသန်လှသော အောင်ကို့စကားကြောင့် သူနဲ့တစ်ဝိုင်းတည်းထိုင်နေသည့် တင်မောင်ထွေးတို့အုပ်စု လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသလို နားစွန်နားဖျားကြားလိုက်ရသည့် ဝေဟင်ပင် ခြေလှမ်းတုံ့ကာ ကိုယ့်ကျောကို ပခုံးပေါ်မှကျော်ပြီး ကြည့်မိသွားသည်။

သူပြောသည့် ကျက်သရေဆိုတာတော့ မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မလေးရှားပီတောက်ရွက်တစ်ရွက် ကြွေကျပြီး ကပ်ငြိပါလာတာမို့ လက်နှင့် အသာဖယ်ချရင်း လျှောက်လာစဉ် . . .

"မဟုတ်သေးပါဘူး အောင်ကိုရာ။ ကျောကုန်းကို တင့်တယ်အောင် ဘယ်လိုထားရမှာလဲ။ ငါတို့က ကျောကို မိုးပေါ်ပြုပြီး လေးဖက်ထောက်လျှောက်ရမှာလား"

အောင်သူဝင်း၏အားမလို အားမရ အသံအဆုံး အောင်ကိုက စားပွဲကို လက်ဝါးနှင့်ဖြန်းခနဲရိုက်ကာ . . .

"မင်းတို့ကောင်တွေ အဲဒါခက်တာပေါ့။ ဝေးကို ဝေးလွန်းတယ်။ ကျောကိုတင့်တယ်အောင် ထားရမယ်ဆိုတာ တခြားမဟုတ်ဘူး။ ကျောကို ရေမွှေးလေးဘာလေးဆွတ်၊ ကျောဘက်မှာ စတစ်ကာဒီဇိုင်းဆန်းတဲ့အကျီကို ရွေးဝတ်၊ ကျောအလှပေါ်မယ့် အဝတ်အစားကို ရွေးဆင်"

"မင်းဟာက ရွေးတာတွေများလိုက်တာ။ တော်ကြာ မသိတဲ့လူက ငါတို့ အဝတ်အစားတွေ ပေါင်ထားတယ် ထင်နေဦးမယ်"

"အေးပါကွာ . . . ငါ သိပါတယ်"





"မင်းပြောသလိုလုပ်ရင် ငါတို့ကို ကောင်မလေးတွေ ကြည်လာမှာလား"

"ဒါပေါ့ကွ။ ပိုပြီးခန့်ညားနေတော့ စိတ်ဝင်စားခံရမှာပေါ့"

"အဲဒါဆို ငါတို့က သူတို့ဘက်မျက်နှာမလှည့်ဘဲ ကျောပေးပြီး နေရမှာပေါ့နော်"

အောင်သူဝင်း အမေးကြောင့် အောင်ကိုက ပါးစပ်ထဲ လက်မထည့်ပြီး ခဏ စဉ်းစားနေသည်။

"အင်း . . . အဲလိုတော့မဟုတ်ဘူးလေကွာ။ ကျောကျောကုန်းမှာ ကျက်သရေရှိတယ်ဆိုပေမယ့် မင်း တစ်ကိုယ်လုံး ကြည့်ကောင်းနေမှာပဲဟာ။ ကျောနိုင်းစရာ မလိုပါဘူး။ မင်းကျောကို သူမြင်အောင် မသကာ ရှေ့ကကြိုပြေးရုံဆိုရတာပဲ။ ဟုတ်ဖူးလား . . . ဟဲ . . . ဟဲ"

ဗေဒင်ယောင်ယောင် ယတြာယောင်ယောင် လုပ်တတ်သော အောင်ကို့ကို ကြည့်ပြီး သူငယ်ချင်းတွေက သက်ပြင်းချသည်။ ဝေယာင်လည်း သူ့စကားတွေကို ရှင်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုဖြစ်ပြီး ထိုရေ့မှ ခပ်သွက်သွက် ဖြတ်လျှောက်လာခဲ့၏။

"ဟော့ . . . ဟိုမှာ ဝေဟင်မှတ်လား"

အာသွက်လျှာသွက်ရှိလှသော တင်မောင်ထွေး အသံကြောင့် ကယောင်ချောက်ချားပုံစံနှင့် အောင်ကိုက ပြူးပြူးပြာပြာ လှည့်ကြည့်သည်။

"ဟော့ကောင် . . . ဝေဟင် လာဦးလေကွာ"

ဝင်းဇော်က သူ့ကို လက်ယပ်ပြီး ပါးစပ်ကပါ အကျယ်ကြီးအော်ခေါ်သည်။ ဝေဟင် သူတို့ကို လှည့်ကြည့်ပြီး မဝင်တော့ဘူးဟု ပြောမည်ပြင်ခိုက် ရုတ်တရက် အောင်ကို့ကို သေသေချာချာကြည့်မိပြီး ခြေလှမ်းတွေက ဆိုင်တွင်းသို့ အလိုလိုရွေ့သွား၏။

အောင်ကိုက သူ့ကိုမလုံမလဲတစ်ချက်ကြည့်ပြီး မှင်သေသေနှင့် ဟီးခနဲ ရယ်ပြသည်။

ဝေဟင်ကတော့ မရယ်နိုင်။ အောင်ကို့ကို အသေအချာကြည့်နေမိသည်။



ဒီအကျီအနီလေးကို ငါ မြင်ဖူးသလိုပဲဟု စိတ်ထဲက တိတ်တဆိတ် ရေရွတ်ရင်း အောင်ကို့ဘေးနားသို့ လျှောက်သွားလိုက်သည်။

အောင်ကိုက ထိုင်ရာမှ သူ့ကိုမော့ကြည့်ပြီး တွန့်ခနဲ ဖြစ်သွား၏။

"မင်းကလည်း လူကိုမမြင်ဖူးတာကျနေတာပဲ"

အံမယ် . . . အသံကိုက ရှက်စနိုးလိုလို ဘာလိုလို ညှုတုတုပါလား။

"ဝေဟင် . . . ထိုင်လေကွာ။ ဘာတွေစိတ်ဝင်စားနေတာလဲ"

"ဟုတ်ပ္ါ . . . ဒီကောင် ငါ့ကျောကုန်းမှာရှိနေတဲ့ ကျက်သရေကြောင့် စုလို ငေးငိုင်သွားတာပဲဖြစ်မယ်။ ဟုတ်တယ် မှတ်လား ဝေဟင်"

"မဟုတ်ပါဘူး။ မင်းကျောက အကျီတံဆိပ်ကို ကြည့်မလို့"

"အမ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေဟင့်စကားကြောင့် အောင်ကိုအပါအဝင် တစ်ဝိုင်းလုံး တအံ့တဩဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် အောင်ကိုက ဣန္ဒြေပြန်ဆည်ကာ . . .

"ဒါ Step လေကွာ။ မနေ့ကမှ မြို့မဈေးထဲက ဝယ်လာတာ။ မင်းမှာလည်း ဒါမျိုးရှိတယ်နော်"

ဟုဆိုလာတာကြောင့် ဝေဟင် အနည်းငယ်စိတ်သက်သာရာရသွားပြီး အောင်ကို့ဘေးက ခုံမှာဝင်ထိုင်ချလိုက်၏။

"ဝုန်း"

"ဟဲ့ . . . သောက်ပလုတ်တုတ်"

"အမယ်လေးဗျ"

အဖြစ်အပျက်က ဗူာရှတ်သိုင်းကားထဲက မိုးကြိုးလျှပ်စီးသိုင်းကွက်ထက်ပင် မြန်ဆန်လွန်းလှသည်။ မထိုင်ခင်က ဒီနေရာမှာ ခုံရှိနေသေးတာ ဝေဟင် သေသေချာချာ သိထား၏။ ထိုင်ချလိုက်ကာမှ မည်သို့ပြောင်းလဲသွားသည် မသိ။ ဝုန်းခနဲမြည်သံနှင့်အတူ သံမံတလင်းပေါ် ဖင်ထိုင်



ရက် လဲကျသွားရတော့၏။

ဆိုင်ထဲကလူအတော်များများက သူတို့ဝိုင်းကို အာရုံတစိုက် လှမ်းကြည့်လာတာမို့ ဝေဟင် ရှက်ရွံ့ပူထူစွာ အတင်းကုန်းထမိသည်။ အောင်ကိုကလည်း သူငယ်ချင်းကောင်း ပီသလှစွာ သူ့ကို ချိုင်းမှ ဆွဲထူ၏။

"ဆော . . . ဆောရီးနော်။ တကယ်ကို မတော်တဆဖြစ်သွားတာပါ။ နောက်ကိုမကြည့်ဘဲ ခုံကို ဆွဲယူလိုက်မိတာ။ အားနာလိုက်တာရှင်"

တင်ပါးဆုံရိုးရော၊ မြီးညှောင့်ရိုးပါ မွမွကြေသွားတော့ မတတ် နာကျင်သွားတာကြောင့် ရှက်ရွံ့ဒေါသဖြစ်နေနိုက် ရှတ်တရက်ကြားလိုက်ရသော ဆည်းလည်းသံချိုချိုလေးကြောင့် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်မိသည်။

ငါထိုင်မယ့်ခုံကို ဆွဲထုတ်တာ သင်းပါလားလို့ ရက်ရက်စက်စက် အပြစ်မတင်ရက်စရာကောင်းအောင် လှပနုနယ်သော မျက်နှာလေးကြောင့် ဝေဟင်ပါးစပ် အဟောင်းသားနှင့် အံ့ဩဆွံ့အသွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေဟင့်တစ်သက်နှင့်တစ်ကိုယ် ဒီလောက်လှသော မိန်းကလေးမျိုးကို တစ်ခါမှ အနီးကပ်မတွေ့ဖူးသလို စကားလည်း တစ်ခါမှမပြောဖူးတာမို့ ရှက်တာက တခြား၊ ရင်ခုန်မိတာကတခြားနှင့် လူက စိတ်နှင့်ကိုယ် မကပ်ချင်သလို ဖြစ်လာရ၏။

တောင်းပန်တာကို လက်မခံတာလည်း မဟုတ်ဘဲ နားမလည်သလို ကြောင်တောင်တောင် ယောင်နနပုံစံနှင့် ပြန်ကြည့်နေသောလူကိုကြည့်ပြီး နေမခ စိတ်မရှည်ချင်သလို ဖြစ်သွားရသည်။

"ဒီမယ် . . . မတော်တဆဖြစ်ခဲ့တာအတွက် တောင်းပန်တယ်လို့ ပြောနေတာ"

"ဗျာ"

ဒီလူနားများလေးနေသလား။ နေမခ အသံကို ထပ်မြှင့်လိုက်၏။

"တောင်းပန်နေတာ . . . တောင်းပန်နေတာ။ ရှင်ထိုင်မယ့်ခုံကို ဆွဲမိတဲ့အတွက်"



"ဪ . . . ဟုတ်ကဲ့။ ရပါတယ်။ ကျွန်တော်လည်း ကိုယ့်အောက်ကို သေသေချာချာမကြည့်မိတော့ သူများဆွဲသွားတာကို မသိလိုက်ဘူး"

"ဘာ"

"ဟို . . . နံ . . . ခုံကိုမကြည့်ဘဲ ထိုင်မိတာကို ပြောတာပါ။ ကျွန်တော်က အောက်မှာရှိနေဘယ်ပဲ ထင်နေတာဗျ"

စကားပြောတာကလည်း အမြီးအမောက် မတည့်လိုက်တာလို့ စိတ်ထဲကတွေးရင်း နေမခ မသိမသာ မျက်စောင်းရွယ်လိုက်မိသည်။ ပြီးမှ ကိုယ့်ဘက်က လွန်ထားတာကို သတိရပြီး မျက်နှာအနေအထားကို ပြင်လိုက်ရသည်။

"ဘာပဲဖြစ်ဖြစ် ဒီကမှားတာဆိုတော့ တောင်းပန်ပါတယ်။ ဒါနဲ့ ရှင် ဘာမှတော့ဖြစ်မသွားပါဘူးနော်"

ဝတ်ကျေတန်းကျေသတင်းမေးစကားအဆုံး သူ့မျက်နှာက ရှတ်တရက် ရှုံ့မဲ့ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘဲနေမလားဗျာ။ ကျွန်တော်တော့ တင်းပါး ခွက်လွဲပြီထင်တာ။ မြီးညှောင့်ရိုးလည်း တော်တော်နာသွား တယ်ဗျ"

"ဟင်"

နေမခ မျက်မှောင်ကြုတ်လိုက်မိ၏။

"အဲဒါ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"ဟို . . . ဘာမှလုပ်ပေးစရာမလိုပါဘူး။ အဆောင် ရောက်မှ ဒက်ကြေဆေးလိမ်းလိုက်ပါ့မယ်"

ဝေဟင့်စကားဆုံးမှ အောင်ကိုတို့အုပ်စုရော ကောင်မလေးတွေပါ သက်ပြင်းချနိုင်တော့သည်။

"ဒါဆိုလည်း ပြီးတာပဲ" ဟုဆိုပြီး သူမတို့အုပ်စုက နေရာမှာ အေးအေးဆေးဆေးပြန်ထိုင်၏။ ဝေဟင်လည်း ထွက်သွားရကောင်းနိုး ထိုင်နေရကောင်းနိုး ချီတုံချတုံဖြစ် နေစဉ် ဝင်းဇော်က အောင်ကို့ဘက်သို့လှည့်ကာ . . .

"ဒါနဲ့ နေ့အလိုက် ကျက်သရေတည်တဲ့နေရာတွေ ကို ပြောမယ်ဆို ပြောလေကွာ။ လိုက်မှတ်ရအောင်"





"သြော် . . . အေး . . . အေး"

"အစဉ်လိုက်ပြောကွာ။ တနင်္လာနေ့က ဘယ်မှာ"

အောင်ကိုက ဝေဟင့်ကိုတစ်ချက်လှမ်းကြည့်ပြီး ရယ်ပြသည်။ ဝေဟင်လည်း အူကြောင်ကြောင်နှင့် ပြန်ရယ် ပြလိုက်သည်။

"တနင်္လာဆိုတော့ . . . အင်း . . . တင်ပါးမှာ . . အဲ . . . ဟုတ်ပါဘူး . . . ပခုံးမှာ . . . ပခုံးမှာ"

အောင်ကိုရဲ့ ကယောင်ကတမ်းစကားကြောင့် ဝေဟင် ရှက်ကိုးရှက်ကန်းနှင့် နောက်ကို လှည့်ကြည့်တော့ သူမကလည်း မလုံမလဲလှည့်ကြည့်လေသည်။

နာနေပေမယ့် ဝေဟင် နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြ လိုက်နိုင်သည်။ သူမကတော့ မျက်မှောင်တွန့်ကာ တစ် ဖက်သို့ ပြန်လှည့်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

"ဝေဟင် . . . မင်းတော့ ကံထူးနေပြီ"

ကျောင်းကပြန်ရောက်ရောက်ချင်း အခန်းထဲမှာ ကြောင်ချေးပုံ တွေ့လိုက်ရသောကြောင့် သန့်ရှင်းရေးလုပ်ပြီး အဝတ်လျှော်ရန်ပြင်နေသော ဝေဟင်မှာ ဝင်းဇော်စကားကြောင့် ဇဝေဇဝါ မော့ကြည့်လိုက်မိသည်။

ဝင်းဇော်နှင့်အတူ အခန်းထဲဝင်လာသော အောင်ကို့မျက်နှာကလည်း စပ်ဖြဲဖြဲ။





"ဘာကံထူးတာလဲ။ ကြောင်ချေးတွေကျုံးပြီး ရေဆေးချလိုက်ရတာ နည်းတာမှတ်လို့။ ငါက ကြောင်ချေးတွေ၊ ခွေးချေးတွေ သိပ်ရွံတာကွ။ တခြားဟာဆို အဲလောက်မဆိုးပါဘူး။ ခုဟာက နည်းနည်းလေးနဲ့ တအားနံတာ။ အဲဒါကံထူးတာလား"

"မင်းကြောင်ချေးကျုံးရတာ ငါတို့မှ မသိတာ။ ကံထူးတယ်ဆိုတာ တခြားကိုပြောတာ မဟုတ်ဘူး။ မနက်ကလေ ကန်တင်း(န်)မှာ မင်းဟာကိုလာဆွဲထုတ်တာ"

"ခုံလို့ထည့်ပြောစမ်းပါကွာ"

"အေး . . . အေး . . . အဲဒီခုံကို လာဆွဲထုတ်တာဘယ်သူမှတ်လဲ"

"ကောင်မလေးလေ။ ငါ မြင်လိုက်သားပဲ"

ဝေဟင့်အဖြေစကားကြောင့် ဝင်းဇော်က ရှုံ့မဲ့သွားသည်။

"ဟား . . . ငါပြောတာ အဲဒါ။ ခရမ်းသားတွေ အ.ပြီဆို ကြီးတော်ပေး အ.တာလို့။ မနက်က ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှန်း မင်း မသိဘူးလား"

"မသိပါဘူး။ ခုမှ မြင်ဖူးတာ"

"မင်း Fresher Welcome လုပ်တာ မီတယ် မှတ်လား"

"မီသားပဲ။ အဲ့နေ့က ကျောင်းမှာ စာမသင်ဘူးဆိုလို့ မသွားပါဘူး"

"ဩော် . . . ဒါကြောင့် မင်း မသိတာကိုး။ မနက်က ကောင်မလေးက မင်းတို့မေဂျာကွင်း(န်)ကွ။ နေမခ ဆိုတာလေ"

"အဲဒါ ဘာဖြစ်လဲ"

ခက်တော့ခက်နေပါပြီဆိုတဲ့ အကြည့်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အောင်ကိုနဲ့ ဝင်းဇော်က သက်ပြင်းပြိုင်တူချသည်။

"ကွင်း(န်)ဆိုရင် တက္ကသိုလ် တကူးတကက လိုက်ပြီး မိတ်ဆက်ရတာကွ။ မင်းကျတော့ ကံကောင်းပြီး သူနဲ့စကားပြောလိုက်ရတာ နည်းတဲ့ကံလား။ အဲဒါကြောင့် မင်းကို ကံထူး





တယ်လို့ ပြောတာ"

သူ နားခေါင်းရှုံ့ရင်း ခေါင်းယမ်းလိုက်မိသည်။ လက်ကလည်း အနာမပြေသေးသည့် တင်ပါးရိုးကို အလိုလို စမ်းမိသွား၏။ ပြီးတော့ မျက်လုံးဝိုင်းလေးတွေကို မြင်ယောင်လာသည်။

"လှတာတော့ တော်တော်လှတယ်နော်"

"မာနလည်းကြီးတယ်။ မိန်းကလေးအချင်းချင်းတောင် တော်ရုံလူကို သူငယ်ချင်းထားတာ မဟုတ်ဘူး။ မင်းက တစ်ခန်းတည်း စာသင်ရပြီး ဘာမှလဲမသိဘူး"

"နောက်နေ့ကစပြီး သိအောင်လုပ်တော့မယ်"

ရုတ်တရက်ပြောချလိုက်သော ဝေဟင့်စကားကြောင့် သူတို့နှစ်ယောက် မျက်လုံးပြူးသွားကြသည်။

"မင်း ဘာပြောလိုက်တယ်"

"သူ့အကြောင်းတွေသိအောင် လုပ်မယ်လို့ ပြောတာ။ ငါ သူ့ကို ကြိုက်သွားလို့"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား . . . ရွတ်အတင်းကြီးပါလား"

အောင်ကိုနှင့် ဝင်းဇော်က အံ့အားသင့်သွားပုံနှင့် တစ်ယောက်အသံတစ်မျိုး ရေရွတ်သည်။ ပြီးတော့ နှစ်ယောက်သား ဘာအရိပ်အကဲမှ မပြဘဲ ဟက်ဟက်ပက်ပက် အော်ရယ်ကြ၏။

"ဟား . . . ဟား . . . မင်းက နေမခကို ကြိုက်တယ် ဟုတ်လား။ ဟား . . . ဟား . . . မင်း နေမခကို ဘာများမှတ်နေလဲ"

ဝေဟင် လက်ထဲကလုံးထွေးထားတဲ့ ပုဆိုးနဲ့ အင်္ကျီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အသည်းအသန် အော်ရယ်နေသော အောင်ကိုတို့နှစ်ယောက်ကိုကြည့်ပြီး နေမခကို ဘာမှတ်ရမှာလဲ မိန်းကလေးလို့ပဲ မှတ်တာပေါ့။ အခြောက်ကြီး ထင်ရင်ကြိုက်မလားဟုလို့တောင် စိတ်ထဲက ပြန်ပြောလိုက်မိ၏။

"ဝေဟင် . . . ဝေဟင် . . . မင်းကတော့ တကယ် မလွယ်ဘူးနော်။ နေမခက မင်းကို ပြန်ကြိုက်မယ်များ ထင်



နေလား။ ဘယ်သူမှ ကပ်လို့ရတာ မဟုတ်ဘူး"

"ငါကလည်း ကပ်မယ်လို့ပြောနေလို့လား။ ကြိုက်လို့ ကြိုက်တယ် ပြောတာကို"

"အေး . . . ကြိုက်ရင် မင်းသူ့ကိုလိုက်တော့မယ်လေ။ အဲဒီအခါကျမှ သူ့အစ်ကိုက မင်းကို လက်သီးစာကျွေးမှာ"

"သူ့အစ်ကို"

"ဟုတ်တယ်။ သူ့အစ်ကိုရှိတယ်။ I.C မှာ သူ့အစ်ကိုက Final တဲ့"

"မင်းတို့က သိလှချည်လား။ ကျွန် နေမခကို မင်းတို့ပါ ကြိုက်နေပြီထင်တယ်"

"လုံးဝပဲ . . . ဒီလောက် မာန မိုးထိနေတာမျိုးကို ငါတို့က လုံးဝစိတ်ကူးထဲမထည့်ဘူးနော်။ ဖြစ်နိုင်တာလေးပဲ ရအောင်ကြိုးစားမှာ။ မင်းသာ မအူမလည်နဲ့ တကယ့်ခေါင်ကို တက်မှန်းလို့ ဘယ်ချက်အတီးခံရမလဲ မသိဘူး ဟား . . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်နော် ဝေဟာင်း၊ နာမည်ကိုက နေမခ တဲ့၊ ဟင်း . . . အန်တီစောလို မင်းကိုကြည့်မှာမဟုတ်ဘူး"

"ခွေးကောင် . . . ကြားလို့ အဒေါ်ခံရဦးမယ်၊ ဘာမှမဆိုင်တဲ့လူကြီးကို ဆွဲထည့်နေတယ်"

"ဟဲ . . . ဟဲ . . . ဘာပဲဖြစ်ဖြစ် နေမခထက်စာရင် အန်တီစောဆို ပိုဖြစ်နိုင်ချေရှိတာပေါ့ကွာ၊ ဒီတစ်ဆောင်လုံးမှာ သူ ကြည့်ရတာ မင်းတစ်ယောက်တည်းမှတ်လား"

"ဟာ . . . ဒီကောင် ပြောလေကဲလေ"

ဝေဟာင် လက်ထဲက အဝတ်ထုပ်နှင့်ရွယ်လိုက်မှ သူတို့နှစ်ယောက်လုံး ရယ်ကျဲကျဲမျက်နှာတွေနှင့် လှစ်ခနဲထွက်ပြေးသွားလေတော့သည်၊ ထိုအခါမှ သူလည်း နေမခမျက်နှာလေးကို မြင်ယောင်ရင်း ရေစည်သို့ အဝတ်လျှော်ရန် ထွက်ခဲ့၏။

ဇလုံထဲ အဝတ်တွေ နှစ်စိမ်လိုက်တော့လည်း မျက်လုံးဝိုင်းဝိုင်းကလေးတွေနှင့် နေမခ မျက်နှာလှလှလေး





ကိုသာ မြင်ယောင်သည်၊ ကျောက်စည်ထဲမှ ရေခပ်လိုက်တော့လည်း ရေခွက်ထဲမှာ သူမမျက်နှာ၊

ဘယ်နေရာကြည့်ကြည့် သူမမျက်နှာတွေချည်းပင်၊

ယခုချက်ချင်း နေမခက သူ့ဘေးနားလာထိုင်ပြီး ပြုံးပြနေသယောင်ထင်လာရသည်၊

မသေချာပြီ၊ အာရုံထဲဒီလောက်စွဲမြဲနေပုံထောက်လျှင် သူ နေမခကို ချစ်မိသွားတာ သေချာနေပြီ၊

အင်း . . . အမေကလည်း တခြားကိစ္စတွေသာ နှိုက်နှိုက်ချွတ်ချွတ် ဇေ့ဇေ့စပ်စပ်မှာလိုက်တာ၊

ရည်းစားမထားနဲ့လို့တော့ မပြောလိုက်၊

ဝေဟာင်လည်း တစ်ခါမှရည်းစားမထားဖူးတာမို့ သူမကိုသာ ရည်းစားအဖြစ် ရွေးချယ်ရန် ဆုံးဖြတ်လိုက်၏။

အဘယ်မျှ ခမ်းနားကြီးကျယ်သော စိတ်ကူးပါလိမ့်၊ မနက်ဖြန် ကျောင်းသွားလျှင် စာသင်ခန်းထဲမှာ သူမကို တဝကြီးထိုင်ကြည့်ပစ်လိုက်ဦးမည်၊ သူမ ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အားရပါးရ ပြုံးပြလိုက်ဦးမည်။

အတွေးတစ်ဖက်နှင့် ဝေဟင်လက်က ဆပ်ပြာမှုန့် ပုလင်းကိုဖွင့်ရင်း ဇလုံထဲ လောင်းထည့်လိုက်သည်။

"အလိုလေး . . . လေး . . . ကုန်ပါပြီ ဝေဟင် ရယ်။ သွားပြီ . . . သွားပြီ။ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ရုတ်တရက် ထအော်လိုက်သော အန်တီစောရဲ့ အသံကျယ်ကြီးကြောင့် ဝေဟင် လန့်ဖျပ်ပြီး မတ်တတ် ရပ်လိုက်မိ၏။ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိ သော အန်တီစောက ဇလုံကြီးတစ်လုံး ခါးစောင်းတင်ပြီး ဝေဟင်ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသည်။

"ဘာ . . . ဘာဖြစ်လို့လဲ အန်တီစော"

"ဘာဖြစ်ရမလဲဟဲ့။ အမယ်လေး . . . မပြောချင် တော့ပါဘူး ဝေဟင်ရယ်။ ငါက ခြင်ထောင်စိမ်မလို့ မဲနယ် ဘူးချထားခဲ့တာ မင်းက အကုန်လုပ်ပစ်လိုက်တော့ . . ."

"ဗျာ . . . မဲနယ်"

သူ့လက်ထဲမှာကိုင်ထားသည့် ဘူးလေးကို အလန့်





တကြား ငုံ့ကြည့်လိုက်သည်။

ဟာ . . . သွားပြီ။ အာမေဋိတ်သံက ရင်ဘတ်ထဲ မှာပဲ အကျယ်ကြီး မြည်သွားသည်။

ဘူးချင်းတူနေတာမို့ ဆပ်ပြာမှုန့်နဲ့မဲနယ်တွေ မှား ကာ အဝတ်ဇလုံထဲ သွန်ချလိုက်မိချေပြီ။ သူ ဘာပြန်ပြော ရမှန်းမသိ ကြက်သေ,သေနေစဉ် အန်တီစောက ဝမ်းနည်း ပက်လက်အသံကြီးနှင့် တစ်စခန်းထပြန်၏။

"မင်းနယ်ကွယ် . . . အင်္ကျီအဖြူ မဲနယ်ဆိုးချင်ရင် လည်း ပြောပေါ့။ တော်ရုံတန်ရုံထည့်ရတာပဲ ခုတော့ . . ."

မတတ်နိုင်တော့။ ထုံးစံအတိုင်း ခေါင်းကုပ်ရင်း ဟီးခနဲရယ်ပြလိုက်ရင်း ချော့လဲရောထိုင်ရ၏။

"ဟီး . . . ကျွန်တော်လည်း မေ့ပြီး လက်လွှန် သွားတာ။ အင်္ကျီကလည်း ဝါကျင့်ကျင့်ဖြစ်နေတော့လေ။ ကျွန်တော် တစ်ဘူးသွားဝယ်ပေးပါ့မယ်နော် . . . အန်တီ စော"

"ဟဲ့ . . . ငါက နှမြောလို့ပြောနေတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဝေဟာင်ရဲ့ မင်းဇလုံထဲလည်း ပြန်ကြည့်ပါဦး။ ပုဆိုးအနီကွက်ကြီးကို မဲနယ်စိမ်ရတယ်လို့"

"ဗျာ . . . အဲ . . . ဟုတ် . . . ဟုတ်ပဲ့ . . . ဟိုစိမ်မှာက အပြာကွက် အန်တီစောရဲ့ မှား . . . မှားပြီး"

"တော်ပါတော့ဟယ်။ သွားဝယ်မယ်ဆို သွားစမ်းပါ။ ညနေစောင်းနေပြီဟဲ့။ နင့်ဟာတွေ ပြောင်အောင် ပြန်လျှော်ဦး"

"ဟုတ်ကဲ့ . . . အန်တီစော"

အန်တီစောက ကျောက်ပြားပေါ် ဇလုံကြီးချပြီး အိမ်ဘက်ပြန်လျှောက်သွားသည်။ နှုတ်ကလည်း ပွစိပွစိ ရေရွတ်သွားသေး၏။

"ဒီကောင်လေးက စိတ်မှမှန်သေးရဲ့လား မသိဘူး" တဲ့။ သူ သက်ပြင်းတစ်ချက်ချရင်း ဇလုံထဲက မဲနယ်ရေတွေ ပြာတူးနေသည့်အထဲမှ အကျီဖြူလေးကို ဆွဲတင်လိုက်တော့ သူ့နှုတ်က ဘုရားပင်တလိုက်ရ၏။

ဖြူဖွေးနေသော ကော်လာကတုံးအကျီလေးခမျာ



အပြာရင့်ရင့်ကြီးဖြစ်လို့။ ဘယ်နှစ်ခါပြန်လျှော်လျှော် မူရင်းဘ၀ ပြန်ရောက်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ချေ။ အင်းလေ သူများတွေမြင်ရင် အကျီအသစ်တစ်ထည် ဝယ်တယ်လို့ ထင်ကြမှာပေါ့ဟု ကိုယ့်စိတ်ကို ကြံဖန်နှစ်သိမ့်လိုက်ရ၏။

စိတ်ထဲတော့ နည်းနည်းမှမကောင်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

"ဘာပြောစရာရှိသေးလို့လဲ နေနေ"

ညစာစားပြီး ဧည့်ခန်းထဲမှာ ခဏတစ်ဖြုတ် စကားထိုင်ပြောနေစဉ် အရင်ကလို သူမအခန်းရှိရာ မသွားသေးဘဲ မယောင်မလည်လုပ်နေသော သူမကို မေမေက ခပ်မှန်မှန်အသံနှင့် မေးခွန်းထုတ်လိုက်လေသည်။

စကားနည်းသလို အနေအထိုင်အေးဆေးသော ဖေဖေက နေမခကို တစ်ချက်သာမော့ကြည့်ပြီး စာစောင်





ကို ပြန်ငုံ့ဖတ်နေ၏။

နိုင်ဇေယျက အလိုက်တသိပင် TV ကို အသံတိုးပေးလိုက်သည်။ ကာတွန်းဇာတ်လမ်းပေမယ့် စိတ်ဝင်စားစရာကောင်းပြီး Computer အထူးပြုလုပ်ချက်တွေက ကောင်းမွန်သေသပ်လှတာမို့ ထိုဇာတ်လမ်းတွဲလာတိုင်း နိုင်ဇေယျ မပျက်မကွက် ကြည့်နေကျလည်း ဖြစ်သည်။

ကိုယ့်အခန်းထဲ ပြန်ရောက်မှ ကြည့်ချင်ရာအခွေကြည့်ရသလို ဧည့်ခန်းထဲမှာတော့ TV အစီအစဉ်တွေကိုသာ ကြည့်ခွင့်ရသော ဖေဖေ့စည်းကမ်းကလည်း တစ်မျိုးပါပေ။

"နေ ဖုန်းပြန်လိုချင်တယ် မေမေ"

နေနေ့အသံက တိုးတိုးလေးထွက်လာသည်။ မေမေက နှုတ်ခမ်းလေး တွန့်သွားရုံ ဆတ်ခနဲမဲ့သည်။ ထို့နောက် ဘာမှမပြောဘဲ နိုင်ဇေယျမျက်နှာကို လှမ်းကြည့်၏။

ဖေဖေကတော့ စာထဲ အာရုံစိုက်နေသည်မို့ ကြားလား မကြားလား မဆိုတတ်။ ဘာမှတော့ ဝင်မပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဖုန်းပြန်လိုချင်ရတာလဲ နေနေ။ ကျောင်းမှာ လက်ကိုင်ဖုန်းမသုံးတဲ့ကလေးတွေ ဒုနဲ့ဒေး။ ပြီးတော့ သားနဲ့သမီးက ကျောင်းကို အိမ်ကကားနဲ့သွားတယ်။ အတန်းပြီးရင် ပြန်လာတယ်။ ဘယ်အချိန် ဖုန်းပြောစရာရှိလဲ။ စာသင်ခန်းထဲမှာလည်း ဖုန်းက ပိတ်ထားရတဲ့ဟာ"

နေမခ ခေါင်းကိုပို့ပြီးငုံ့ချမိရင်း နှုတ်ခမ်းထောင့်စွန်းလေးကို ခပ်နာနာဖိကိုက်ထားလိုက်မိသည်။ ဒါဆို ဘာလို့ ကိုကို့ကိုကျတော့ ဖုန်းပေးထားလဲလို့ မေးလိုက်ချင်သည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ နေ ထိုစကားကို ပြောခွင့်မရှိပါချေ။

အခုတလော ပြေကို နေ အရမ်းတွေ့ချင်မိသည်။ မတွေ့ရတာ ထားဦး။ အရင်လို စကားလေးတွေ ပြောခွင့်ရချင်နေမိ၏။

ကျောင်းမှာ ကိုကိုက နေ့ကို မျက်စိဒေါက်ထောက်လိုက်မကြည့်နေသော်လည်း ပြေကတော့ ကျောင်းကို





မလာ။ သူကိုယ်တိုင် ဆယ်တန်းမအောင်တာမို့ တက္ကသိုလ်ပတ်ဝန်းကျင်ကိုတော့ အတန်ငယ်ရှိန်ကြောက်နေရှာသည်။

ဘာပဲဖြစ်ဖြစ် နုနယ်လွန်းတဲ့ နလုံးအိမ်မှာ တွယ်ငြိနေတဲ့ သံယောဇဉ်ကြိုးက ဖြုတ်ရ နုတ်ရခက်လွန်းသည်။ သူ့ဟာသူ ဘယ်လောက်ပဲဆိုးဆိုး နေ့ကိုတော့ တုန်နေအောင် ချစ်သည်။ သူတွဲသမျှ မိန်းကလေးတိုင်းနှင့်မတူ နေ့ကို တန်ဖိုးထားတာ နေ အသိဆုံးပေါ့။

အချစ်က အပြစ်အနာအဆာအားလုံးကို မှေးမှိန်ပျောက်ကွယ်သွားစေနိုင်လေသည်။ ကိုယ်တိုင်က ချစ်သွားမိတော့လည်း ဘာဆိုဘာမှ အပြစ်မတင်ရက်တော့။

နေမကြိုက်တာ တစ်ခုခုလုပ်ပြီးတိုင်း နေ စိတ်ကျေနပ်အောင် ချော့တတ်တာလေးကပင် ပြေရဲ့ချစ်စရာအကောင်းဆုံးအကျင့်။ ဥပမာ - စီးကရက် သောက်တာတွေ့တိုင်း နေ စိတ်ကောက်လျှင် သူက ဘယ်တော့မှ မသောက်တော့ပါဘူး ဟု အတန်တန်ကတိပေးသည်။

ပြီးတော့လည်း မသောက်ဘဲမနေ။ နေက မြင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် စိတ်ကောက်မည်။ သူက ပြန်ချော့မည်။

အဲလိုနဲ့ သံသရာလည်နေရာက သူ့ရဲ့ အညှုအစွဲတွေ၊ တီတီတာတာ ချောတတ်တဲ့စကားတွေအောက်မှာ နေရဲ့အသည်းရိုင်းလေးက ပျော့ကျလုလုဖြစ်နေရတာ။

ဒါတွေကို အလွယ်တကူ ဖယ်ခွာမေ့ပျောက်ဖို့ နေ့ အတွက် ခက်ခဲလွန်းလှ၏။

"သမီးကို ဖုန်းပြန်ပေးသုံးဖို့အတွက် စောလွန်းတယ်လို့ မေမေ ထင်တယ် နေမခ။ နောက် ဘယ်တော့မှ ဖုန်းလာပြန်မတောင်းမိစေနဲ့။ အဲဒါဆို ပြန်ရဖို့ ပိုဝေးသွားလိမ့်မယ်။ မေမေကိုယ်တိုင် လိုလိုလားလားနဲ့ ပြန်ပေးတဲ့ နေ့ကိုပဲ စောင့်နေပါ။ ဟုတ်ပြီလား"

စကားအဆုံး မေမေက ညှိခန်းထဲမှ ထသွားသည်။ နှစ်လှမ်းသုံးလှမ်းလျှောက်ပြီးမှ နောက်ပြန်လှည့်ကာ

"ကို . . . မအိပ်သေးဘူးလား"

ဟု ဖေဖေ့ကို လှည့်မေးလေသည်။ ဖေဖေက စာစောင်ကို ဖျတ်ခနဲပိတ်ပြီး လက်မှနာရီကို တစ်ချက် ငုံ့



ကြည့်သည်။

"စောတော့စောသေးတယ်ကွ။ မနက်ဖြန် အစည်းအဝေးတစ်ခုရှိသေးတယ်။ ဆေးသောက်ပြီး စောစောအိပ်မှ ဖြစ်မယ်။ သားနဲ့သမီးရော စာကျက်စရာမရှိဘူးလား။ ကလေးတွေကျနေတာပဲ ကာတွန်းကား ကြည့်နေရတယ် လို့"

ဖေဖေက နေ ငေးချင်ရာငေးနေတာကို TV ကြည့်နေသည်အမှတ်နှင့် ပြောရင်း ခေါင်းကို ဖွဖွလေး ပုတ်ကာ မေမေ့နောက်မှလိုက်သွား၏။

နိုင်ဇေယျ TV ကိုပိတ်ပြီး သူမကို လှည့်ကြည့်သည်။

"စိတ်ညစ်သွားလား ညီမလေး"

"စိတ်ကုန်နေတာ။ အဲလောက် ချုပ်ချယ်လွန်းတော့ နေ ကျောင်းတက်ချင်စိတ်တောင် မရှိတော့ဘူး။ ဆက်ပြောလည်း အရှုံခံရဦးမယ်။ စည်းကမ်းက ဒီထက်တောင် တင်းကျပ်လာဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းဖွဖွ ရှိုက်လိုက်မိသည်။

"ညီမလေး ဘာဖြစ်လို့ ဖုန်းပြန်လိုချင်ရတာလဲဆို
တာ ကိုကို မမေးတော့ပါဘူး။ ဒါပေမဲ့ တကယ်လိုအပ်ရင်
ကိုကို့ဖုန်းကို ယူထားလေ"

ကိုကို့စကားကြောင့် နေ တအံ့တဩမော့ကြည့်
လိုက်မိသည်။ သူ့ပုံစံက တမင်ပြောနေတာ မဟုတ်မှန်း
သိသာစွာ တည်ငြိမ်နေသည်။

"ကိုကိုက မသုံးဘူးလား"

"မသုံးဘူးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဖုန်းမရှိလို့
လည်း ထိခိုက်နစ်နာစရာမှ မရှိတာ။ အလုပ်ကိစ္စရှိရင်တော့
ဒါက မရှိမဖြစ်ပေါ့"

"နေ့အတွက်တော့ ထိခိုက်တယ် ကိုကို။ ကျောင်း
တက်ခါစက နေ့မှာ Hand Phone ရှိတယ်။ အခု မရှိတော့
ဘူးဆိုတော့ သူငယ်ချင်းတွေက တစ်မျိုးထင်ကြမှာပဲ"

"အဲဒါဆိုလည်း ကိုကိုပြောသလိုပဲ လုပ်လိုက်ပါ"

"ကိုကို့ဖုန်းတွေဝင်လာရင်ရော"





"ဘယ်ကမှ အထွေအထူးဝင်စရာမရှိပါဘူးကွာ။
သူငယ်ချင်းတချို့လည်း အကြောင်းရှိမှ ဆက်တာ။ ကျောင်း
မှာ နေ့တိုင်းတွေ့နေရတာပဲ။ မဆက်လောက်ပါဘူး"

သူ့စကားအဆုံး နေမခ မျက်နှာလေးက ဝင်းပ
သွားသည်။ ပါးချိုင့်ခွက်လေးပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက်
ပြုံးရင်း သူ့လက်မောင်းကို လာဖက်၏။

"ဒါမှ နေ့ကိုကို။ အဲလိုသဘောကောင်းလို့ သူငယ်
ချင်းတွေက နေ့ကို ယောက်မတော်ချင်နေတာ သိလား။
ကိုကို ကြိုက်ရင် ဘယ်သူ့မဆိုရွေးလို့ရတယ်နော်။ နေ
ကိုယ်တိုင်ရအောင် ကြိုးစားပေးမှာ သိလား"

သူမစကားကြောင့် နိုင်ဇေယျ ပြုံးရင်း သူမခေါင်း
လေးကို မနာကျင်အောင် ခပ်ဖွဖွလေး ထုလိုက်မိ၏။

"ငါ တကယ်ကြိုက်ရင် နင်ပြောပေးစရာမလိုပါ
ဘူး နေနေရာ။ ကိုယ့်ဘာသာလိုက်မှာပေါ့။ နင်သာ လိမ္မာ
အောင်နေ။ မိဘကို စိတ်ညစ်အောင် မလုပ်နဲ့ ကြားလား"

နိုင်ဇေယျက စသလို နောက်သလိုနှင့် ပြန်ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမက မျက်စောင်းလှဲ့လှဲ့ထိုးရင်း ပြုံးတုံ့တုံ့လုပ်ေ
လေသည်။ ကိုကို့လိုတော့ သားလိမ္မာ၊ လူရိုး လူအေးလေ
အဖြစ် မနေနိုင်ပါဘူးလို့လည်း စိတ်ထဲက တွေးနေမိ၏။





အခန်း ( ၆ )

ဒေါင်ကို့အဖေက သူတို့မြို့မှာ ပယောဂဆရာဟု ဒေါင်ကို ပြောပြချက်အရ သိရလေသည်။ သုံးခွမြို့က ဆရာဦးသံချောင်းဆိုတာလည်း သူ့ရဲ့ဘကြီးသုံးဝမ်းကွဲတော် သည်ဟု ဒေါင်ကိုက ပြောသည်။

သတ္တုလ၊ အုန်းနဲ့ဘက်က နာမည်ကြီး အထက် လမ်း၊ အောက်လမ်း စသော လမ်းကြိုလမ်းကြား လမ်းခွဆုံ ဆရာတို့သည်လည်း ဒေါင်ကိုနှင့် ဆွေမကင်း မျိုးမကင်း



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်၏။

ထို့ကြောင့် စကားတစ်ခွန်းပြောတိုင်း အောင်ကိုက တတ်ယောင်ယောင်၊ နတ်ယောင်ယောင်တွေ ထည့်ပြောတတ်လေသည်။ ဗေဒင် ယတြာကိုလည်း လွန်စွာယုံကြည်သူဖြစ်ရာ စာမေးပွဲဖြေတာကအစ ရည်းစားစာရေးတာအဆုံး နေရာတကာမှာ သူက အခါတော်ပေးလေ့ ရှိ၏။

ယခုလည်း ဝင်းဇော်က မြန်မာစာမှ ဆွေဇင်ဝင်းကို ရည်းစားစကားလိုက်ပြောမည့်ကိစ္စကို သူနှင့်တိုင်ပင်မိ၍ သူက မဖေတာက်တခေါက်တတ်သော ဗေဒင်အတိုအထွာကလေးနှင့် ဆရာလုပ်နေလေသည်။

"မင်းက ဗုဒ္ဓဟူးသားဆိုတော့ ဆွေဇင်ဝင်းနဲ့ မဖြစ်ဘူးကွာ"

စားပွဲကို လက်ညှိုးနှင့် တဒေါက်ဒေါက်ခေါက်နေရင်းမှ ကောက်ကာငင်ကာ ပြောချလိုက်သော အောင်ကို့စကားကြောင့် ဝင်းဇော် ဆတ်ခနဲ ခေါင်းထောင်လာသည်။

"ဘာဖြစ်လို့လဲကွ"





ခပ်ဆတ်ဆတ်မေးလိုက်သော ဝင်းဇော့်အသံကြောင့် အောင်ကိုက သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းညိတ်၏။ ပြီးမှ ဆရာကြီးလေသံမျိုးနှင့် . . .

"ဒါက ဒီလိုရှိတယ်ကွ။ မင်းက ဝင်းဇော်ဆိုတော့ ဗုဒ္ဓဟူး။ ဆွေဇင်ဝင်းဆိုတော့ စ၊ ဆ၊ ဇ၊ ဈ၊ ည အင်္ဂါသမီးလေကွာ။ ဗုဒ္ဓဟူးနဲ့အင်္ဂါက တည့်မှမတည့်တာ။ အင်္ဂါနဲ့ဗုဒ္ဓဟူးဆိုတော့ ဘယ်လိုပြောမလဲ။ ခြင်္သေ့နဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီး ရန်ဖြစ်ကြတယ်ပေါ့ကွာ"

"ကြားဖူးပါဘူးကွာ။ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့တာပါ။ ပြီးတော့ ဗုဒ္ဓဟူးနဲ့ တနင်္ဂနွေမတည့်ဘူးပဲ ပြောကြတာ"

ဝင်းဇော်ကလည်း တစ်ကွက်ကလေးမှ အကျောမခံ။ ကက်ကက်လန်အောင် ပြန်ငြင်းလေသည်။ အောင်ကိုက ခေါင်းတဆတ်ဆတ် ညိတ်နေရင်းမှ တယမ်းယမ်းခါနေပြန်၏။

"မင်း ဘယ်လောက်သိလို့လဲ ဝင်းဇော်ရ။ မွေး၊



www.burmeseclassic.com

www.burmeseclassic.com



သောက၊ အင်းဝ၊ ရာဇာ ဆိုတာရော ကြားဖူးလို့လား"

အောင်ကို့စကားအဆုံး ဝင်းဇော်က မဲ့ရွဲ့ရင်း . . .

"ကြားဖူးရုံတင်မကဘူး။ ရုံမှာ ကိုယ်တိုင်သွား ကြည့်လာတာ။ အဲဒါ လူမင်းနဲ့ နန္ဒာလှိုင်ပါတဲ့ ဇာတ်ကား။ နော် . . . ဟောကောင်။ ငါ့ကို အချဉ်မမှတ်နဲ့"

ဟုပြောလိုက်ရာ အောင်ကို ဘာဆိုလိုတယ်ဆို တာ ရိပ်မိသော ဝေယာင်မှာ ရေနွေးတွေသီးကာ ဖွီးခနဲ ထွေး ထုတ်လိုက်ရလေ၏။

"မင်းကြီးတော်ဇာတ်ကားကို ပြောတာ မဟုတ် ဘူးကွ။ အိမ်ထောင်မပြုသင့်တဲ့နေ့နံတွေကို အတိုကောက် တွဲပြထားတဲ့ စာချိုးကိုဆိုပြတာ။ မွှာ၊ သောက၊ အင်းဝ၊ ရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့ နားလည်လား"

အောင်ကို့ရဲ့ သဗောက်သပာမ်းပြုမှုကြောင့် ဝင်း ဇော် မျက်နှာလေး ငယ်သွား၏။

"မသိလို့ သိတာပြောတာပေါ့ကွာ။ မင်းကလည်း"

အားလုံးငြိမ်သက်နေသဖြင့် အောင်ကို ပိုပြီးအရှိန်

●——မြှုပ်သော——●



ရသွားသည်။ ဖြစ်ချင်တော့ တခြားဝိုင်းတွေက စကားသံ တွေကလည်း ခပ်တိုးတိုးမို့ အောင်ကို့အသံက တစ်ဆိုင်လုံး မှာ အအောင်မြင်ဆုံးဖြစ်နေတော့၏။

"မသိရင်မှတ်ထား။ မွှာဆိုတာ စနေနဲ့ကြာသပ တေး၊ သောကဆိုတာ သောကြာနဲ့တနင်္လာ၊ အင်းဝဆိုတာ လေဆော . . . အဲ . . . ဟုတ်ပေါင်။ တနင်္ဂနွေနဲ့ဗုဒ္ဓဟူး။ ရာဇာဆိုတာ ဗုဒ္ဓဟူးနဲ့အင်္ဂါ . . . အဲဒါပဲ မင်းတို့အတွဲက အဲဒါပဲ။ ရာဇာကွ . . . ရာဇာ"

ကိုယ့်နာမည်ကို အကျယ်ကြီး အော်ခေါ်လိုက် တာမို့ ရာဇာထက် ဆိုင်ထဲကို ဝေ့ဝဲကြည့်လိုက်သည်။ မျက် နှာချင်းဆိုင်မှာ ထိုင်နေသော နိုင်ဇေယျက စာအုပ်ကို သဲ ကြီးမဲကြီး ဖတ်နေရာမှ သူ့ကို မော့ကြည့်သည်။

"ဘာလဲ ရာဇာ"

"ငါ့ကို ခေါ်လိုက်သလားလို့"

ရာဇာထက် စကားကြောင့် နိုင်ဇေယျပင် ဟိုဟို ဒီဒီ လှည့်ပတ်ကြည့်မိသွား၏။ ထိုစဉ်မှာပင် . . .

●——မြှုပ်သော——●

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီကောင်ခက်နေပြီ။ ရာဇာပါဆို"

"ဟော . . . ခေါ်တယ်ကွ။ ကြားလား"

အသံလာရာအရပ်သို့ လှည့်ကြည့်တော့ သိပ်အဝေးကြီးကမဟုတ်။ ကျောချင်းကပ်အနေအထား တစ်ဝိုင်းကျော်မှဖြစ်သည်။

ရာဇာထက်ရော သူပါ လှမ်းကြည့်ပြီး မျက်မှောင်ကြုတ်လိုက်မိ၏။

ထိုဝိုင်းမှာ သူတို့သိသူတွေ တစ်ယောက်မှမပါ။ တစ်ယောက်က အသားဖြူဖြူ၊ အရပ်ပုပု၊ တစ်ယောက်က အသားလတ်လတ်၊ နှာခေါင်းပွပွနှင့် မျက်နှာမှာ ဝက်ခြံဗရဗျစ်ရှိပြီး လူပေါ်ရုပ်ပေါက်နေသူ၊ ကျန်တစ်ယောက်ကတော့ အသားညိုညို၊ မျက်ခုံးကောင်းကောင်းနှင့် မအူမလည် တောသားရုပ်မျိုးပင်။

"မင်းကိုသိလို့လား မသိဘူး"

"ငါတော့ သူတို့ကို မသိဘူး။ ခေါ်တာတော့ ခေါ်လိုက်တယ်နော်"



"အင်း"

နိုင်ဇေယျ သူတို့ကိုအကြည့်လွှဲပြီး စာအုပ်ကို ပြန်ကြည့်တော့ ရာဇာထက်ကလည်း ခေါင်းယမ်းရင်း အအေးငုံ့သောက်နေသည်။

ပိုက်ထဲကအအေးမှာ နှုတ်ခမ်းနားမရောက်လိုက်

"အဲဒါ ရာဇာပေါ့ကွ တော်းရ" ဟူသော ဒေါသမာန်ပါပါအသံကြောင့် သူ စိတ်တိုသွားမိသည်။

ခေါ်ပြန်ပြီ ဒီနာမည်။ ပြီးတော့ မသိချင်ယောင်ဆောင်ပြီး စကားများသလိုလို လုပ်နေသည်။

ဒီလိုတော့ လာစားမယ်မကြံနဲ့။

ရာဇာထက် ထိုင်ရာမှ ဝုန်းခနဲထရပ်တော့ နိုင်ဇေယျက အထိတ်တလန့် မော့ကြည့်၏။

"ဘယ်ဿဲ ရာဇာ"

"ငါ့နာမည်ခေါ်ပြီး လာစားနေလို့ သွားကော်မလို့"

"မလုပ်ပါနဲ့ကွာ။ ကလေးတွေပဲ လျှော့လိုက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်တာတွေ ဖွပ်တာတွေ မသိဘူးကွာ။ ဘာလဲ လူကို အသားလွတ် လာပြီနေတာ"

ပြောပြောဆိုဆို ရာဇာထက်က ထိုစားပွဲသို့ ထွက်သွားတာမို့ နိုင်ဇေယျပါ နောက်က အပြေးအလွှား ထလိုက်ရသည်။ ကျောင်းသားအချင်းချင်း စကားများ ရန်ဖြစ်ကုန်လျှင် မကောင်းတာမို့ ဖျန်ဖြေရအောင် လိုက်သွားခြင်းပါ။

ဟိုရောက်တော့ ငနဲလေးတွေက ရာဇာထက် စိတ်တိုမယ်ဆိုလည်း တိုချင်စရာ။ မှင်သေသေ နှင့် စကားဖောင်ဖွဲ့နေကြ၏။

"ဒီမှာ . . . ငါ့ညီ"

စိတ်တိုနေပေမယ့် ရာဇာထက်က အပြောအဆိုတော့ ညက်သည်။ ဒေါသကို အတတ်နိုင်ဆုံးထိန်းထားပုံမျိုးပင်။

အသံကျယ်လှသောကောင်လေးက ရုတ်ခြည်းမော့ကြည့်သည်။

မျှဝေသော



"ဘာလဲ အစ်ကို။ ကျွန်တော့်ကို ခေါ်တာလား"

"အေး . . . မင်းကိုခေါ်တာ။ မင်းမျက်နှာကိုကြည့်ပြီး ခေါ်နေတာ။ နောက်ကွယ်ကနေ မကြားတကြား ခေါ်ပြီး မသိချင်ယောင်ဆောင်တာ မဟုတ်ဘူး"

ရာဇာထက်စကားကြောင့် ဂျပုလေးက ဟီးခနဲရယ်သည်။

"ကျွန်တော် သိပါတယ် အစ်ကိုရ။ ဒီလောက်ရှင်းပြနေစရာမလိုပါဘူး"

"လိုလို့ပြောတာပေါ့ကွ။ မင်း ဘာကိစ္စ ငါ့နာမည်ခေါ်ပြီး လာစားနေတာလဲ"

ရာဇာထက်အသံက မာသည်။ သုံးယောက်လုံးမျက်လုံးပြူးလေးတွေနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

ဒါကိုပဲ ဟန်ဆောင်ကောင်းနေသည်ထင်ပြီး ရာဇာထက်က ရှူးရှူးရှားရှား ဒေါသတွေဖြစ်နေ၏။

သူတို့သုံးယောက်ထဲမှ အသားညိုညို၊ မျက်ခုံး

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းနှင့် အရှုကြောင်ကြောင်ပုံစံထွက်နေသော ကောင်လေးက ရာဇာထက်ကို မော့ကြည့်ပြီး . . .

"ကျွန်တော်တို့ အစ်ကို့နာမည်နဲ့ လာစားတာ မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ လက်ဖက်ရည် တစ်ယောက် တစ်ခွက်စီပဲ သောက်ထားတာပါ။ အဲဒါလည်း ကိုယ့်ပိုက်ဆံနဲ့ကိုယ် ရှင်းကြမှာပါ . . . နော် . . . ဝင်းဖော်"

ဟု သူ့ဘေးက တစ်ယောက်ကိုပင် အဖော်ညှိသလိုပြောလိုက်သေး၏။ ထိုအခါ ဝက်ခြံဗရပျစ်နှင့်နှာခေါင်းပွပွကောင်လေးက ပျာပျာသလဲ ခေါင်းညိတ်လိုက်လေသည်။

"အဲဒါတွေ စားတာ သောက်တာကို ပြောတာ မဟုတ်ဘူးကွ။ မင်းတို့ ခုနက ငါ့ကို လှမ်းခေါ်ပြီး မသိချင်ယောင်ဆောင်နေလို့။ အဲဒါ ဘာဒုသဘောလဲ"

"ဟာ . . . ကျွန်တော်တို့ အစ်ကို့နာမည်ကို မသိပါဘူး။ ခေါ်လည်း မခေါ်မိပါဘူး"

ဂျပုက ပြောင်ကျကျ ငြင်းနေတော့၏။

●——ရွှေပေသော——●



"ဘာလို့မခေါ်ရမှာလဲ။ မင်း ငါ့နာမည်ကို ခေါ်တယ်။ ပြီးတော့ ငတုံးလို့လည်း ပြောသေးတယ်"

"ဟင် . . . အစ်ကို့နာမည်က ငတုံးလား"

"ဘာကွ"

ရာဇာထက်အော်သံကြောင့် သုံးယောက်သား ယိမ်းကသလို နောက်ကို တညီတညာတည်း တွန့်သွားကြ၏။

နိုင်ဖေယျပင် စိတ်မရှည်ချင်တော့။

"ဒီမှာ . . . မင်းတို့ သူ့နာမည်ကိုခေါ်တာ ကိုယ်လည်း ကြားတယ်။ နောက်ကို ဒီလိုမနောက်ပါနဲ့။ စကားမများချင်ဘူး။ ကလေးအထာတွေ မလုပ်ပါနဲ့ကွာ"

"ဟာ . . . မဟုတ်သေးဘူး အစ်ကို။ ကျွန်တော်တို့ ဒီက အစ်ကို့ကို လုံးဝမခေါ်ဘူးနော်။ ကျွန်တော်တို့ ဒီမှာ အရေးကြီးကိစ္စပြောနေတာ"

"ဒါဆို . . . ရာဇာ . . . ရာဇာလို့ အော်တဲ့ကိစ္စကရော"

●——ရွှေပေသော——●

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အဲ . . . အဲဒါ"

"အဲဒါ ငါ့နာမည်ကွ။ ငါ့နာမည်က ရာဇာထက်"

"ဟင်"

အားလုံး တအံ့တသြဖြစ်သွားပုံနှင့် ငြိမ်သက်သွားကြလေတော့၏။ အတန်ကြာမှ . . .

"ကျွန်တော် ရာဇာလို့အော်မိတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အစ်ကို့နာမည်မှန်းလည်း မသိပါဘူး။ ကျွန်တော်က ဓမ္မာ၊ သောဏ၊ အင်းဝ၊ ရာဇာဆိုတဲ့ ရန်ဖက်နေ့နံတွေအကြောင်း ဒီကောင့်ကို ရှင်းပြနေတာပါ"

ဟု မျက်နှာငယ်လေးနှင့်ပြောလိုက်တာမို့ ရာဇာရော သူပါ ရှက်အမ်းအမ်းဖြစ်သွားရလေတော့၏။

"ဒါဆိုလည်း တိုးတိုးပြောပေါ့ကွာ။ တကတည်း အထိတ်တလန့်ဖြစ်အောင်"

"ဟုတ်ကဲ့ . . . ကျွန်တော် တိုးတိုးပဲပြောပါ့မယ်"

ထိုကောင်လေး၏စကားအဆုံး သူတို့ ထိုနေရာမှ လှည့်ထွက်လာခဲ့လေတော့သည်။

●——ရှုမဝ——●



"တော်တော်ကြောင်တဲ့ကောင်တွေ"

ရာဇာဆိုသောလူက မတိုးမကျယ် ရေရွတ်သွားတာမို့ အောင်ကိုက မသိမသာပခုံးတွန့်ရင်း စကားကို ပြန်ဆက်သည်။ အောင်ကို့မျက်နှာက အားနာလို့လိုက်လျောတာ အ,တယ်တော့ မထင်နဲ့ဟု ပြန်ပြောချင်နေပုံမျိုးပင်ဖြစ်၏။

တိုးတိုးပဲပြောပါ့မယ်ဆိုပေမယ့် အသံကျယ်တဲ့လူရဲ့ အကျင့်အတိုင်း ဘယ်လောက်ထိန်းထိန်း မူရင်းအနေအထားသို့ ချက်ချင်းပြန်ရောက်သွားတော့၏။

"ဒါပေမဲ့ ငါကတော့ ဆွေဇင်ဝင်းကိုပဲ ကြိုက်တယ်။ နာမည်ကြည့်ရုံနဲ့ စနေတွေ၊ အင်္ဂါတွေ တပ်အပ်ပြောလို့မရဘူးကွ။ ငါတို့ရွာက ဦးစိုးလှိုင်နဲ့ဒေါ်တင်ညွန့်ဆို ဦးစိုးလှိုင်က စနေတဲ့။ ဒေါ်တင်ညွန့်က သောကြာကွ"

ဝင်းဇော်စကားအဆုံး ဝေဟင်က 'ဟုတ်တယ် အောင်ကိုဟု ဆိုရင်း ဝင်ထောက်ခံ၏။

"ဟုတ်တယ် . . . ငါလည်း အမေပြောတာကြား

●——ရှုမဝ——●

www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်။ တချို့က ကိုယ့်သားသမီးတွေကို သူများက ပညာနဲ့ပြုစားမှာကြောက်လို့ နေ့သင့် နံသင့် မပေးဘဲ တခြားနေ့နံ လွှဲပေးကြတာတဲ့။ ဆွေဇင်ဝင်းလည်း အင်္ဂါမဟုတ်ဘဲ သောကြာသမီးတို့ဘာတို့ ဖြစ်နိုင်တာပဲ နော်"

"အေးလေ"

အောင်ကိုက အတိုင်အဖောက်ညီနေသော ဝေဟင်နှင့် ဝင်းဇော်ကိုကြည့်ပြီး အမြင်ကပ်ဟန်နှင့် နှာခေါင်းရှုံ့လေသည်။ သူပြောချင်တာ အောင်အောင်မြင်မြင်ပြောခွင့်မရတော့ နောက်တစ်မျိုးလှည့်ပြန်၏။

"နာမည်တွေမှာ ကောင်းကျိုးဆိုးကျိုးတွေ ရှိတယ်ကွ သိလား။ နာမည်ကလည်း ပေးတတ်ဦးမှ။ ပညတ်သွားရာ ဓာတ်သက်ပါတယ်ဆိုတာ ယုံလား"

"ဘာ . . . ဓာတ်တွေသွားတာ ဟုတ်လား"

နားစွန်နားဖျားသာ ကြားလိုက်သောကြောင့် ပြန်မေးလိုက်မိသော ဝေဟင့်ကို အောင်ကိုက မျက်စောင်း ထိုးလေသည်။



"ဘာဓာတ်တွေသွားတာလဲ။ ဓာတ်သက်ပါတယ်လို့ ပြောတာ"

"ဒါကတော့ ဒါပေါ့ကွာ။ ဘုရားဟောဇာတ်နိပါတ်တွေထဲမှာတော့ နာမည်ဆိုတာ ပညတ်တစ်ခုပဲ။ လူရဲ့ကံကို မလွှမ်းမိုးနိုင်ပါဘူး။ မောင်ငွေရဆိုပြီး ဆင်းရဲနေတဲ့လူ ရှိသလို မရွှေခင်ဆိုပြီး မွဲနေတဲ့လူတွေလည်း တစ်ပုံကြီးပဲကွ။ တကယ်တော့ နာမည်နဲ့ဘာမှမဆိုင်ပါဘူး။ ငါတို့ရွာမှာဆို ဦးပိန်ဆိုတဲ့လူက ဝလိုက်တာ ဗိုးလို့။ တုတ်ကြီးဆိုတဲ့လူကျတော့လည်း မည်းပိန်ခြောက်နေတာပဲ။ အဲလိုမလိုက်ဖက်တဲ့ နာမည်တွေ နည်းတာမှမဟုတ်တာ"

ကိုယ့်အကွက်ထဲဝင်လာပြီမို့ ဝေဟင်က သိသလောက် မှတ်မိသလောက် ကြားဖူးနားဝလေးတွေနှင့် ပြန်ချေပလိုက်သည့်အခါမှာတော့ အောင်ကို နည်းနည်းငိုင်သွားသည်။ ဒါပေမဲ့ သူကလည်း နယ်နယ်ရရတော့မဟုတ်။

"ဒါပေမဲ့ နာမည်စီးတယ်ဆိုတာ မင်းတို့ကြားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

"ဘာ"

"နာမည်စီးတာလေ"

ဝင်းဇော်က မျက်မှောင်ကြုတ်ရင်း စဉ်းစားသ ယောင် ပြုပြီးမှ ခေါင်းလေးစောင်းကာ . . .

"နာမည်စီးတယ် ဟုတ်လား။ နာမည်က ဘာကို စီးတာလဲ"

"လူကိုစီးတာပေါ့ကွ"

အောင်ကို့စကားအဆုံး ဝေဟင်က နံကို လက်ဝါး နှင့်တစ်ချက်ပုတ်လိုက်သည်။

"ဟာ . . . အဲဒါတော့ ငါ ကြားဖူးတယ်ကွ။ ငါတို့ ရွာမှာ လေ။ ငါး၊ ခြောက်တန်းနှစ်က ရန်ကုန်က ကောင်မ လေးတစ်ယောက် ပြောင်းလာတာ ကျောင်းလာတက်တာ ပေါ့။ သူ့နာမည်က မိုးကမ္ဘာတဲ့။ အရမ်းရှုပ်ရှုပ်တာ။ ငါ့အမေ ပြောတာတော့ နာမည်စီးနေတာတဲ့။ ဘာမှမကြာလိုက်ဘူး တိုက်ဖွိုက်နဲ့ဆုံးသွားတယ်။ နာမည်က လူကိုစီးလိုက်တာ





လား၊ လူကပဲ နာမည်ကို စီးလိုက်သလားတော့ မသိဘူး။ သူ့ကျောင်းလာရင်တော့ သူ့အစ်ကိုစက်ဘီးနောက်က ထိုင် စီးလာတာပဲ . . . ဟဲ . . . ဟဲ"

"အေး . . . အဲဒါပဲ ငါပြောချင်တာ အဲဒါ။ ဝေဟင် မင်း မဆိုးဘူး။ ဗဟုသုတစုံတယ်"

ရှားရှားပါးပါး အောင်ကိုက ဝေဟင့်ကို ချီးကျူး စကားဆို၏။

အကြောင်းအရာတစ်ခု အစချီတိုင်း ဝေဟင်က ငါတို့ရွာမှာလေ ဟူပြီး စကားစကာ သူ ကြားဖူးသမျှတွေကို စီကာပတ်ကုံးပြောပြလေ့ရှိလေသည်။

"တကယ်တော့ ဝေဟင်ဆိုတဲ့နာမည်ကလည်း ဘာမှမဟုတ်ဘူးထင်ရပေမယ့် အဓိပ္ပာယ်ရှိတယ်ကွ"

အံမယ် . . . လာ.လာရှည်းသေးတော့။

"ဝေဟင်ဆိုတဲ့နာမည်က မြင့်တယ်ကွ။ မင်းကို မြင့်တင်ပေးမယ့်နာမည်၊ အာကာတို့ ဝေဟင်တို့ဆိုတာ အမြင့်ဆန်တဲ့နာမည်တွေ။ ဝေဟင်တဲ့။ တစ်လုံးရှင်းခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ဝေရယ်၊ ဟင်ရယ် ဘာမှအမိပ္ပာယ်မရှိဘူး။ ဝေဟင် လို့ခေါ်ရတာ အာမထိ လျှာမထိနဲ့ အားပျော့တယ်။ ဒီတော့ မင်းနာမည်ကို အာကာဝေဟင်လို့ ပြောင်းလိုက်။ ဒါဆို ကောင်းသွားမယ်"

"တော်စမ်းပါကွာ"

ဝင်းဇော်က နားထောင်နေရင်းမှ တခွိခွိထရယ် သည်။

"အဟုတ်မှတ်လို့ နားထောင်နေတာ။ မင်းက တစ်မျိုး"

"အကောင်းပြောတာပါကွ။ မင်းက အာကာ ဝေဟင်။ ဟိုက နေမခ ဘယ်လောက်လိုက်ဖက်ညီသလဲ"

အောင်ကိုက အသံကျယ်ကြီးနှင့်အော်လိုက်တာမို့ ဝေဟင် ရှက်ကိုးရှက်ကန်းဖြစ်သွားမိသည်။ မလုံမလဲရှက် စိတ်နှင့် ဆိုင်တွင်းသို့ ဝေ့ဝဲကြည့်တော့ ခုန ရာဇာထက်နှင့် တစ်ဝိုင်းတည်းမှာထိုင်နေသောလူက ဒီဘက်ကိုလှည့် အကြည့်နှင့် ဆုံသွားရလေသည်။



ဝေဟင်က သွားကလေးဖြဲကာ ဟီးခနဲ ရယ်ပြ လိုက်သည်။ သူ အဲလိုမျက်နှာချိုသွေးလိုက်မှ တစ်ဖက်က လူ ပိုပြီးမျက်မှောင်ကြုတ်သွားသည်။

ထို့နောက် ဆတ်ခနဲ မျက်နှာလွှဲသွားလေတော့၏။

"ဘယ့်နှယ်ပါလိမ့်"

ဝေဟင် ဘုမသိ ဘမသိနှင့် ဘုကြည့်ကြည့်တာ ခံလိုက်ရသည်။

အသံကျယ်လွန်းသော အောင်ကို့ကိုပဲ စိတ်ထဲက ကျိတ်ပြီး အပြစ်တင်လိုက်မိတော့၏။

သင်း မကောင်းလို့ . . . ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

စာသင်ခန်းထဲကထွက်လာပြီး ကော်ရစ်တာ ထောင့်ချိုးလေးတွင် ခဏရပ်ရင်း နေမခ ဖုန်းခလုတ်လေး တွေကို တစ်ခုချင်း ဖိနှိပ်ချလိုက်မိသည်။

ဒီနေရာလေးမှာ ဖြတ်သွားဖြတ်လာ ကျောင်းသူ ကျောင်းသားတွေ အတော်လေးရှင်းနေပေမယ့် နေ့လက် တွေက မသိမသာလေးတုန်ယင်ကာ တထိတ်ထိတ် ခုန်နေရ၏။



လွန်ခဲ့တဲ့နှစ်ရက်လောက်က စစ်ပြေငြိမ်းထံ Message ပို့ထားခဲ့ပေမယ့် ဘာမှအကြောင်းမပြန်တာမို့ ဖုန်းဆက်ရန် ကြိုးစားမိခြင်း ဖြစ်ပါသည်။

"တောက်"

နေ စိတ်မရှည်နိုင်စွာ တောက်ခေါက်လိုက်မိ၏။ ဘယ်နှခါ ထပ်ခေါ်ခေါ် လူကြီးမင်းနှင့်သာတိုးနေတာမို့ ဒေါသထွက်နေရသည်။

ပထမတစ်ခါက ဆက်သွယ်မှုဧရိယာပြင်ပ၊

ဒုတိယတစ်ခါက ခေတ္တစောင့်ဆိုင်းပြီးမှတဲ့၊

နောက်ဆုံးခေါ်တော့ စက်ပိတ်ထားပါသဖြင့်တဲ့။

နေ နှုတ်ခမ်းလေးပြုတ်ထွက်လုမတတ် ဖိကြိတ် ကိုက်ထားရင်း ရနိုးနိုးနှင့် ဖုန်းခေါ်ထားရင်း တစ်ဖက်က အသံတွေကို အတတ်နိုင်ဆုံး သည်းခံကာ စောင့်နားထောင် နေမိ၏။

အာရုံက ဖုန်းဆီမှာပဲမို့ ရုတ်တရက် နေ့ရှေ့ကို ဘွားခနဲရောက်လာသူကိုပင် ဘယ်သူမှန်းမသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ မော့ကြည့်မိမှ နေ လန့်သွားရတော့၏။

"နေ . . . နေမခ"

နေ ခဏတော့ ဘာမှန်းမသိ ကြောင်သွားမိသည်။ ပြီးမှ ဘယ်သူမှန်းချက်ချင်းလိုလို သတိဝင်လာတာမို့ နေ မျက်မှောင်ကြုတ်ရင်း မသိမသာ အံ့ကြိတ်လိုက်သည်။

"ဘာလဲ . . . ဘာကိစ္စလဲ"

"ကျွန်တော် နေမခကို ပေးစရာရှိလို့ပါ"

"ဘာ"

သူ့စကားကြောင့် နေ တအံ့တဩ မျက်ခုံးပင့်လိုက်မိ၏။ လူပုံကြည့်တော့ မအူမလည်။

ကော်လာကတုံးနှင့် ပုဆိုးက ခပ်တိုတို။

ကချင်လွယ်အိတ်နီကို ကြိုးမှာ ဖုထုံး ထုံးထားလိုက်သေးသည်။ အသားကလည်း ညို၊ မျက်ခုံးထူထူ နှစ်ခုက အမြင်ကပ်ဖွယ် မည်းမှောင်နေတာမို့ နေ နှာခေါင်း တစ်ချက်ရှုံ့ရင်း ဟွန့်ခနဲ မဲ့ပစ်လိုက်သည်။

"ကျွန်တော် နေမခကို ဒီပန်းလေးပေးချင်လို့ပါ"





"ဘာပန်းလဲ။ ဘာပန်းမှ မလိုချင်ဘူး။ ပန်းပန်တာလည်း ဝါသနာမပါဘူး"

ဘယ်လိုလူမှန်းလည်းမသိဘူး။ အသားလွတ်ကြီး လာပြီးပန်းတွေပေးလို့ပေး။ အမြင်ကတတ်ဖို့ကောင်းလိုက်တာ။

"ယူပါ နေမခရယ်။ ဒါ ဝယ်လာတာမဟုတ်ပါဘူး။ နေမခအတွက်ဆိုပြီး တကူးတက"

"အို . . . ရှင့်ဘာသာ ဝယ်လာတာ မဟုတ်လို့ ဘယ်ကပဲတောင်းလာလာ၊ ခိုးလာလာ မလိုချင်ပါဘူးဆို"

"ခိုးလာတာတော့ မဟုတ်ပါဘူးဗျာ။ ဒါ ကျွန်တော် နေတဲ့အဆောင်ရှေ့က စပယ်ရုံက ကျွန်တော်ကိုယ်တိုင် ခူးလာတာပါ။ မပန်ချင်လည်း ယူတော့ထားလိုက်နော်"

"မလိုချင်ဘူး ရှုပ်ရှုပ်ယှက်ယှက်"

"ရှုပ်တာမဟုတ်ပါဘူးဗျာ။ ကျွန်တော်က နေမခကို တစ်တန်းတည်းသားချင်းမို့ ခင်လို့ ပေးတာပါ"

မျက်နှာငယ်နှင့် စပယ်ပန်းကုံးတွေ အတင်းလာထိုးပေးနေသော သူ့ကိုကြည့်ပြီး နေ စိတ်ပျက်အံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ခနဲ စုတ်သပ်လိုက်မိ၏။

ထိုစဉ်မှာပင် စာသင်ခန်းထဲမှ နေ့သူငယ်ချင်း ကြည်ဖြူသက်နှင့် လွှမ်းရိပ်နွေတို့ ထွက်လာသည်။ နှစ်ယောက်လုံးက နေနှင့် အဆင့်အတန်းတူ၊ ရုပ်ရည်ချင်းလည်း မတိမ်းမယိမ်းရှိသော ခေတ်ဆန်ဆန် သူဌေးသမီးလေးတွေဖြစ်သည်။ တော်ရုံလူကို နှိမ်သည့်နေရာမှာတော့ နေ့ထက် နှစ်ဆလောက်သာပြီး အရိပ်အကဲခတ်တော်ကာ အလှည့်အပတ်ကျွမ်းသည့်နေရာမှာလည်း နေက ဆရာ ခေါ်ရ၏။

သူမတို့က နေတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်တာနှင့် စက္ကန့်ပိုင်းအတွင်းမှာပင် အခြေအနေကို သဘောပေါက်နားလည်သွားတာမို့ ဒေါက်မြင့်ဖိနပ်သံ တခွပ်ခွပ်ပေးကာ ခပ်သွက်သွက်လေး လျှောက်လာကြတော့လေ၏။

"ဟဲ့ . . . မိန်းမ ဒီမှာဘာလုပ်နေတာလဲ"

ဝေဟင် လန့်ဖျပ်ပြီးလှည့်ကြည့်လိုက်မိသည်။

●——ရွှေဥဒေါင်း——●



မိန်းကလေးအချင်းချင်း မိန်းမဟုခေါ်လိုက်သော ကောင်မလေးနှစ်ယောက်ကို သူ တအံ့တသြကြည့်လိုက်တော့ နှစ်ယောက်လုံးက လေတိုက်ရင် လဲတော့မယ့်အတိုင်း ပါးလှပ်လှပ်၊ ဖြူဖျော့ဖျော့ကလေးတွေဖြစ်နေပြီး မျက်လုံးပြူးပြူးလေးတွေကတော့ ဝေဟင့်ကို စိမ်းစိမ်းရှုရှုကြီး စိုက်ကြည့်အကဲခတ်နေတာ တွေ့လိုက်ရ၏။

"ဟယ် . . . နင်က ဒီမှာစပယ်ပန်းဝယ်နေတာလား။ အမေတော်ပဲ နေ။ ငါ့ကားမှာရိုတ်တဲ့ပန်းက နွမ်းနေပြီ။ အခု ဝယ်လိုက်တော့မယ်ဟာ"

"မဟုတ်ဘူး . . . ကျွန်တော်"

ဝေဟင့်စကားမဆုံးလိုက်။ ထိုကောင်မလေးနှစ်ယောက်က လက်ပံပင် ဆက်ရက်ကျသလို တစ်ယောက်တစ်သံ စွာလန်ကျဲကြတော့၏။

"ကဲပါရှင် . . . ဈေးမဆစ်ပါဘူး။ ကျသလောက်ပေးမှာပါ။ ဟဲ့ . . . နေ ငါ အကုန်ယူလိုက်မယ်။ နင် ပိုက်ဆံပေးလိုက်"

●——ရွှေဥဒေါင်း——●

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို လွမ်းရိပ်က သူ့လက်ထဲက စပယ်ပန်းကုံးကို ဆိုးဆိုးဆတ်ဆတ် ဆွဲယူပြီး နေ့ကို မျက်စိတစ်ဖက် မှိတ်ပြသည်။

နေလည်း တစ်ရန်ရှင်းပြီးရောသဘောနှင့် အိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ထုတ်ကာ သူ့ကို ကမ်းပေးလိုက်၏။ သူက မျက်နှာငယ်လေးနှင့် နေတို့သုံးယောက်ကို တွေကြည့်နေသည်။

"ယူလေ . . . ကျွန်မတို့သွားစရာရှိသေးတယ်"

ရုတ်တရက် တပ်လှန့်သလိုပြောလိုက်သော ကြည်ဖြူစကားအဆုံး ယောင်ယောင်မှားမှားနှင့် ပိုက်ဆံကို လှမ်းယူ၏။ နေ ရယ်ချင်သလိုဖြစ်သွားပေမယ့် မရယ်ဖြစ်အောင် ထိန်းထားလိုက်သည်။

ဝေဟင် တစ်ထောင်တန်အသစ်ကျပ်ချွတ်လေးကို ကိုင်ပြီး ကော်ရစ်တာထောင့်မှာ ခပ်ငိုင်ငိုင်ကျန်ခဲ့ရ၏။ လက်ထဲကို အငိုက်မိပြီးရောက်လာတဲ့ ပိုက်ဆံလေးပေမယ့် နေမခဆီကဆိုတဲ့အသိကြောင့် သူ ကျစ်ကျစ်ပါအောင်



ဆုပ်ထားမိလေသည်။

သူမနဲ့ပတ်သက်တဲ့ အမှတ်တရဆို ခြေဖဝါးနအောက်က မြေမှုန်လေးတွေပါ တယုတယသိမ်းချင်မိသည့်အထိ ဝေဟင့်စိတ်ကိုက အနုအလှတွေနှင့် ကဗျာဆန်ချင်လာသည်။

သူ ပိုက်ဆံတွေကို မချစ်တတ်ပါ။ ဒါပေမဲ့ နေမခပေးခဲ့တဲ့ ပိုက်ဆံကိုတော့ နမ်းမိလေသည်။ အချစ်ကြောင့် ရူးမယ်ဆိုလည်း သွက်သွက်ခါအောင် ရူးသွားစမ်းပါစေဟု သူ ရဲရဲဝံ့ဝံ့ တွေးမိ၏။

အချစ်ဆိုတာ ထိုသို့ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

"ငါထင်တော့ထင်သားပဲ"

ရာဇာ့စကားအဆုံး နိုင်ဇေယျက ထိုသို့မှတ်ချက်ပေးလေသည်။ ထို့နောက် နေခမတို့ သူငယ်ချင်းတစ်စု ထိုင်နေသော ကျောင်းသားနားနေဆောင်၏တစ်ဖက်ထောင့်အကွယ်တွင် ကုန်းကုန်းကွကွပုံစံနှင့် ချောင်းနေသော ဝေဟာင့်နောက်ကျောကို အသေအချာကြည့်လိုက်မိသည်။



ရာဇာ့ပြောပြချက်အရ သူ့နာမည်ဝေဟာင်ဆိုတာနှင့် ညီမလေးနှင့် တစ်ခန်းတည်း တစ်မေဂျာတည်း ဖြစ်ကြောင်း သူသိခဲ့ပြီးပြီ။

"ပုံစံကြည့်ရတာတော့ အူတူတူနဲ့ကွ။ သူက မင်းညီမကို ကြိုက်တယ်ဆိုတော့ . . ."

ရာဇာက တစ်စုံတစ်ရာမှတ်ချက်မချဘဲ ခေါင်းကိုဖြည်းလေးစွာ ယမ်းသည်။

ဝတ်ထားသော ကော်လံကတုံးရှပ်လက်ရှည်က ပြာတဲ့နေရာ ပြာ၊ ဖြူတဲ့နေရာ ဖြူနှင့် ပုဆိုးတိုတိုကြောင့် ကြည့်ရတာ အတော်လေး အရုပ်ဆိုးသော ဝေဟာင်ဆိုသည့် အူကြောင်ကြောင် ကျောင်းသားကို ကြည့်ကာ နိုင်ဇေယျမှာ ညီမအတွက် မစိုးရိမ်သည့်အပြင် ရယ်ချင်သလိုပင် ဖြစ်လာရ၏။

ယခုလည်းကြည့်။ ကိုယ့်ကိုယ်ကို ကျောင်းသားဆိုတာ သတိမှရရဲ့လားမသိ။

အကျီလက်ကို မာန်ပါပါဆွဲတင်ပြီး ဒူးနှစ်လုံးပေါ်

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ပြီး ရှေ့ကို ချောင်းနေပုံက နောက်ကနေ ဖနောင့်နှင့်သွားပေါက်ချင်စရာ။

"ဒီကောင် နေနေ့ကို အသည်းအသန်ချောင်းနေ တာကွ"

"ငါတို့ သွားဟောက်ပစ်ရအောင်"

"မလုပ်ပါနဲ့ကွာ။ သူ ဘာလုပ်မလဲ၊ စောင့်ကြည့်ရ အောင်"

နေကြာစေ့ထုပ်တွေ အချဉ်ထုပ်တွေ ပေါင်ပေါ် တင်ပြီး စကားကောင်းနေသော နေနေတို့အုပ်စုကလည်း တော်တော်နှင့် ထိုနေရာမှ ခွာမည့်ပုံမပေါ်သေး။

ရာဇာနှင့်နိုင်ဇေယျကတော့ စာသင်ဆောင်ရဲ့ ပထမထပ်ကော်ရစ်တာမှာရှိနေတာမို့ သူတို့တွေကို အပေါ် စီးက မြင်နေရ၏။

တော်တော်တော့ ဖွဲကောင်းမည့်ပုံပင်။

ကောင်မလေးတွေ ထိုနေရာမှမထမချင်း သူ လည်း ထွက်သွားမည့်ပုံမရှိချေ။ ကြာတော့ ညောင်းလာ





သည် ထင်၏။ ထိုနေရာမှာပဲ ဆောင့်ကြောင့်ထိုင်ကာ ခေါင်းလေးပြူပြီး ကြည့်သည်။ တော်တော်လေးကြာတော့မှ နေနေတို့သုံးယောက် ထိုင်ရာမှထပြီး ကန်တင်း(န်)ဘက် သွားသည့် လမ်းကလေးအတိုင်းထွက်သွားကြတော့၏။

"ဟော"

သူလည်း ထိုင်နေရာမှ သုတ်ခနဲထကာ သူမတို့ နောက် မလှမ်းမကမ်းမှ ပါသွားတာမို့ ရာဇာက ဟောခနဲ အာမေဍိတ်ပြုပြီး နိုင်ဇေယျကို လှည့်ကြည့်သည်။

ထိုလမ်းကလေးကနေ မိန်းလမ်းမဆီသို့ ရောက် သွားလျှင် သူတို့နေရာမှ မမြင်ရတော့တာမို့ ဆင်းလိုက် သွားရန် စိတ်ကူးကာ ရာဇာ့ကိုမေးဆတ်ပြတော့ ရာဇာက လည်း ခေါင်းညိတ်ရင်း ချက်ချင်းလိုက်လာသည်။

ဒေါသဖြစ်နေတာ၊ မကျေမနပ်ဖြစ်နေတာ မဟုတ် ဘဲ အထူးအဆန်းရယ်စရာတစ်ခုကို မြင်ရတော့မလို ခပ်မြူး မြူးဖြစ်နေသော နိုင်ဇေယျမှာ ခြေလှမ်းတွေလည်း အလိုလို သွက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာက သူ့ကို အံ့ဩသလိုကြည့်နေသည်။

စိတ်ထဲမှာလည်း သူ့လောက်ညီမကို ချစ်တ
လည်း သူပဲ။

ခုကျတော့လည်း အေးအေးဆေးဆေးပါပဲလား
တွေးလာမိ၏။

"ဟိုမှာကွ . . . နေနေတို့အုပ်စု ဦးပြောင်ဆိုင်မှ
အံမယ် . . . ဟိုကကြောင်လည်းရှိသေးတယ်။ ဖွဲ့တော
ကောင်းတယ်ကွ။ တစ်ကျောင်းလုံးပတ်လိုက်နေတာ ဖြစ်
မယ်။ လာ . . . ဒီကောင် ငါတို့ကိုသိတယ်။ နည်းနည်း
သွားစားရအောင်"

ရာဇာ့စကားကို သူ မငြင်းမိ။ ဆိုင်ထဲသို့ သူတို့
နှစ်ယောက် ဝင်သွားတော့ နေနေက မျက်လုံးပြူးလေးနှင့်
သူ့ကို လှမ်းကြည့်သည်။ နိုင်ဇေယျာက မခေါ်နဲ့ဆိုသည့်
သဘောနှင့် မျက်စိမှိတ်ပြခဲ့ပြီး ဝေဟင်ထိုင်နေသည့် ဝိုင်းသို့
လျှောက်သွား၏။

ဝေဟင်က သူတို့နှစ်ယောက်ကို တအံ့တဩမော့





ကြည့်ပြီး ချက်ချင်းမှတ်မိသွားပုံနှင့် ရယ်ပြလေသည်။

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ . . . ဒါနဲ့ အစ်ကိုက ရာဇာနေဝင်း။
ဟုတ်ပါဘူး။ ရာဇာဝင်းသိန်းလား၊ ရာဇာဝင်းတင့်လား၊ ဟို
နေ့က တွေ့ခဲ့တဲ့အစ်ကိုနော်"

ဝင်ဝင်ချင်းဆောက်နှင့်ထွင်းဆိုသလို အပေါက်
အလမ်း မတည့်စွာ နှုတ်ဆက်လိုက်ပုံကြောင့် ရာဇာထက်
မျက်နှာက ရှုံ့မဲ့ကျသွားသည်။ သူနဲ့တွေ့မှ ရုပ်ရှင်မင်းသား
ရော၊ ဘောလုံးသမားရော၊ အဆိုတော်ရော အစုံဖြစ်ကုန်
တော့၏။

"မှတ်မိသားပဲ"

"ကျွန်တော်က မှတ်ဉာဏ်ကောင်းတယ်"

နိုင်ဇေယျ ခုံတွင်ဝင်ထိုင်ပြီး ဖွဲ့လည်း ကောင်းပါ
တယ်ဟု စိတ်ထဲက ပြောလိုက်မိလေသည်။

သူတို့နှစ်ယောက်လုံး သူနှင့်မျက်စောင်းထိုးနေရာ
တစ်ဖက်စီမှာ ဝင်ထိုင်တာမို့ အံ့ဩသွားပုံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်လုံးမှာ ခုံလွတ်နေရာ ွတ်တွေ ရှိနေတာတောင် သူ တစ်ယောက်တည်း ထိုင်နေတဲ့ဝိုင်းကို ရွေးပြီးလာထိုင်သည့်အတွက် ကြောင်အမ်းအမ်းဖြစ်သွားကာ သူ့ရှေ့မှ မရောက်ရသေးသည့် လိမ္မော်ရည်ပုလင်းကို မေးဆတ်ပြရင်း သောက်ပါဦးလားဟု လောကွတ်ပြု၏။

နိုင်ဖေယျ နေနေ့ဘက် မသိမသာလှည့်ကြည့်တော့ ဝေဟင့်ကို မေးငေါ့ပြပြီး နှာခေါင်းလေးရှုံ့ကာ အော်ထုတ်ပစ်ဖို့ လက်ဟန်ခြေဟန်နှင့် အမူအရာပြတာမြင်ရလေသည်။ ရာဇာကလည်း ဘာမှမမှာသေးဘဲ ဝေဟင့်ကို အကဲခတ်နေ၏။ ကိုယ်နဲ့မရျာတူလည်း မဟုတ်၊ အတန်းတူလည်း မဟုတ်ဘဲ မြင်ဖူးရုံနှင့် လာထိုင်နေကြသူတွေကြောင့် ဝေဟင် စိတ်ကျဉ်းကျပ် အနေရခက်နေမိ၏။

ထသွားလျှင်လည်း ရိုင်းရာကျဦးမည်။ စိတ်ရှုပ်ရှုပ်နှင့်ပဲ နေမခမျက်နှာလေးကို လှမ်းငေးတော့ ထိုင်နေရာမှ ထထွက်သွားဖို့ ပြင်ဆင်နေကြတာ မြ ိုက်ရတာမို့ သူလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

●——ဈေးသော——●



"ဟော့ကောင် ငြိမ်ငြိမ်နေ"

"ဗျာ"

ရုတ်တရက် အနားကပ်အော်လိုက်သော အသံကြောင့် ဝေဟင် ဆတ်ခနဲ တုန်သွားသည်အထိ လန့်သွားရ၏။

"ဩော် . . . ဟိုကောင့်ကိုပြောတာ ရာဇာလေ ခုံကို နှံ့နေလို့ ငြိမ်ငြိမ်နေလို့ သတိပေးတာ။ ဒါနဲ့ မင်းနာမည်က ဝေဟင်နော်"

"ဟုတ်ကဲ့"

"မင်းတော်ဒါတွေရော"

"မသိဘူးခင်ဗျ။ သူတို့နဲ့ ကျွန်တော်က မေဂျာမတူဘူး။ ဒါနဲ့ အစ်ကိုတို့ကရော ဘယ်မေဂျာကလဲ"

"ကုန်ထုတ်ဓာတုက။ I.C ပေါ့"

"ကျွန်တော်က I.R ကလေ။ နိုင်ငံတကာဆက်ဆံရေးက ကျွန်တော်နဲ့တွဲတဲ့ နှစ်ယောက်က အဆောင်တူတူပဲ။ သူတို့က ဘူမိဗေဒက"

●——ဈေးသော——●

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဝေဟင်က နေမခမတို့ ထွက်သွားရ အဆောင် (၄) ဘက်ကို လှမ်းမျှော်ကြည့်လေသည်။ သ သဘောအတိုင်းသာဆို ချက်ချင်း ထလိုက်သွားမည့်ပုံ သူတို့ နှစ်ယောက်ကို အားနာသောကြောင့် ဆက်ထိုင်နေ ရဟန်ရှိ၏။

"မင်းကိုကြည့်ရတာ နယ်ကထင်တယ်"

"ဟုတ်တယ် အစ်ကို။ ကျွန်တော်က ခရမ်းကပါ။ ဟိုနှစ်ယောက်က သုံးခွကလေ။ ကျွန်တော်တို့က ရွာသား တွေချည်းပဲ။ အောင်ကိုတစ်ယောက်ပဲ သုံးခွမြို့ပေါ်က ကား စီးရမှာပျင်းလို့ အဆောင်လာနေတာ။ အစ်ကိုတို့ကတော့ မြို့သားတွေနဲ့တူတယ်။ ဟုတ်တယ် မှတ်လား"

ရာဇာက ခေါင်းညိတ်ပြ၏။

"ဘယ်မှာနေတာလဲဟင်"

"ကျောက်တံတားမှာ နေတာ။ နိုင်ဇေယျက ဗဟန်းက"

"ဩော် . . . ဒီကအစ်ကိုနာမည်က နိုင်ဇေယျ





လား"

သူသိသလိုလို ဘာလိုလိုနှင့် ရောယောင်ပြီး ပြော နေပေမယ့် သူ့မျက်လုံးတွေက စာသင်ဆောင်ဘက်သို့သာ ရောက်နေသည်။

"စကားမစပ် . . . ကျွန်တော် သွားတော့မယ်နော်။ နောက်မှတွေ့တာပေါ့"

သူက လွယ်အိတ်တွေဘာတွေပြင်လွယ်ပြီး ထ တော့မလိုဟန်ပြင်၏။

"ဟာ . . . နေပါဦး။ ဖြည်းဖြည်းပေါ့။ ဘာလဲ မင်း က ငါတို့ကိုအတန်းမတူ၊ မေဂျာမတူဘူးဆိုပြီး ခေါ်ဒါမဖွဲ့ ချင်တာလား"

"ဗျာ . . . အဲ . . . အဲလိုသဘောမဟုတ်ပါဘူး"

"ဒါဆို ပြန်ထိုင်စမ်းပါကွာ"

"ဟုတ်ကဲ့"

ရာဇာက ကော်ဖီသောက်ပြီး ကောင်းကောင်းရစ် ပြနေ၏။ သူ ပြန်ထိုင်ပြီးတော့လည်း သူ့ကို စကားပြောတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ နိုင်ဖေယျကိုသာ ဦးတည်ပြီး ဘောလုံးပွဲ အကြောင်း၊ သီချင်းခွေအသစ်တွေအကြောင်း၊ လတ်တ လော ရုံမှာပြနေသည့် ရုပ်ရှင်ကားအကြောင်း ပြောလေ သည်။

"ငါကတော့ ရှကီရာသီချင်းကို မကြိုက်ပါဘူး ကွာ။ နေရာတကာ ဒါပဲ။ ကလေးကြိုက်ဖြစ်နေပြီ။ ပြီးတော့ တစ်ခွေလုံး တစ်ပုဒ်တည်းကောင်းတာ"

"ပေါက်တော့ပေါက်သွားတယ်ကွ။ ကလေးတွေ ပါးစပ်ထဲမှာ အဲဒီသီချင်းပဲ"

"ဥရှေ့ဝေးအသင်း မနိုင်တာ အဲ့နိုင်ငံသားတွေ တော်တော် ကျိတ်မနိုင် ခဲမရဖြစ်သွားတာကွနော်။ နို့မို့ဆို ဟိုမော်ဒယ်လ်က ပြောတဲ့အတိုင်းလုပ်မှာလား မသိဘူး"

"သက်သက်ဖိန့်တာပါကွာ။ သူတို့အသင်း မနိုင် မှန်းသိလို့ အဲလိုပြောရဲတာဖနေမှာ"

"ဟား . . . ဟား . . . ရှုံးသွားတဲ့အသင်းသားတွေ တော့ ကောင်းကောင်း မေတ္တာအပို့ခံရမှာပဲ"



သူတို့နှစ်ယောက် ရယမောပြောဆိုနေတာတွေ ကို ကြည့်ပြီး မျက်လုံးအပြူးသားနှင့် ငုတ်တုတ်ထိုင်နေရ သော ဝေဟင်မှာ ကြာတော့ မျက်ဟောင်တွေ စင်းကျလာ သည်။ သူတို့ဝိုင်းမှာ အသားလွတ်ထိုင်နိုင်းထားပြီး ဘာ စကားတစ်ခွန်းမှ ဝင်မပြောရဘဲ အရုပ်ကြီးလိုနေနေရတော့ ဝေပာင် တစ်ချက် တစ်ချက် ငိုက်ကျသွားတာ ဘာမှမဆန်း။ တကယ်ဆို ဝေဟင်က အလွန်စကားများတတ်သူဖြစ် သည်။ သခုကျမှ ဗလာချီထိုင်ရတာမို့ သိပ်မကြာခင် ခါးက တဖြည်းဖြည်း ကိုင်းလာသည်။ နောက်ဆုံး စားပွဲပေါ် ခေါင်း တင်ကာ တရှူးရှူးအိပ်ပျော်သွားရလေတော့၏။

အိပ်လို့ကောင်းလိုက်သည့် ဖြစ်ခြင်း။

အိပ်မက်တွေဘာတွေတောင် မြင်မက်ရတဲ့အထိ။

"ကောင်လေး . . . ဟဲ့ . . . ကောင်လေး"

ပခုံးကိုကိုင်ပြီး ခပ်ကြမ်းကြမ်းလှုပ်နှိုးလိုက်တာမို့ သူ အိပ်ရာကလန့်နိုးလာရတော့၏။ ဇဝေဇဝါ အိပ်မှုန်စုံမွှား ဖြစ်နေသည့်မျက်လုံးတွေကို ပွတ်သပ်ပြီး ဘေးဘီကို လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြည့်တော့ တစ်ဆိုင်လုံးရှင်းလင်းနေပြီး ဆိုင်အနောက်ဘက်မှ အိုးခွက်ပန်းကန်ဆေးသံတွေပါ ကြားနေရသည်။

တစ်ဆိုင်လုံးမှာ သူတစ်ယောက်တည်း ထီးထီးကြီး အိပ်ပျော်နေမိတာမို့ ဝေဟာင် ရှက်သွားမိ၏။

"အတန်းပြီးလို့ ဘယ်ကျောင်းသားမှ မရှိတော့ဘူးကွ။ နိုးရမှာ အားနာလို့ကြည့်နေတာ။ ညနေစောင်းနေပြီ"

"ဗျာ"

ဆိုင်ရှင့်စကားကြောင့် ဝေဟာင် အိပ်ချင်မူးတူးစိတ်တွေ ရုတ်ခြည်းပျောက်သွားရ၏။ ဆိုင်မှာ ချိတ်ထားသောနာရီကိုလှမ်းကြည့်တော့ ညနေ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာလိုတော့တာ တွေ့လိုက်ရလေသည်။

သူထိုင်နေရာမှာ ကပျာကယာထရပ်လိုက်၏။

"ဦးလေး . . . ဒီမှာ အခအေးဖိုး"

"မင်းသူငယ်ချင်းတွေ ရှင်းသွားပြီ"

"ဗြော်" ဟုသာ သူ ရေရွတ်လိုက်မိသည်။





ဒီလောက် သိုးအောင်အိပ်နေတာကို မနှိုးဘဲထားခဲ့ရက်သော လူနှစ်ယောက်ကို ဝေဟာင် တအံ့တသြဖြစ်သွားရ၏။ သူ့ကို အတင်းဆွဲခေါ်ထားပြီး စကားလေးတစ်ခွန်းပေါင် ပြောခွင့်မပေးဘဲ အိပ်ပျော်ခြင်းသို့ ရောက်စေတာဘာသဘောပါလိမ့်။

ဝေဟာင်လွယ်အိတ်ကို လက်ကဆွဲရင်း ကျောင်းဝင်းထဲက မပ်သုက်သုတ် ထွက်ခဲ့သည်။ ကျောင်းတံခါးဝကစေရာတွေက သူ့ကို တအံ့တသြကြည့်နေကြသည်။

အဆောင်သို့ လမ်းလျှောက်ပြီးပြန်လာခဲ့၏။

"ဗြော် . . . ပြန်လာသေးတယ်ကိုး ဝေဟာင်ရဲ့"

ခြံတွင်းသို့ဝင်လျှင်ဝင်ချင်း ဆီးပြောလိုက်သောအန့်တီစောစကားကြောင့် ဝေဟာင် တွန့်ခနဲဖြစ်သွားရ၏။

"မင်းကိုတော့ အံ့သြပါရဲ့ ဝေဟာင်ရယ်။ ဒီအချိန်ဒီအခါထိ ဘယ်တွေလျှောက်သွားနေရတာလဲ။ ငါကတော့ မင်းကို ယုံစားပြီး မော်တာပျက်တာကို ခုထိဘာမှမလုပ်ရသေးဘူး။ အင်း . . . စာသင်ရက်ကလေးကြာပြီး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားပါး၀တာနဲ့ အချိုးတွေက ပြောင်းတော့တာပဲ။ ဘယ်

နယ်တော် အဆောင်မှ မိန်းကလေးထားရင် ရည်စားသန်

ကိစ္စတွေရှုပ်မှာစိုးလို့ ယောကျ်ားလေးတွေထားပါတယ်

လည်လိုက်ပတ်လိုက်တာ ကိုလံဘတ်က အချိုးပေးရမယ်

အကျိုးအကြောင်း ဘာမှမသိခင် သူ့အကျင့်

အတိုင်း စွတ်ရွတ်အပြစ်တင်တတ်သော အန်တီစော

ကြောင့်လည်း စိတ်ညစ်ရ၏။

အပျိုကြီးပီပီ ပွစိပွစိတောက်ပြောသည့်နေရာမှာ

နစ်ယောက်မရှိ။ ရှိသေးသည်ဆိုလျှင်လည်း သူ့လိုအပျိုကြီး

သာ ဖြစ်ရမည်။

"ဘယ်မှလျှောက်မသွားပါဘူး အန်တီစောရယ်။

ကန်တင်း(န်)မှာထိုင်ရင်း အိပ်ပျော်သွားလို့ပါ။ ဒါနဲ့ မော်တာ

က ဘာဖြစ်လို့လဲ"

"သိမှတော့ ငါ့ဘာသာပြင်လိုက်ပြီပေါ့ဟယ်။ ဘာ

ဖြစ်မှန်းမသိလို့ ဒီအတိုင်း ထိုင်ကြည့်နေရတာပေါ့။ ရေတင်

လို့ မရတာပဲသိတယ်။ မင်းတို့ယောကျ်ားလေးတွေထဲက





ပြင်တတ်ပြုတတ်တဲ့လူများ ပါမလားဆိုပြီး"

"ဟာ . . . ဘယ်ကပြင်တတ်ရမှာလဲ အန်တီစော

ရယ်။ အားလုံး ခရမ်းသုံးခွသား တောသားတွေချည်းဟာ။

အဲ . . . မြို့ပေါ်ကလူတွေတော့တတ်မှာပေါ့။ ရေတွင်းတူး

နိုင်းလိုက်တာကမှ နီးစပ်ဦးမယ်။ မော်တာတော့ မပြင်တတ်

ဘူး။ အထဲက တန်ဆာပလာချို့ယွင်းတာ ကျွန်တော်တို့က

ဘယ်နားလည်မှာလဲ။ အဲဒါ ပြင်တတ်တဲ့လူကို ခေါ်ရတယ်"

"အံမယ်လေး . . . နင်ပြောမှပဲ သိတော့တယ်။

တော်လိုက်တဲ့မောင်မင်းကြီးသားပါလား။ ပြင်တတ်တဲ့လူ

ခေါ်တဲ့ အလကားရမှာကျနေတာပဲ။ ဟိုတစ်ခါ အဲလိုဖြစ်လို့

ခေါ်ဖူးပြီးပြီဟဲ့။ အထဲက အပြားလား၊ အလုံးလား၊ အသွား

တွေ သ,ရမယ်ဆိုလား၊ သွေးရမယ်ဆိုလား . . . ဟိုလိုလို

ဒီလိုလိုနဲ့ ငွေသုံးလေးထောင်ပေးလိုက်ရပါရောလား။ ဟင်း

မပြောလိုက်ချင်ပါဘူး။ ဟိုကောင်လေးကလည်း ရုပဗေဒ

ကျောင်းသားတဲ့။ ဒါလေးတောင် နားမလည်ဘူး"

အန်တီစောစကားအဆုံး Physics မေဂျာ Final



www.burmeseclassic.com

www.burmeseclassic.com



မှ ဟန်ဝင်းအောင်က ခေါင်းကုတ်ရင်း ဘာမှမလဲမဆိုင်ဘူး ဟု ခပ်ဝိုးတိုးပြောလေသည်။

"အန်တီစော . . . အဲဒါ ဟိုဘက်နားကရေပိုက်နဲ့ ပိုက်ဆက်ပစ္စည်းအရောင်းဆိုင်က ကိုမွတ်တား ပြင်တတ် တယ်။ ကျွန်တော် သွားခေါ်လိုက်ရမလား"

တင်မောင်ဌေးစကားအဆုံး အန်တီစောက ဟင်း ခနဲ သက်ပြင်းချသည်။

"ခုမှတော့ ဘယ်တတ်နိုင်မလဲ။ ခေါ်ရတော့မှာ ပေါ့။ နို့မို့ဆို မနက် နင်တို့ဘာနဲ့ရေချိုးမလဲ။ ငါတို့က ကိစ္စ မရှိဘူး သိရဲ့လား။ ဟဲ့ . . . ဝေဟင် သွားခေါ်ပါစေ။ တင် မောင်ဌေးမသွားနဲ့။ နင်က ကွမ်းယာဆိုင်ဝင် ဘာဝင်နဲ့ ကြာဦးမယ်။ ဝေဟင် နင်လည်း မြန်မြန်ခေါ်ပြီး မြန်မြန်ပြန် လာ။ ရောက်လေရာမှာ ရှောယောင်ပြီး လေပစ်မနေနဲ့"

ဝေဟင်မှာ အဆောင်ရောက်ပြီး ထိုင်တောင် မထိုင်လိုက်ရ အန်တီစောအမိန့်အတိုင်း စက်ပြင်သမားခေါ် ရန် လွယ်အိတ်လေး အခန်းထဲပစ်သွင်းကာ ထွက်ခဲ့ရလေ





တော့၏။

စိတ်ထဲမှာတော့ ဒီနေ့ ဘာမှအဆင်မပြေ ပြဿဒါးများလားဟု စဉ်းစားလာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

"ချစ်ရတဲ့ နေ

နေ့ကို ကျွန်တော် နေလို့ခေါ်မယ်။ နေခွင့်ပြုပါနော်။ နေ့ကို ဘယ်သူမှန်းမသိခင်ကတည်းက နေ့မျက်နှာလေးကို စတွေ့ပြီး ချစ်ခင်စွဲလမ်းခဲ့ရတာပါ။

ဘယ်လောက်အထိ ကျွန်တော့်ကို နေက လွှမ်းမိုးထားသလဲဆိုရင် နေနဲ့ပတ်သက်တာ မှန်သမျှ ကျွန်တော် ချစ်တယ်။





နံနက်ခင်းမှာ မြင်ရတဲ့ ဂနုခြည်နုနုကိုလည်း ချစ်တယ်။

နေမွန်းတည့်ချိန်မှာ မြင်ရတဲ့ နေရောင်ရင့်ရင့်ကိုလည်း မြတ်နိုးတယ်။ နေပူကျဲကျဲမှာ နေကာမျက်မှန်တပ်ပြီး လျှောက်သွားနေတဲ့လူတွေကို တွေ့ရင်တောင် နေ့ကို သတိရတယ်။ ကျွန်တော့်အတွက်တော့ နေ့အချစ်က နေဝင်ဆည်းဆာလိုပဲ အေးမြလှပနေလိမ့်မယ်လို့ ထင်ပါတယ်။

နေသာလေလာတဲ့တစ်နေ့မှာ နေနဲ့ကျွန်တော် နေရာအနှံ့ ဘုရားဖူးထွက်ကြမယ်။ အဲဒီအခါ နေကြာပန်းတွေ ဘုရားလှူပြီး. နေပူဆာလှူရင်း နေနဲ့ကျွန်တော် သိပ်ချစ်တဲ့အကြောင်း သစ္စာတိုင်တည် ရွတ်ကြမယ်နော်။

နေ့ကို ကျွန်တော် နေမကောင်းဖြစ်တာတောင် လွမ်းရတယ်။ နေသာ မုန်းမယ်ဆို ကျွန်တော့်ဘဝရဲ့ နေကြတ်ချိန်ကို တွေ့ရသလို ဝမ်းနည်းထိတ်လန့်ရမှာပါ နေရယ်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ရဲ့အမုန်းက တောင်စွယ်မှာ နေကွယ်တာ

ကျွန်တော့်နှလုံးသားကို အဆုံးစီရင်သလို ရက်စက်ခ

ထန်စေမှာမို့ သနားငဲ့ညှာသောအဖြင့် ပြန်ချစ်ပါလား ေ

တုံ့ပြန်မေတ္တာကိုစောင့်မျှော်လျှ

ဝေဟာ

တစ်ဆောင်တည်းအတူနေသော သချာမေရှ

အောင်သူဝင်း ရေးပေးသည့် စာကို ဝင်းဇော်က အသံထွ

ဖတ်ပြီး အားလုံး ဝေါခနဲ ထရယ်ကြသည်။

ဝေဟာင်ကတော့ မျက်နှာငယ်လေးနှင့် ကျီးကြ

ကြောင်ကြည့် ဖြစ်နေရှာသည်။

"ဟား . . . ဟား . . . ပေါလည်းပေါရဲ့ပါ့ကွ

ဝေဟာင်ကြိုက်တဲ့ ကောင်မလေးက နေ့မခဖြစ်တာနဲ့ပဲ ေ

ထဲမှာ နေချင်း မိုးမွှန်အောင်ထည့်စရာလား။ အမှန်ဆို ေ

မခ နင့်ကို ငါချစ်တယ်။ ငါ့ကို နင်ချစ်မလား။ ဒါပဲ ပွဲက ပြ

ပြီ"





တင်မောင်ထွေးစကားကြောင့် အောင်သူဝင်းက

နှာခေါင်းရှုံ့ ခေါင်းယမ်း၏။ အောင်ကိုကလည်း သူ့ဝသီ

အတိုင်း . . .

"ပွဲက ပြတ်မှာပေါ့။ အဲလို မာရေကျောရေသွား

လုပ်လို့ကတော့ ဟိုကလည်း အေး . . . မချစ်ဘူးဟဲ့ ဆိုမှ

ဟုတ်ပေမှဖြစ်နေမယ်"

"ဘာဖြစ်လဲ ဒီကျောင်းမှာ ကောင်မလေးတွေ

ပုံလို့။ ခေါ်ကြည့်လို့ မထူးရင် နောက်ထပ်နာမည် စဉ်းစားရ

မှာပဲ"

"ဟ . . . တွေ့ကရာလိုက်ကြိုက်လို့ရမလား။ စိမ်း

နဖော်တို့ ဆုကေနိုင်တို့လို ဖက်တီးပုပ်တွေဆို ဘယ့်နှယ်

လုပ်မလဲ"

"အဲလိုမျိုးတွေဖယ်လိုက်ရင်ပဲ နောက်ထပ် အလှ

ပဂေးတွေ ကျန်သေးတယ်။ မင်းတို့ ဘူမိက မယ်ဗလတွေ

နဲ့တော့ မယှဉ်နဲ့။ သချာမှာ အလန်းလေးတွေရှည်းပဲ"

"အံမယ် . . . ငါတို့ဘူမိကမှ သန်သန်မာမာတွေ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရလွန်းလို့ ခြေသလုံးလေးတွေဆို တစ်တုတ်နေတာပဲနော် . . . ဝင်းဖော်"

"ဟုတ်ပ . . . မင်းတို့သချာကွင်း(န်) သည်းနစ်ဦးထက် အများကြီးသာတယ်"

တဖြည်းဖြည်းနှင့် ဝေဟင့်ကိစ္စကနေ သူတို့မေဂျာကွင်း(န်)တွေဆီ ရောက်ပြီး မနိုင်နိုင်ရာတွေ စွတ်ပြောနေကြတော့၏။

သချာဘက်မှ အောင်သူဝင်းနှင့်တင်မောင်ထွေးက တစ်တွဲ၊ ဘူမိဗေဒမှ ဝင်းဖော်နှင့် အောင်ကိုက တစ်တွဲ စကားနပန်းပွဲတွေ ကျင်းပနေတာကိုကြည့်ပြီး ဝေဟင်သက်ပြင်းချလိုက်မိ၏။

"ကဲ . . . တော်ကြပါတော့ကွာ။ ခုနကျတော့ ငါ့ကိစ္စကို ကူညီမယ်လေး၊ စဉ်းစားမယ်လေးနဲ့ အခု မင်းတို့ပြောချင်ရာတွေ ပြောနေတာနဲ့ လိုရင်းက ပျောက်နေပြီ"

ဒီတော့မှ အားလုံး သူ့ကိုသတိရကုန်သည်ထင့် အသီးသီး စကားလက်စသတ်ပြီး ဝေဟင်လို လူရိုးလူအ





ကလေး ချစ်သူတစ်ယောက်ရရေးကို ဝိုင်းပြီး ခေါင်းစားပေးကြပြန်သည်။

"မင်းသာ နေမစအချစ်ကိုရရင် တစ်ကျောင်းလုံးမှာ မဖြစ်နိုင်တာ ဘာမှမရှိတော့ဘူးကွ"

ဝင်းဖော်က အားရပါးရကြုံးဝါး၏။ စိတ်ဓာတ်တက်ကြွဖွယ်ကောင်းသော အားပေးမှုပင် ဖြစ်ပါ၏။

"မမှီတဲ့ပန်းကို တုံးရုပြီးလှမ်းတဲ့ခေတ်က ကုန်ပြီ။ တံချူတံကိုင်ပြီး အပင်ရွကြားတက်ရမှာကွ။ ဒါမှ လိုချင်တဲ့ပန်းကို တစ်အုံလုံးရမှာ"

"ယောက်ျားတို့ဖွဲ့ သေခါမှလျှော့ ဝေဟင်"

"ဟုတ်တယ်။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တယ်။ မင်းရဲ့အချစ်သာ စစ်မှန်ရင် သူ့အချစ်ကို ရမှာပါ"

ထိုကဲ့သို့သော အမြှောက်အပင့် အကြော်အလှော်များနှင့် သူငယ်ချင်းကောင်းတို့၏ ဘေးတီးပေးသြမှုကြောင့် ဝေဟင်မှာ စိတ်အားတွေ တက်ကြွထက်သန်လာရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ကစပြီး ငါ သူ့ကို ပြောင်ပြောင်ပဲ လိုက် တော့မယ်ကွာ"

"ဟာ . . . အဲလိုတော့မလုပ်နဲ့လေ။ ပြောင်တ တော့ ဘယ်ကောင်းမလဲ"

တင်မောင်ထွေးစကားကြောင့် ဝေဟင်ပင် ရှ တရက် ကြောင်သွားရ၏။ ပြီးမှ အဓိပ္ပာယ်ပေါက်ကာ . .

"ဟာ . . . ဘာတွေပြောနေတာလဲ၊ ငါက ပြော ပြောင်လိုက်မယ်ဆိုတာ အရင်လို ပုန်းလျှိုးကွယ်လျှို မရှောင်းဘဲ သူနဲ့မျက်နှာချင်းဆိုင်တွေ့ပြီး သူ့ကို ချစ်နေတ အကြောင်း ပြောတော့မယ်လို့ ဆိုလိုတာ။ မင်းတို့ကလည် တွေးလိုက်ရင်တလွဲ"

"ဪ . . . ဒီလိုလား"

"သတိ ဝီရိယတော့ရှိနော် ဝေဟင်၊ စိတ်လိုက် မာန်ပါတော့ သိပ်မလုပ်နဲ့၊ သူ့အစ်ကိုရှိတယ်ဆိုတာ မမေ့ နဲ့ဦး"

"သူ့အစ်ကိုက ဘယ်မှာလဲ"





"မင်းကလည်း မှတ်ဉာဏ်တော်တော်နည်းတယ်။ သူ့အစ်ကိုက IC မေဂျာ၊ တတိယနှစ်ကွဲ။ နာမည်တွေ ဘာ တွေတော့ မသိဘူး"

"လူကိုတော့ သိတယ်ပေါ့"

"ဟင့်အင်း . . . တစ်ခါမှ မမြင်ဖူးဘူး။ သူ့အစ်ကို ဆိုတော့ သူနဲ့တူမှာပေါ့"

အောင်ကို့စကားကြောင့် ဝေဟင် နည်းနည်းစိုးရိမ် သွားသည်။

နေမဇာဆိုတဲ့ ပန်းကလေးမှာ အကာအရံအတား အဆီးတွေနဲ့ပါလားဆိုတဲ့ အတွေးက သူ့ကို မဆိုစလောက် သွေးကြောင်သွားစေပေမယ့် နောက်ဆုတ်လက်လျှော့ လောက်တဲ့အထိတော့ ဖြစ်မသွားပါချေ။

အချစ်ဆိုတာ မသေချာပေမယ့် နိုင်မာတဲ့အရာ လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

နေ့ကို ချစ်မိတဲ့စိတ်ကများများ စာသင်ချင်စိတ်က နည်းနည်းနှင့် ဝေဟင်ကျောင်းသို့ထွက်လာခဲ့သည်။ ယခင် နေ့တွေကတော့ သူမ သိသည် မသိသည် မမှု။ သူမ သွားသည့်နောက် တကောက်ကောက်လိုက်၊ ကင်န်တင်းသွားလည်း မယောင်မလည်လိုက်ဖူး၏။

စာသင်ချိန်တစ်ချိန်လုံး သူမမျက်နှာလေး နိုးနိုးငေးရတာလည်း အမော။ အသိအမှတ်ပြုဖို့နေနေသာ ငဲ့



စောင်းလို့တောင် မကြည့်သော သူမကို မရျင့်မရဲစိတ်နှင့် ကျိတ်မှိတ်ချစ်နေရသည့်အဖြစ်က သိပ်တော့ မသက်သာလှချေ။

သူမလှည့်မကြည့်မယ်ဆိုလည်း မကြည့်ချင်စရာ။ ဝေဟင့်ဘဝက နွမ်းပါးသိမ်ငယ်လွန်းသည်လေ။ တောက်ပသားနားသည့် အပြိုင်အဆိုင် ကျောင်းသားတွေကြားမှာ အရောင်လွင့်လွင့်လွယ်အိတ်တစ်လုံးနှင့် နစ်စုံတည်းသော ဝတ်စုံကို လဲဖယ်ဝတ်ကာ ထမင်းချိုင့်ဆွဲ ကျောင်းတက်ရသူ။ အိမ်က ပိုက်ဆံမပို့သည့်ရက်တွေတိုင်း ကန်တင်း(န်)ဘက် ခြေဦးမလှည့်ရဲသူ။

သူမကတော့ အနက်ရောင်ဖိတ်ဖိတ်လက်နေသည့် ကိုယ်ပိုင်ကားနှင့် ကျောင်းလာတတ်ပြီး ထမင်းချိုင့် မပါ။ ကန်တင်း(န်)မှာပဲ ကောင်းနိုးရာရာ မှာစားတတ်သူ။ အတန်းပြီးချိန်တိုင်း လက်ကိုင်ဖုန်းသေးသေးလေးထုတ်ပြီး စကားတွေ ရယ်မောပြောတတ်သူ။ သူမဘေးက ကောင်မလေးတွေကလည်း သူမလိုလှလှပပ ကြွကြွရွရွလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ချည်းသာ။

ဘဝချင်းက မိုးနဲ့မြေနီးပါး ကွာခြားလှတာမို့ မချစ်သင့်မှန်း သူ နားလည်သည်။ ဒါပေမဲ့ အချစ်ဆိုတာ မသင့်ဘူး၊ မတော်ဘူးရယ်လို့ ရှောင်လွှဲချုပ်ထိန်းလို့ရကောင်းသော အရာမဟုတ်။

အရင်ကတော့ မြင်ခွင့်ရရုံနဲ့ကျေနပ်သည်။ နောက်တော့ စကားတွေပြောချင်မိ၏။

အခုတော့ နလုံးသားချင်း ရင်းနှီးနီးစပ်စွာ ရင်ခုန်သံချင်း ဖလှယ်ချင်လာသည်။ သိပ်တော့ မအပ်စပ်ဘူး ထင်၏။ သို့သော် ဖြစ်လိုရာဖြစ်ပါစေ သဘောပိုက်ပြီး ရှေ့ဆက်တိုးချင်၏။

အရှေ့ပိုင်းတက္ကသိုလ်မှာ သူတို့နှစ်ယောက်ရဲ့ အချစ်ပုံပြင်က ရာဇဝင်တွင်ကျန်ချင်ကျန်မည်။ လွမ်းစရာတော့ မဖြစ်လိုပါ။ အလွမ်းနဲ့လည်း ဇာတ်မသိမ်းချင်ပါ။

သူ့ကိုတွေ့တိုင်း မျက်နှာလှလှလေးကို တမင်ချိုပြီး ထိမထင်ဟန်နှင့်နေတတ်သော နေမခကို သူ ဘယ်

—ရှုမဝ—



လောက်ချစ်တယ်ဆိုတာ သူကိုယ်တိုင်သာ မသိဆုံးလေ။

သူမအတွက် ဘာမဆိုပေးဆပ်ရပေးဆပ်ရဆိုတဲ့ ရဲဝံ့စွန့်စားလိုသောသတ္တိအပြည့်ကို ရင်နှင့်အပြည့် လွယ်ပိုးသိမ်းဆည်းလာခဲ့ပြီ။

နေမခရဲ့မာနတွေကို အိမ်မှာ ခဏလောက် မေ့ထားရစ်ခဲ့လျှင် ကောင်းလေစွ။

BURMESE CLASSIC .com

"ဟေ့ . . . ဝေဟင်"

"ဗျာ"

သူ လန့်သွားမိသည်။ ကန်တင်း(န်)ရှေ့က မဖြတ်ဘဲ အဆောင် (၂) ဖက်ချိုးကွေ့ဝင်ဖို့ လုပ်နေသော ဝေဟင်ခြေထောက်တွေ တုန့်ခနဲဖြစ်သွားရ၏။

ခြေလှမ်းတွေတင် တုန့်သွားတာ မဟုတ်။ သူ့ခန္ဓာကိုယ်ကပင် ထိတ်လန့်ကာကြား တုန်လှုပ်သွားရသည်။

"ကို . . . ကိုရာဇာထက်"

"ဒီနေ့စောနေသလိုပဲနော်။ လာလေ ကန်တင်း(န်) သွားထိုင်ရအောင်"

—ရှုမဝ—

www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီ ကျေးဇူးရှင်။

"ရပါတယ်။ ကျွန်တော် မလိုက်တော့ပါဘူး"

"ဟာ . . . မဟုတ်တာ။ လိုက်ခဲ့ပါကွာ။ ဒီမှာ နိုင်ဇေယျက မင်းကို ပြောစရာရှိလို့တဲ့။ လာပါ . . . ဦး ပြောင်မှာပဲ ထိုင်မယ်လေ"

နိုင်ဇေယျက သူ့ကိုဖော်ဖော်ရွေရွေ ပြုံးပြလိုက် တာမို့ သူလည်း အလိုက်သင့်ပြုံးပြလိုက်ရ၏။

စိတ်ထဲမှာတော့ မလိုက်ချင်ပါဘူး၊ ဘာမှလဲ မပြောချင်ပါဘူးဟု ဘုကျကျတွေ ပြန်ပြောနေမိသည်။ ဒါပေမဲ့ အားနာတတ်တဲ့ သူ့အကျင့်အတိုင်း စိတ်ဆန္ဒမှန်ကို သေွဖည်ပြီး ကန်တင်း(န်)သို့ လိုက်ခဲ့ရတော့၏။

"ဟိုနေ့က မင်း အိပ်နေတာကို မနှိုးခဲ့လို့ စိတ် မဆိုးနဲ့နော်။ အိပ်ရေးပျက်နေလို့ အိပ်တယ်ထင်ပြီး မနှိုးဘဲ ထားခဲ့တာ"

သြော် . . . ကျေးဇူးပဲတင်ရတော့မလိုပါလား။

လူက သူတို့ရှေ့မှာ ထိုင်နေရသော်လည်း စိတ်က



တော့ ခုချိန်ဆို အတန်းထဲက ထောင့်ကျကျခုံမှာ သူ့ သူငယ်ချင်းတွေနဲ့ စုထိုင်ပြီး စကားပြောနေမည်ဖြစ်သော နေမခဆီသို့သာ ရောက်နေရ၏။

"ဝေဟင် . . . မင်းက IR ကဆိုတော့ သူ့ညီမနဲ့ များ တစ်ခန်းတည်းဖြစ်နေမလား မသိဘူး"

ရာဇာထက်စကားကြောင့် ဝေဟင် ခေါင်းထောင် ကြည့်လိုက်သည်။ ထို့နောက် နိုင်ဇေယျ မျက်နှာကို လှမ်း ကြည့်တော့ သူက ခပ်ပြုံးပြုံးပင်။

BURMESE CLASSIC .com

"အစ်ကို့မှာ ညီမ ရှိတယ်လား"

နိုင်ဇေယျက ဘာမှမပြောဘဲ ခပ်အေးအေးပုံစံနှင့် ခေါင်းညိတ်ပြ၏။

"ရှိတာပေါ့ကွ။ IR မှာ သူ့ညီမက ကွင်း(န်)။ နေမခဆိုတာလေ။ မင်း သိမှာပါ"

"ဟင်"

သူ နိုင်ဇေယျမျက်နှာကိုကြည့်ပြီး တံတွေးတစ် ချက် မျိုချလိုက်ရာ ဂလုခနဲပင် မြည်သွားသည်။ ထိုသို့ မျို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော တံတွေးထဲ သူ့ရဲ့မွှန်ပြပြမျှော်လင့်ချက်လေးပါ ရောထွေးပါသွားသယောင် ခံစားလိုက်ရ၏။

"နေ . . . နေမခက အစ်ကို့ညီမ ဟုတ်လား"

"အင်း . . . မင်းက သိတယ်ပေါ့"

"သိတယ်။ ကျွန်တော်နဲ့တစ်ခန်းတည်းရယ်ဗျ"

"ဟ . . . ဒါဆို အဆင်ပြေတယ် နိုင်ဇေယျ"

ရာဇာထက်စကားကြောင့် သူ အထိတ်တလန့် ဖြစ်သွားရသည်။

"ဘာကိုအဆင်ပြေတာလဲဟင်"

"ဩော် . . . ဒီလိုလေကွာ။ မင်းပုံစံကြည့်ရတာ အသက်ငယ်ပေမယ့် ရိုးရိုးသားသားနဲ့ တည်တည်ကြည်ကြည် ပုံစံပေါက်တယ်လေ။ ပြီးတော့ နိုင်ဇေယျနဲ့ ငါက မင်းကို မြင်မြင်ချင်းခင်မိသွားတာ။ ဘာပဲဖြစ်ဖြစ် ငါတို့နဲ့ မင်းက သူငယ်ချင်းတွေဖြစ်နေပြီပဲ။ နိုင်ဇေယျညီမကို မင်း ညီမလေးလို သဘောထားပြီး စောင့်ရှောက်ပေးဖို့ ပြောချင်လို့ပါ။ ငါတို့ထက်စာရင် မင်းက နေမခနဲ့ အနီးကပ်ရှိတယ်

BURMESE CLASSIC .com



လေ။ ဒီတော့ မင်းကပဲ သူ့ကိုစောင့်ရှောက်လို့ရတာပေါ့။ နိုင်ဇေယျက သူ့ညီမကို အရမ်းချစ်ပြီး အရမ်းစိုးရိမ်နေတာကွ။ ခုတလော နေမခကို လိုက်နှောင့်ယှက်တဲ့ကောင်တွေ ရှိတယ်ကြားလို့ပါ"

"အဟမ်း . . . ဟမ်း . . . ဒီတော့ ရာဇာ ပြောသလိုပဲ မင်းက နေနေ့ကို ကြည့်ပြီး စောင့်ရှောက်လိုက်ပါကွာ"

ဝေဟင် မျက်လုံးပြူးလေးနှင့် သူတို့နှစ်ယောက်ကို တွေတွေကြီးစိုက်ကြည့်နေသည်။

လည်ချောင်းထဲမှာ တစ်ခုခုနင်နေသလို ဆန့်ငင်ဆန့်ငင်ဖြစ်နေပုံက ကြက်ကြီးလည်လိမ်ထားသလိုမျိုး။ ဝေဟင်ဖြစ်သွားပုံကိုကြည့်ပြီး ရာဇာက သဘောတွေကျနေပေမယ့် နိုင်ဇေယျကတော့ ထိုလူရှိုးလူအလေးကို အားနာသလို သနားသလိုဖြစ်နေမိသည်။

ဒါ . . . ညီမလေးနှင့်ပတ်သက်ပြီး ဖြစ်လာတဲ့ ပထမဆုံး ထူးထူးဆန်းဆန်းသဘောထားလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကူညီမယ် မှတ်လား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ရပါတယ်"

ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သော သူ့စကားက ငိုသံတွေပင် စွက်နေသလားမဆိုတတ်။

ဝမ်းနည်းမိတာတော့ တာနှင့်မှမတူ။

ဒီတစ်ခါတော့ မျှော်လင့်ချက်တွေ ရေစုန်မျှောပြီထင်၏။

"ပော . . . ဟိုမှာ မင်းညီမ။ ဝေဟင်နဲ့ တစ်ခါတည်း မိတ်ဆက်ပေးလိုက်လေ"

ရာဇာထက်စကားကြောင့် သူ ဆတ်ခနဲ လှည့်ကြည့်မိသည်။

အထက်အောက် ပန်းရောင်ဆင်တူဝတ်စုံလေးနှင့် လှပသေသပ်စွာလျှောက်လာသော နေမခကို မြင်လိုက်ရစဉ် သူ့ရင်ထဲက အချစ်က ဝုန်းခနဲအုံကြွပေါက်ကွဲတော့မတတ် ဖြစ်သွားရသည်။

နက်မှောင်ပျော့စင်းသော ဆံနွယ်ရှည်တို့ အနား





သတ်အောင်ခတ်ပေးထားသော သူမမျက်နှာ ဖူးဖူးလေးက တိမ်စင်လနှယ် ဝိုင်းစက်လှပနေသည်။ ရွှန်းလက်သော မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် နီရဲပါးလွှာသော နှုတ်ခမ်းလေးတွေကတော့ ဝေဟင့်ကို မြင်လိုက်ရသောကြောင့်ထင်၏။ ချက်ချင်းပင် တင်းမာခက်ထန်သွားသည်။

"နေနေ . . . လာဦး"

နိုင်ဖေယျခေါ်သံကြောင့် ဆိုင်ထဲဝင်လာရပေမယ့် သိပ်တော့ လာချင်ပုံမရချေ။ သူမအားမှ သူငယ်ချင်းနှစ်ယောက်ကလည်း ဝေဟင့်ကိုကြည့်ပြီး ခေါင်းချင်းဆိုင်တွတ်ထိုးနေကြ၏။

ဝေဟင်မှာ ရှက်မျက်နှာပူပူနွေးနွေးကို ဘယ်ရှောင်ပြေးထိုးရမှန်းမသိအောင် ကြံရခက်လျက် စိတ်လှုပ်ရှားနေမိသည်။

"ထိုင်ဦး . . . ဒီမှာ နင့်ကို ဝေဟင်နဲ့မိတ်ဆက်ပေးမလို့"

"သူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေမခက သူ့ကို လက်ညှိုးညွှန်ပြရင်း တအံ့တသြ
ရေရွတ်သည်။

"သူ့နာမည် ဝေဟင်တဲ့။ ညီမလေးနဲ့ အတန်းတ
တူပဲလေ"

"သိသားပဲ"

နေမခက မေးလေးပင့်ရင်း ဂရုမစိုက်သလို ပြော
သည်။

"ဝေဟင် . . . ဒါ , . . ငါ့ညီမ နေမခ"

"ဟုတ်ကဲ့။ ကျွန်တော် သိပါတယ်"

ရာဇာက တမင်လုပ်ယူထားသော တအံ့တသြ
မျက်နှာပေးနှင့် ခေါင်းညိတ်ကာ . . .

"ဪ . . . သိနေကြတယ်လား။ ကောင်းတာ
ပေါ့။ ခင်ခင်မင်မင်နေကြနော်။ နေနေ ညည်းကို သူစောင့်
ရှောက်လိမ့်မယ်။ သူက ငါတို့နဲ့သူငယ်ချင်း"

ဟုပြောလိုက်ရာ နေမခနှင့် သူ့သူငယ်ချင်းတွေ
က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်





ကာ နှာခေါင်းရှုံ့ပြကြလေသည်။

"ဟဲ့ . . . နင်တို့မျက်နှာတွေက ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး။ ရယ်ချင်လို့ပါ။ ကိုကြီးရာဇာ
ရယ် သူကများ နေတို့ကို စောင့်ရှောက်မယ်တဲ့။ ရယ်စရာ
ကောင်းလိုက်တာ။ ဒီလိုအရွယ်လည်လည်က ဘယ်လိုများ
လိုက်စောင့်ရှောက်မလဲဆိုတာ တွေးပြီး အံ့သြလွန်းလို့ပါ"

"နေနေ . . . အဲလို မပြောရဘူးလေ"

နိုင်ဇေယျက မျက်နှာတည်တည်နှင့် ဝင်ဟန့်
လိုက်တာမို့ သူမက ပါးစပ်ပိတ်ပြီး ပခုံးတစ်ချက်တွန့်၏။

ဝေဟင်ကတော့ ခေါင်းကိုသာ တွင်တွင်ငုံ့ထား
လေသည်။

"မပြောနဲ့ဆိုလည်း မပြောတော့ပါဘူး။ ကိုကိုတို့
လူကိုတော့ ကြိုပြောထားနော်။ နေတို့နဲ့ လာမပတ်သက်စေ
နဲ့။ စောင့်ရှောက်စရာလည်း အကြောင်းမရှိဘူး"

"နေနေ ပြောနေရင်းနဲ့ ပိုဆိုးနေပြီ"

"ဆိုးမှာပေါ့။ ကိုကိုတို့က သူ့ခိုးကို ဘဏ္ဍာစိုးခန့်



www.burmeseclassic.com

www.burmeseclassic.com



နေတာကိုး။ လာ . . . သွားမယ် လွမ်းရိပ်"

ပြောပြောဆိုဆို နေမခက သူ့သူငယ်ချင်းမတွေကို ခေါ်ကာ ဆိုင်ထဲမှာ ထွက်သွားလေတော့၏။

အကွက်ချထားသည့်ကြားထဲက လမ်းကြောင်းတွေ ချော်ကုန်သည့်အတွက် ရာဇာ့မျက်နှာက မအီမလည်ဖြစ်နေသည်။

နိုင်ဇေယျလည်း ရုတ်တရက်ဘာပြောရမှန်းမသိ။ နေနေ အဲလောက်ထိ ပွင့်ပွင့်လင်းလင်းပြောချလိမ့်မည်ဟုလည်း မထင်ထားတာမို့ အံ့အားသင့်သွားရသည်။

"ဟဲ . . . ဟဲ . . . စိတ်မရှိနဲ့နော် ဝေဟင်။ နေနေက အဲလိုပဲ အိမ်က အလိုလိုက်ထားတော့ နည်းနည်းဆိုးတယ်"

ဝေဟင့်မျက်လုံးမှာ ဝမ်းနည်းအားငယ်ရိပ်၊ ရှက်ရွံ့ကြေကွဲရိပ်တွေ ပြည့်လျှမ်းနေလေသည်။

"ရပါတယ် အစ်ကို။ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"





ရာဇာက သက်ပြင်းကျိတ်ရှိုက်၏။

အဲသလောက်အထိ ရှက်ရွံ့အနေရခက်စေဖို့ သူတို့နှစ်ယောက်လုံး မရည်ရွယ်ခဲ့တာ အမှန်။

"ဒီကောင်က အရမ်းရိုးတာကွ။ မင်း သူ့ကို နေနေနဲ့ မိတ်ဆက်ပေးပြီး မင်းက နေနေ့အစ်ကိုဆိုတာ ဖွင့်ပြောလိုက်ရင် ဘယ်လောက်လန့်သွားမလဲ မသိဘူး။ နောက်နေ့ နေနေ့နောက်ကို လိုက်ရဲမှာတောင် မဟုတ်တော့ဘူး။ ဒီကောင်က အရမ်းလည်း အားနာတတ်တာကွ"

ဒီဇာတ်ကွက်မှာ ရာဇာက ဇာတ်ညွှန်း၊ နိုင်ဇေယျက ဒါရိုက်တာ။

သူတို့က ဝေဟင်ဖြစ်သွားပုံတွေကိုကြည့်ပြီး ဟားဖို့ ရည်ရွယ်စီစဉ်ခဲ့ပေမယ့် ဇာတ်နာအောင် လုပ်သွားသော နေမခကြောင့် ဝေဟင့်ကို သူတို့နှစ်ယောက်လုံး သနားသွားမိသည်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်။ သူနဲ့ ကျွန်တော်က ရွယ်တူပဲ။ ရွယ်တူချင်း စောင့်ရှောက်စရာမှ



www.burmeseclassic.com

www.burmeseclassic.com



မလိုတာ။ ဒါပေမဲ့ အစ်ကို စိတ်ချပါ။ ကျွန်တော် သူ့ကို အတတ်နိုင်ဆုံး သည်းခံခွင့်လွှတ်ပြီး စောင့်ရှောက်မှာပါ"

ယုံပါတယ် မောင်မင်းကြီးသားရယ်။ တော်ပါတော့။



# အခန်း ( ၁၁ )

"မဟုတ်တာ။ အဲလောက်လိုအပ်လို့လား။ ဒီလိုလူကို အရေးအရာလုပ်ပြီး"

"တော်တော့ နေနေ။ ညီမလေးစကားတွေက သိပ်ကိုရင့်သီးလွန်းတယ်။ ညီမလေး ပြောလိုက်တဲ့စကားတစ်ခွန်းက သူများရဲ့မာနနဲ့ သိက္ခာကို ထိခိုက်စေတယ်ဆိုရင် အဲဒါ မတရားဘူးပဲ။ ဘာပဲဖြစ်ဖြစ် သူလည်း ညီမလေးနဲ့ အတန်းတူကျောင်းသားတစ်ယောက်ပဲ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး။ သူလိုကိုယ်လို ရှက်တတ် ခံစားတတ်မှာ ပဲ။ နောက် အဲလိုမဆင့်မခြင် မပြောနဲ့"

နိုင်ဇေယျစကားအဆုံး သူမက စူးစနဲ ပြန်ကြည့်သည်။

"ကိုကို နေ့ကို လာမအော်ပါနဲ့။ ဘယ်လောက်မှ ကြီးကျယ်တဲ့အမှားတစ်ခုကို နေ ကျူးလွန်ခဲ့တာ မဟုတ်ဘူး။ အမှန်အတိုင်း ပြောခဲ့တာ"

နိုင်ဇေယျ ဆံပင်တွေထဲ လက်ထည့်ဖွရင်း ခေါင်းယမ်းပစ်လိုက်မိ၏။

"အမှန်အတိုင်း ဟုတ်လား။ လောကမှာ အမှန်တရားတိုင်း မသင့်တော်တာတွေ အများကြီးရှိတယ်။ အဲဒါသိလား။ ပြောဖို့မသင့်တဲ့ အမှန်တရားတွေ၊ ပြောလို့မရတဲ့ အမှန်တရားတွေ အများကြီးပဲ"

"အဲလောက် နေ့ကို ဒဿနတွေဖွင့်ပြစရာမလိုပါဘူး ကိုကို။ ကိုကို့နေရာမှာ နေသာဆို ဝေဟင်ဆိုတဲ့လူကို ဒီလိုပုံစံနဲ့ ဆက်ဆံမှာ မဟုတ်ဘူး။ ကြည့်စမ်းပါဦး လူက





မအူမလည်၊ စုတ်စုတ်ပြတ်ပြတ်နဲ့ တောသားကို အရေးတယူလုပ်ပြီး နေ့ကိုတောင် လာအော်နေသေးတယ်။ တစ်ကျောင်းတည်းတက်လို့ နေနဲ့ အတန်းတူချင်တူမယ်။ ဒါပေမဲ့ အဆင့်မတူဘူး။ သူက ဘာအဆင့်မှမရှိဘူး"

နိုင်ဇေယျမျက်မှောင်ကြုတ်လိုက်မိသည်။ အောင့်သက်နာကျင်နေသော ရင်ထဲက ထစ်ချုန်းသံကို ကိုယ်တိုင်ပြန်ကြားလိုက်ရ၏။ စုတ်စုတ်ပြတ်ပြတ်နဲ့ တောသားတဲ့လား။

"အဆင့် ဟုတ်လား။ အဆင့်ဆိုတာ ဘာကိုပြောတာလဲ။ လူတစ်ယောက်ရဲ့ အဆင့်အတန်းက ရုပ်ချောတာ၊ ပိုက်ဆံရှိတာလို့ နှင် ထင်နေလား။ နှင် အခုလိုပြောလိုက်တဲ့စကားကို သူများတွေကြားထဲမှာ ထပ်မပြောမိစေနဲ့။ ကိုယ့်ရဲ့သဘောထား သေးသိမ်မှုကို သူများသိအောင် ဒီလို အောက်တန်းကျတဲ့ စကားမျိုးပြောမှ အဆင့်မရှိတာ။ လူလူချင်း ခွဲခြားတတ်တဲ့လူတွေမှ တကယ်အဆင့်မရှိတာ။ အဲဒါ မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



နေမခ အံကိုတင်းနေအောင် ကြိတ်ထားရသည်။ သူလည်း စိတ်လှုပ်ရှား ဒေါသဖြစ်ခြင်းကြောင့် အသက်ရှူပင် မမှန်ချင်တော့။

"ဟွန်း . . . ဟုတ်ပါတယ်။ နေက အဆင့်မရှိပါဘူး။ ကိုကိုပဲ အဆင့်ရှိတာပါ နော်"

"နင် ငါ့ကို မခနဲ့နဲ့ နေနေ။ ငါ နင့်ထက် အသက်အများကြီး ကြီးတယ်"

တကယ်တော့ သူနဲ့နေနေက လေးနှစ်ကျော် ငါးနှစ်နီးပါး ကွာသည်။ ကျောင်းထားတာ သိပ်မကွာတာမို့ အတန်းချင်း မတိမ်းမယိမ်းပေမယ့် အသက်ကျတော့ သူများတွေလို နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေ မဟုတ်ကြချေ။

ဒါပေမဲ့ ငယ်ငယ်ကတည်းက သူ့အပေါ် ရိုသေလေးစားခြင်းမရှိခဲ့တာမို့ ဘာပဲဖြစ်ဖြစ် နေနေက သူ့စကားမာလျှင် ပြန်မာတတ်သည်။

သူ အောက်ကျနောက်ကျချော့မှ ပြန်ပျော့ပျောင်းသွားတတ်ပြီး ဘယ်တုန်းကမှ ရိုသေလေးစားခြင်း မရှိခဲ့တာ





မို့ ဒေါသထွက်တိုင်း ကျိတ်မှိတ်မျိုချခဲ့ရတာများသည်။

သူ့ကိုစံပြောတာ ဖေဖေနှင့်မေမေသိလျှင် လုံးဝသည်းမခံခွင့်မလွှတ်တတ်ချေ။

နေနေ အရိုက်ခံရမှာ မကြည့်ရက်သော သူကပော်ရုံဟန်ရုံဆို ကျိတ်ခံသည်။ ဘယ်တော့မှ ပြန်မတိုင်။ သည်းခံတတ်မှန်းသိတော့ သူမက ပိုပြီးခရောင့်တက်သည်။ တစ်ခွန်းမခံ နှုတ်လှန်လိုး၏။

ဘယ်လိုပိုဗီဇတွေ သန္ဓေတွေကွဲပြားမှန်းမသိ။ အစစအရာရာ နိုင်ဖေယျက နိမ့်ချရိုကျိုးသလောက် နေမခကရင့်သီးမောက်မာသည်။

အိမ်က ထမင်းချက်၊ ဒရိုင်ဘာ စတဲ့အလုပ်သမားတွေကို ဆက်ဆံတာကအစ နိုင်ဖေယျက ရည်မွန်ယဉ်ကျေးသလောက် သူမက ဆူရငေါက်ရမှာ ဝန်မလေး။

စိတ်သဘောထား ခက်ထန်သလောက် နေမခက မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ဆုနဲ့ ပြည့်စုံသည်။ ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်တာ ရှစ်တန်းလောက်ကတည်းကပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူမကြောင့် နိုင်ဇေယျမှာ ရန်ပွဲတွေ အကြိမ်ကြိမ်နွှဲရ၊ ရုံးရောက်၊ ရဲစခန်းရောက် ဖြစ်ရတာလည်း မနည်းမနော။

သူမအပြစ်လွတ်အောင် ဘယ်လောက်ပဲကာကာ ကျေးဇူးတင်ဖော်မရ။ အိမ်ကိုပြန်တိုင်တယ်၊ တို့တယ် ထောင်တယ်ဆိုပြီး ရန်တွေ့ခံရတာ ဘယ်နှကြိမ်မှန်းတောင်မသိ။

ဒီလို ညီမဆိုးမျိုးနှင့် ဘယ်ရေစက်ကြောင့် ဆုံခဲ့ရမှန်းမသိသော်လည်း နိုင်ဇေယျ ကျေနပ်ပါသည်။ ညီမလေး အသားကို နာကျင်အောင် တစ်ခါမှ မတို့မထိဖူး၊ ဆူးခြစ်ရာလေးတောင် မထင်အောင် သူ စောင့်ရှောက်ခဲ့သည်။

ဒါတွေကို သူမက ကျေးဇူးတင်ရကောင်းမှန်း နားမလည်။ စေတနာတွေပါလားလို့လည်း အသိအမှတ် မပြုခဲ့ချေ။

အဲဒီအတွက် သူ ဘယ်သူ့ကို တိုင်တည်ရင်ဖွင့်ရ





မှန်းလည်း မသိဘဲ တစ်ယောက်တည်းသာ ကျိတ်မနိုင်ခဲမရ ကရုဏာဒေါသောတွေ အပြည့်နှင့်။

"အုံ့ဩတယ် . . . သိပ်အုံ့ဩတာပဲ။ နေ့ကို နှောင့်ယှက်နေတဲ့လူဘက်က ဆတ်ဆတ်ခါနာနေတယ်"

တိတ်ဆိတ်နေရာမှ ရုတ်တရက် ထပြောလိုက်သော နေမခအသံကြောင့် သူ ဆတ်ခနဲ ငဲ့စောင်းကြည့်လိုက်သည်။

သူမက ဆိုဖာပေါ်မှာ ခြေချိတ်ထိုင်ရင်း သူ့ကို စောင်ပေပေ ပြန်မော့ကြည့်သည်။ နှုတ်က မတုန့်ပြန်ခင် မျက်လုံးအကြည့်တွေမှာ မြားတွေထည့်ပစ်လွှတ်နေပါသော သူတို့နှစ်ယောက်။

"ဂါ သူ့ဘက်က နာလို့ပြောနေတာ မဟုတ်ဘူး။ မိန်းကလေးဖြစ်ပြီး စကားပြောတာ မဆင်ခြင်လို့ ဆုံးမနေတာ။ ဧတနာကို မစော်ကားနဲ့"

"ဩော် . . . ဩော် . . . စေတနာတွေပေါ့။ နေ့ကို အရိုင်းအစိုင်းတစ်ယောက်လို ဆက်ဆံတာ ကိုကို့ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့ ဟုတ်လား။ ဘာလဲ တော်စေချင်တာလား။ တတ်စေချင်တာလား။ ဆောရီးပဲ ကိုကို နေက အစကတည်းက ဗိုင်းကောင်းကျောက်ဖိ သမီးလိမ္မာမဟုတ်ဘူး။ ကိုကိုပဲ ဖေဖေနဲ့မေမေရဲ့ အထင်ကြီးမှုတွေရအောင် ပိုအရေးပေးအောင် အဲလိုဆက်နေပြလိုက်ဦး"

စကားအဆုံးမှာ သူမက နေရာမှသုတ်ခနဲ ထကာ ခြေသံပြင်းပြင်းနှင့် ထွက်သွားလေတော့၏။

ဖေဖေနဲ့မေမေရဲ့အထင်ကြီးမှုတွေ ရအောင်တဲ့။

သူ့ရင်ကို နာကျင်နွမ်းလျစေသည့် တစ်ခွန်းတည်းသော အနိုင်ပိုင်းစကားကိုဆိုကာ သူမက ထွက်သွားခဲ့သည်။

သူ တောက်မခတ်မိအောင် ထိန်းရင်း အံကြိတ်ထားမိ၏။

ဝမ်းနည်းလွန်းရင် မျက်ရည်မကျဘဲ ငိုကြွေးလို့ ရပါသလား။

ငိုကြွေးမိရင်တောင် အက်ကြောင်းထနေတဲ့ ရှိုက်



သံတွေ ထွက်မလာအောင် တားဆီးထားနိုင်ပါလား။

ဘာဆိုဘာမှအခွင့်အရေးမပေးတာက အကောင်းဆုံးပဲဖြစ်ပါလိမ့်မည်။

အတိတ်ကိုမျှော်ကြည့်တိုင်း ရင်နင့်ရလွန်းလို့လေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ကြည်ဖြူပြောတာတွေ နားထောင်ပြီး နေ မဲ့ပြုံး တစ်ချက် ခါးသက်နစ်ရှစွာ ပြုံးလိုက်မိသည်။

ရင်ထဲမှာ တဆစ်ဆစ်နာလာတာက တစ်ကိုယ်လုံးကို ပျံ့နှံ့စိမ့်ဝင်နေပြီဟုလည်း ခံစားလိုက်ရ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့တော့။ အပျော်တွဲတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ပြီးတော့ နင့်မိဘတွေကို အရွဲ့တိုက်ချင်လို့များ . . . "



"တော်စမ်းပါဟာ။ အပျော်တွဲတာဆိုလည်း ငါ ခွင့်မလွှတ်နိုင်ဘူး။ ငါ့အရင်က သူ့မှာ ဘယ်လိုဇာတ်လမ်းအရှုပ်တွေပဲရှိခဲ့ရှိခဲ့ ငါ ခွင့်လွှတ်နားလည်ပေးလို့ရတယ်။ ငါ့ကို ဘယ်လောက်ချစ်ပါတယ်၊ သံယောဇဉ်ရှိပါတယ်၊ သစ္စာရှိပါ့မယ်ဆိုပြီး ကတိတွေ အတန်တန်ပေးပြီးမှ။ အဲဒီစကားတွေနဲ့ ငါ့မှာတော့ အရည်တွေပျော်လို့၊ ရူးလိုက်ရတာ။ ငါ့ကို တကယ်ချစ်တဲ့ ယောက်ျားတစ်ယောက်က ငါ့မိဘကို အရွဲ့တိုက်ချင်တာနဲ့ပဲ ငါ့နှလုံးသားကို ဓားစာခံလုပ်ပစ်ရက်သလား။ အသည်းခွဲရက်သွားပြီလား။ ငါ သူ့ကို ဘယ်လောက် သံယောဇဉ်ထားသလဲ၊ သစ္စာရှိသလဲဆိုတာ နင်တို့ အသိဆုံး။ အဲဒါကို သူ လုပ်ရက်တယ်ဟာ"

နေပြောရင်း စိတ်မထိန်းနိုင်တော့ဘဲ လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိသည်။

လွမ်းရိပ်က နေ့ ပခုံးကို အသာပုတ်ရင်း . . .

"မငိုပါနဲ့ နေရယ်။ နင်လို မိန်းကလေးနဲ့ မထိုက်

www.burmeseclassic.com

www.burmeseclassic.com



လို့ လွဲသွားတဲ့ အပေါစားယောကျ်ားတစ်ယောက်အတွက် အသည်းကွဲတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ စစ်ပြေငြိမ်း မှာ မက်မောလောက်တဲ့ အရည်အချင်း ဘာမှမရှိဘူး။ ဒါမို့ များ မလွမ်းလောက်ပါဘူး"

"လွမ်းလို့ ငိုတာမဟုတ်ဘူးဟဲ့။ နမြောလွန်းလို့ မျက်ရည်ကျတာလည်း မဟုတ်ဘူး။ ငါ ပေးလိုက်ရတဲ့ ချစ် ခြင်းတွေအတွက် နမြောနေတာ။ ယူကျုံးမရဖြစ်နေတာ။ ငါ သူ့ကို လုံးဝမကျေနပ်ဘူးဟာ"

ဝမ်းနည်းနေရာမှ ဒေါသတွေဖြစ်လာကာ သွေးရူး သွေးတန်းဖြစ်နေသော နေ့ကို သူငယ်ချင်းနှစ်ယောက်က ကရုဏာသက်သလို ငေးနေကြ၏။

နေ မကျေမနပ်ဖြစ်မယ်ဆိုလည်း ဖြစ်လောက် သည်။ စစ်ပြေငြိမ်းဆိုတဲ့ကောင်လေးဟာ ကိုယ်တိုင်တော့ အရည်အချင်းမရှိဘဲ ပွေချင်တိုင်းပွေ၊ ရှုပ်ချင်တိုင်းရှုပ်ပြီး နေနဲ့ လွတ်လွတ်လပ်လပ်တွေ့ခွင့်မရတော့ နောက်တစ် ယောက်ကို အလွယ်ကလေး ကောက်တွဲသွားသည်။



အကြောင်းပြချက်ကတော့ ရှင်းပါသည်။

ချုပ်ချယ်လွန်းပြီး သူနဲ့မတွေ့မတန်ဘူးပြောတဲ့ နေ့ မိဘတွေကို အရွဲ့တိုက်ချင်လို့ပါတဲ့။

ကိုယ်တိုင်သာယာစိတ်ဝင်နေတာတော့ ထည့် မပြော။

"တောက်"

နေ တောက်ခေါက်လိုက်၊ အံကြိတ်လိုက်နှင့် အတော်လေး ဒေါသဖြစ်နေရှာသည်။

လွမ်းရိပ်နှင့်ကြည်ဖြူလည်း ဘယ်လိုမှကြံရာမရ သည့်အဆုံး သိသလောက် မှတ်သလောက်နှင့် အားပေး နှစ်သိမ့်ကြရလေ၏။

"စိတ်ဓာတ်မကျနဲ့ နေ။ တကယ်တော့ လူ့ဘဝ ဆိုတာ စာအုပ်တစ်အုပ်ပဲ။ ကိုယ်မကြိုက်တဲ့စာမျက်နှာတွေ ထားပစ်ခဲ့လိုက်တော့ ဘာမှပြန်ကြည့်ပြီး ကြေကွဲနေစရာ မလိုဘူး။ ယောကျ်ားတွေက ဒီအတိုင်းပါပဲဟာ ကိုယ့်ဆီက အချစ်မှ မရရင် သေရပါတော့မယ်၊ ရူးရပါတော့မယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ငါးစိမ်းမြင် ငါးကင်ပစ်ကြတာချည်းပဲ။

ဘာကောင်းတာရှိလဲ။ ဘယ်မှာလဲ သူတို့ရွတ်ပြတဲ့ သစ္စာတွေ၊ ကတိတွေ။ လေထဲကလာပြီး လေထဲ ပျောက်သွားတာချည်းပဲ မဟုတ်လား"

"ဟုတ်တယ် နေ။ ကြည်ဖြူပြောတာ မှန်တယ်။ ဒီနေ့ကစပြီး နင့်အသည်းကို မာနိုင်သမျှမာအောင် ကြိုးစား။ ကိုယ့်ကို အပျော်ထားချင်တဲ့လူကို ကိုယ်က ပြန်ကစားတာ တရားပါတယ်ဟာ"

နေ့မျက်ဝန်းလေးတွေ ရူးစနဲ လင်းလက်သွားရသည်။ ဟုတ်တာပေါ့။

ဘာဖြစ်လို့ မျက်ရည်တွေနဲ့ အချိန်ဖြုန်းရမှာလဲ။

စစ်ပြေငြိမ်းထက် သာတဲ့ ကောင်လေးတွေ နေ့ ဘေးမှာ ဝိုင်းဝိုင်းလည်လို့။

သစ္စာတရားကို ဦးထိပ်ရွက်ထားတဲ့ အချစ်ရူး မလေး နေဆိုတာ ဒီနေ့ ဒီနေရာမှာပဲ သေဆုံးသွားခဲ့ပြီ။

သူနဲ့အတူ ချစ်တတ်ခံစားတတ်တဲ့ အသည်းနှလုံး



လည်း ကွဲကြေပျက်စီးသွားပြီ။

တကယ်တော့ ချစ်သူရှိတဲ့ဘဝဟာ ကြွေသော ရွက်ဝါ၊ လှသောအိပ်မက်ပဲ။ တစ်ဘဝမှာ နှစ်ခါပြန်မရနိုင်မှ တော့ ဘာလုပ်မလဲ။

နေမျက်ရည်တွေကို စပ်ကြမ်းကြမ်း ဖိပွတ်သုတ် ပစ်လိုက်သည်။

"ငါ မငိုတော့ဘူး လွှမ်းရိပ်။ ဒီနေ့ကစပြီး ငါ့ အသည်းကို အတုအယောင်တစ်ခုနဲ့ အစားထိုးဖုံးကွယ်ထား မယ်။ ချစ်တော့ ချစ်မယ်။ တကယ်မချစ်ဘူးဆိုတဲ့ သဘော ပေါ့။ ယောကျ်ားတစ်ယောက်ကြောင့်၊ ငါ မငိုဘူး။ ငါ့ကြောင့် ပဲ သူတို့ ငိုရစေမယ်"

"ဒီလိုမှပေါ့ နေရယ်"

"ဟုတ်တယ်။ နင် အဲလိုမာကျောစမ်းပါ။ နင်က အစုထိ စင်ပေါ်ကလူပါ နေရယ်။ ယောကျ်ားတစ်ယောက်ရဲ့ နှလုံးသားကို လက်ဖဝါးပေါ်တင်ပြီး လှလှပပလှည့်ပတ် ကစားပြလိုက်စမ်းပါ။ နှလုံးသားနဲ့တင်တဲ့အကြွေးကို

www.burmeseclassic.com

www.burmeseclassic.com



တောင်းဖို့ နလုံးသားတွေဆီမှာပဲ လက်ဖြန့်ရလိမ့်မယ်နော်"

ကြည်ဖြူစကားအဆုံး နေ မှဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။

မျက်ဝန်းမှမျက်ရည်စတွေ အလွယ်တကူ ခြောက်သွားပေမယ့် ရင်က တဆစ်ဆစ်နာကျင်စူးရှနေတုန်းပင်။ ဒါပေမဲ့ သောကမဟုတ်သည့် ဒေါသက ကောက်ရိုးမီးလိုဟုန်းခနဲ ထတောက်သည့်အခိုက် ဆုံးဖြတ်ချက်က ပိုပြီးခိုင်မာတိကျသွားသည်။

ဟန်ဆောင်ပြုံးတွေ၊ ချိုသာညက်ညောသည့်မာယာတွေ၊ တီတာဖွဲ့နွဲ့သည့် အသေချော်တမကသော အညှုအချွဲတွေ၊ တစ်ဖက်သားကို ယုံစားစေနိုင်သော စကားလုံးလှလှလေးတွေ . . . အားလုံးကို သင်ပေးခဲ့တဲ့အတွက် ကျေးဇူးပဲ စစ်ပြေငြိမ်းရေး။

အဲဒီပညာတွေနဲ့ ဒီနေ့ကစပြီး အကောင်အထည်ဖော်မှာ အသည်းခွဲကစားနည်းတဲ့။





## အခန်း ( ၁၃ )

"အဓိပ္ပာယ်မရှိတာ ဝေယာင်ရာ။ အဲဒါနဲ့ပဲ မင်းကနောက်ဆုတ်လိုက်ပြီပေါ့ ဟုတ်လား"

"ဘယ်တုန်းကမှ ရှေ့မတိုးလိုက်ရတာပါ အောင်ကိုရာ"

သူ့အဖြစ်က ပွဲမစခင် Game Over ဖြစ်နှင့်နေပြီလေ။ တကယ်တော့ နေမခက ဝေယာင့်အတွက် မနမ်းအပ်သည့်ပန်း၊ မလှမ်းအပ်သည့်အရာ ဖြစ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးကွာ။ မင်းကလည်း စာအုပ်ကြီးသမားပဲ။ အမေမှာတဲ့ ဆန်တစ်စိတ် တစ်အိတ်နဲ့ မလဲဘူးဆိုတာ မင်းလိုကောင်မျိုးဖြစ်မှာ။ မဆီမဆိုင် မင်းက ဘာကိစ္စနဲ့ နေမခကို စောင့်ရှောက်ရမှာလဲ။ မဖြစ်နိုင်တာ။ ဒါ သက်သက်မဲ့ မင်းကို အရှုံသတ်တာကွ"

"အရှုံသတ်တာမဟုတ်ဘူး။ ဒီကောင် အရှုံဖမ်းခံရတာ"

"ဟာ . . . အရှုံတွေ၊ အရှုံတွေ လုပ်မနေနဲ့။ ဒါ လုံးဝအဓိပ္ပာယ် မရှိဘူး။ မင်းနောက်ဆုတ်စရာမလိုဘူး။ နေမခကို ဆက်ချစ် ဆက်လိုက်ကွာ"

ဖွတ်အတင်းမြှောက်ထိုးပင့်ကော် လုပ်နေကြသော သူငယ်ချင်းတွေကို ကြည့်ပြီး ဝေဟာင် သက်ပြင်းရှိုက်မိ၏။

"ငါ သူ့ကိုချစ်တဲ့အချစ်ကို ရင်ထဲမှာပဲ သိမ်းထားလိုက်တော့မယ်ကွာ"

"ဘာ"



ဝေဟာင် ပြောလိုက်သည့်စကားကို အံ့အားသင့်စွာ ဝင်းဇော်က ဘာခန့် ရေရွတ်သည်။

သူ့အော်သံမှာ အတော်ကလေးကျယ်လှသောကြောင့် မုန့်ဟင်းခါးစားနေသော ကောင်မလေး တစ်ယောက် လန့်ပြီး သီးသွားသည်။ ရုက်ကိုးရုက်ကန်းနှင့် သူတို့အုပ်စုကို မျက်စောင်းရွယ်ရင်း ရေနွေးခွက်ကို ကောက်အသောက် . . .

"ဖွီး . . . အမယ်လေး . . . ပူလိုက်တာ"

ရေနွေးက အခုမှ အသစ်လဲပေးထားတာ ထင်သည်။ ကောင်မလေးခမျာ အတော်ကလေးခံစားလိုက်ရရှာ၏။

ဝေဟာင် စိတ်မကောင်းဖြစ်စွာ ငေးကြည့်နေစဉ် သူမက နှုတ်ခမ်းလှုပ်ရှဲ လှမ်းဆဲလေသည်။

ခြော် . . . ဘာမှမဆိုင်ဘဲ ဒီအတိုင်းနေတာတောင် မေတ္တာပို့ခံနေရသည့်ဘဝပါလားဟု ကိုယ့်ဘဝကို သံဝေဂရသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီရက်အတောအတွင်း သူကိုယ်က ကံမကောင်းတာဖြစ်မှာပါ။

"မင်းအဖြစ်ကလည်း ငါ ဖတ်ဖူးတဲ့ဟာသထဲကလို ဖြစ်နေပြီ။ ဗေဒင်ဆရာက ဟောသလိုပေါ့။ အခုတလော ညံ့နေသေးတယ်။ မွေးလကျော်ရင် လက်ခမောင်းခတ်ဖို့သာ ပြင်တော့တဲ့။ ဘာတွေများ ကံကောင်းလာမှာလဲလို့။ လက်ဝှေ့ကြိုးဝိုင်းထဲဝင်ရမှာ ဆိုသလိုပဲ။ မင်းလည်း နေမခအစ်ကိုနဲ့ ကြည်ဖြူကျေလည်နေပြီးမှ နေမခကို ပေါ်ပေါ်ထင်ထင်တောင် ချစ်ခွင့်မရဘူးဆိုတော့"

အောင်ကို့စကားအဆုံးတွင် မောင်ထွေးက ခွီးခနဲရယ်သည်။

"ဟော . . . ဟိုမှာလာပြီကွ"

ဝင်းဇော်စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်စွာ လမ်းမဘက်သို့ မျှော်ကြည့်လိုက်၏။

"မင်းတို့က ဘာကြည့်တာလဲ။ ဟိုမှာ ဆွေဇင်ဝင်း လာလို့ ငါ့ဘာသာ အားရဝမ်းသာ ရေရွတ်တာ။ မင်းတို့နေခဲ့တော့ ငါလိုက်သွားဦးမယ်"



ဝင်းဇော်စကားအဆုံး အောင်ကိုက မျက်မှောင်ကြုတ်သည်။

"သွား . . . သွား . . . ဆွေဇင်ဝင်းရဲ့ ငယ်ကျွန်ကြီးရေ"

အောင်ကို ဘယ်လိုပြောပြော ဝင်းဇော်က အပြုံးမပျက်။ ချစ်သူအပတွက်ဆို အရိုးကြေကြေ အရေခန်းခန်း စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်မည့် သူ့ရဲကောင်းအသွင်နှင့် ရင်ကော့ ထွက်သွား၏။

"ဟင်း . . . ဆွေဇင်ဝင်းအတွက်ဆို အသက်ကာယ ဝတ်စုံဝတ်ပြီး မဟာသမုဒ္ဒရာထဲ လက်ပစ်ကူးမယ့်ကောင်"

တင်မောင်ထွေးက မဲ့ရွဲ့ပြီး ဝေဖန်လေသည်။

တကယ်တော့ ဝေဟင့်အချစ်က ဝင်းဇော်ထက် အဆတစ်ရာလောက် သာပါသည်။

စွန့်လွှတ်ခြင်းနဲ့ချစ်တဲ့အချစ်ထက် ကြီးကျယ်မြင့်မြတ်တာ ဘယ်မှာရှိတော့မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ် ဝေဟင်ရေ ခေတ်ပေါင်းဝတ္ထုထင်တာပဲ။ ခပ်မှေးမှေးတောင် ဖြစ်နေပြီ စာသားတွေလည်း အတိအကျမမှတ်မိတော့ဘူး။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ကွာ . . . လူရှိုးလူအေးတွေက ဘယ် အရာမဆို စွန့်လွှတ်ဆုံးရှုံးရတာတွေ များတယ်တဲ့။ မတရား သဖြင့်လည်း ဘာကိုမှမယူတတ်ဘူးတဲ့။ ဒါပေမဲ့ အဲလို မတရားမလုပ်ခဲ့တဲ့အတွက်လည်း သူတို့ဘဝတစ်သက်လုံး လိပ်ပြာသန့်သန့်နဲ့ နေသွားနိုင်တယ်တဲ့လေ"

အောင်ကို့စကားကြောင့် မျက်တောင်လေး ပုတ် ခတ်ပုတ်ခတ်လုပ်နေတဲ့ ဝေဟင့်မျက်လုံးအကြည့်တွေက လေးနက်တည်ငြိမ်သွားသည်။

"မင်းကလည်း အရှုံးဘုံမြောက်သွားလုပ်နေပြန်ပြီ။ မင်းပြောတာနဲ့ ဝေဟင်လည်း သောတာပန်တည်တော့ မယ်။ စွန့် . . . ပေ့ာကောင်ရေ အကုန်သာစွန့်။ မင်းလောက် သဘောထားကြီးတဲ့ကောင်လည်း ဒီကျောင်းမှာ မရှိတော့ပါ ဘူး။ ဘယ်နယ့်ကွာ . . . ကိုယ့်ရဲ့ခံစားချက်အတိုင်းတောင်





မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်မရဘူးဆိုတော့ ရှေ့ ဆက် ဘာလုပ်စားမလဲ"

တင်မောင်ထွေးရဲ့ ကရုဏာဒေါသ စကားကြောင့် ဝေဟင်မျက်နှာငယ်လေးနှင့် ငြိမ်သွားသည်။

"မင်း ဘာမှနောက်ဆုတ်စရာမလိုဘူး ဝေဟင်။ ရှောင်ပေးစရာလည်း အကြောင်းမရှိဘူး။ ဒီနယ်မြေမှာ မည်သူမဆို လွတ်လပ်စွာ ချစ်ခွင့်ရှိတယ်။ ဒါ ငါ့ရဲ့သဘော ထားပဲ"

အောင်ကိုက လက်ဟန်ခြေဟန်နှင့် မေးတွေ ငေါ့ ခေါင်းတွေစောင်းကာ မာန်ပါပါပြောလေသည်။

"တကယ်တော့ မိန်းကလေးတွေဆိုတာ ဆယ် နာရီပန်းလိုပဲကွ။ သူတို့ရဲ့အလှက ထာဝရမဟုတ်ဘူး။ တဖြည်းဖြည်း ကုန်ဆုံးသွားတဲ့အချိန်နဲ့အတူ အိုမင်းရင့်ရော် နွမ်းကြွေသွားရမှာ။ ဆယ်နာရီပန်းကလေးတွေ နေမြင့်ရင် နွမ်းသွားသလိုပဲ သူတို့လည်း နေမြင့်ရင် အရွေးရင့် . . . အဲလေ . . . ကိုယ်မခြွေလည်း ကြွေ၊ ကိုယ်မနမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



နှမ်း။ ဒါ ဇရာသဘောတွေပေါ့ကွာ"

"ဟော . . . ပြောရင်းဆိုရင်း ဝေဟင့်ရဲ့ ဆယ်နာရီပန်းလေး လာပြီကွ"

အဲလိုကျတော့လည်း သူ မကြည့်ဘဲမနေနိုင်။ နေမခဆိုတာနှင့် ဝေဟင်တို့ အလိုလိုနေရင်း မျက်စိဖွင့်နားကိုစွင့်ထားပြီးသား ဖြစ်နေသည်။

"ဟာ . . . ဟ . . . ဘယ်လိုဖြစ်တာလဲ ဝေဟင်။ မင်းပန်းဒေးမှာ ဆောင့်ကြွားကြွားနဲ့ သကောင့်သား တစ်ကောင်လည်း ပါလာတယ်ဟ။ အဲ့ကောင် . . . အဲ့ကောင် ဘယ်မေရျာကလဲ။ ငါ မြင်ဖူးသလိုပဲ"

တင်မောင်ထွေးစကားကြောင့် နေမခကိုပဲ အငမ်းမရ ငေးမောနေမိသော ဝေဟင်မှာ ဘေးကလူကို သတိထားလိုက်မိပါသည်။ ပုံစံကတော့ ကောင်မလေးတွေအကြိုက် ကိုရီးယားမင်းသားလို အရပ်မြင့်မြင့်၊ နဖူးပေါ် ဖုံးနေသော ဆံပင်တစ်ခြမ်းစောင်းရှည်ရှည်နှင့် ဖြစ်ပါသည်။ ဝတ်စားထားတာကလည်း ပျံလန်ထွက်နေ၏။





"ဟ . . . ဒီကောင် ဘာကောင်လဲဟ . . . ဟော။ လက်ဝတ်လက်စားတွေကလည်း အပြည့်အစုံပါပဲလား။ ကြည့်စမ်း နားကပ်တွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေနဲ့ ဒီကောင် ဘာတုန်း"

"အေးလေကွာ။ သူ့ကြည့်ရတာ မျက်စိနောက်လိုက်တာ။ ဘောင်းဘီကလည်း ငယ်ငယ်ကဝတ်တဲ့ ဘောင်းဘီကြီး ပြန်ကောက်စွပ်လာသလိုပဲ။ ကျပ်တစ်တစ်၊ တိုနန့်နန့်နဲ့။ အံမယ် . . . ဘောင်းဘီသာကျပ်တာ အပေါ်ကတော့ အနွေးထည်တွေ ဘာတွေတောင် စွတ်လာသေး။ ဟော . . . ဒီကောင့်မျက်လုံးကလည်း မည်းတူးနေတာပဲ။ ရှာက နတ်ကတော်မိသိန်း အလှပြင်ထားသလိုပဲဟ"

အောင်ကိုတို့ တင်မောင်ထွေးတို့က ခရမ်းသုံးခွနယ်မှ ရွာသားများပီသကြပါပေသည်။ တဟော့ဟော့ တဟာဟာနှင့် ထိုကောင်လေးကို ကြည့်ပြီး အားမနာတမ်း ဝေဖန်နေကြသည်။

သူတို့ ဝေဖန်မယ့်သာ ဝေဖန်တာပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ နေမခ ဘေးကလူရဲ့ဒီဇိုင်းက အားလုံးကြားထဲမှာ ထင်ထင်ရှားရှားနှင့် တစ်မျိုးတစ်ဘာသာ ကွဲကာ ရုပ်ရှင်မင်းသားလို ကြည့်ကောင်းနေတာတော့ အမှန်ပင်။ ဘဝပေးကုသိုလ်ကလည်း ကောင်းသည်ထင့်။

ကျောပိုးအိတ်နှင့် ဟန်းဖုန်းကလည်း အကောင်းစား။ ဖိနပ်ကလည်း အလွန်ဈေးကြီးသည့် All Star။

ရုပ်ကလည်း ဖြောင့်၊ အသားကလည်း ဖြူဆိုတော့ . . .။ ဝေဟင် ဆက်မတွေးတော့ဘဲ မျက်နှာလွှဲလိုက်သည်။ သူ့ဘေးက နေမခကရော။

အင်း . . . သူမလည်းလှနေမှာပေါ့။ ကျောင်းစည်းကမ်းအရ ထဘီနဲ့အင်္ကျီပဲ ဝတ်ပေမယ့် သူမကလည်း တခြားကျောင်းသူတွေလို ရိုးရိုးကြီးမှ မဟုတ်တာ။ ဝတ်စုံက အဝါဆို တခြားအသုံးအဆောင်တွေလည်း အဝါ။ ဝတ်စုံက အပြာဆို ကျန်တာတွေအားလုံး အပြာဆိုတော့ မင်းသမီးလေးလိုပဲ ထင်းထင်းလေး လှနေမှာပေါ့လေ။

"ဟာ . . . ငါသိပြီ။ ဒီကောင် Physics ကကွ။



ကင်း . . . ကင်း။ နာမည်က ပေးငါးခြောက်လုံးပဲ။ ကောင်မလေးတွေ အရမ်းကြည်တာ။ ဒီကောင်ပေါ့ အပြင်မှာလည်း သူက မော်ဒယ်(လ်)သင်တန်းတက်တယ်ဆိုလား ဘာဆိုလား"

အောင်ကိုက အလန့်တကြားထပြီးပြောလိုက်တော့ ဝေဟင့်ရင်ထဲ ဘာကြောင့်မှန်းမသိ ဝမ်းနည်းသလို အားငယ်သလို ဖြစ်သွားရသည်။

နေမခတို့ထံမှ အကြည့်လွှဲကာ ခေါင်းငိုက်စိုက်ချသွားသော ဝေဟင့်ကို ကြည့်ပြီး တင်မောင်ထွေးက စိတ်မကောင်းဖြစ်ဟန်နှင့် . . .

"စိတ်ဓာတ်မကျပါနဲ့ သူငယ်ချင်းရာ။ သေသေချာချာ ကြည့်ရင်း မင်းက ပိုချောတာကွ။ အသားလေးညိုနေလို့။ ဟိုကောင်က အခြောက်ရုပ်ပါ။ နေမခရည်းစားလည်း မဖြစ်နိုင်သေးပါဘူး။ ပြီးတော့ မင်းက နေမခနဲ့ တစ်မေဂျာတည်း၊ တစ်ခန်းတည်း ပိုပြီး အခွင့်အရေးသာတယ်၊ နေမခအစ်ကိုကလည်း မင်းနဲ့ခင်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲလို ခင်နေလို့ခက်နေတာပေါ့လို့ သူ အဘ
တိတ်ပြန်ပြောမိသည်။ တစ်ခန်းတည်းနေလည်း သူမက
ဝေဟင့်ကို တိုင်မှတ်လို့ နပ်တောင်မသုတ်ဘူးချေ။ ပြီးတော
နေမခနဲ့သူဆိုတာ ဘဝချင်းက မိုးနဲ့မြေ။ မိုးနဲ့မြေကာ
မိုးကုပ်စက်ဝိုင်းတစ်နေရာမှာ ထိစပ်နေသလို ထင်ရသေ
သည်။

သူနဲ့နေမခကတော့ အဆက်အစပ်မရှိသည့် ထိ
နဲ့ ဗိနပ်လိုဘဝမျိုးပဲ ဖြစ်လေသည်။

ခေါင်းငုံ့ထားပေမယ့် မျက်ဝန်းထောင့်မှာ သူတ
နှစ်ယောက်ရဲ့အရိပ်တွေကို လှစ်ခနဲမြင်လိုက်ရသေးသည်

"နေမခနဲ့ သူ မကြိုက်လောက်သေးပါဘူးကွာ
ခုမှ ကြိုးစားဆဲဖြစ်မှာပါ"

"မကြိုက်ရင် ဒီလိုတွဲလျှောက်ပြီး ရယ်ရယ်မော
မော စကားပြောနေပါ့မလား"

တင်မောင်ထွေးနဲ့ အောင်ကိုရဲ့ တစ်ယောက် တစ်
လှည့်မှတ်ချက်ချသံအဆုံး သူ ရေနွေးကြမ်းပန်းကန်လုံးကို



ကောက်သောက်လိုက်၏။

အေးစက်နေသော ရေနွေးကြမ်းရဲ့ ခါးသက်သက်
ဖန်ရှရှ အရသာက လျှာဖျားပေါ်ကနေ ဖြတ်ပြီး ချက်ချင်း
ပျောက်သွားပေမယ့် ရင်ထဲမှာတော့ ခါးသက်သက်ကြီး ဖြစ်
နေတုန်း။

"ငါ သွားတော့မယ်ကွာ"

"နေဦးလေကွာ။ ငါတို့လည်းလိုက်မှာပေါ့"

သူငယ်ချင်းနှစ်ယောက်က လက်ဖက်ရည်ဖိုး ရှင်း
ပြီး ကမန်းကတန်း ထလိုက်လာကြသည်။

ထိုနေ့က နေမခ အတန်းထဲဝင်လာတော့ သူ့ကို
ဖျတ်ခနဲ လှမ်းကြည့်တာကို ထူးထူးခြားခြား မြင်လိုက်ရ
သည်။ သူကတော့ ထစ်နေ့လုံး သူမကို လှမ်းမကြည့်မိ
အောင် စိတ်ကိုတင်းထားပေမယ့် စာထဲကိုတော့ စိတ်
မရောက်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

လကုန်ရက်မို့ အဆောင်မှာ ဧည့်သည်အဝင်အထွက်များကာ လူနည်းနည်းရှုပ်နေသည်။

အဆောင်မှာ အပြင်လူ အသွားအလာလုပ်ပြီး လူရှုပ်ရင် မကြိုက်။ သူငယ်ချင်းအပေါင်းအသင်းများကို အဆောင်သို့ အလည်ခေါ်ခြင်းကို ပြင်းထန်စွာ တားမြစ်သော အန်တီစောက ဒီတစ်ခါတော့ အခုလို အပြင်လူတွေ ဝင်လိုက်ထွက်လိုက် ရှုပ်ယှက်ခတ်နေတာကိုတော့ အပြစ်





မပြောပါချေ။

ဘာကြောင့်လဲဆိုတော့ လကုန်ရက် ရှုပ်နေတဲ့ ဧည့်သည်တွေက အဆောင်နေကျောင်းသားတွေရဲ့ မိဘတွေဖြစ်ပြီး တောသူတောင်သားတွေမို့ လာသမျှလူတိုင်း အန်တီစောတို့အတွက် ငါးပိ၊ ငါးခြောက်၊ ဘဲဥ၊ ကောက်ညှင်းဆန်ကစပြီး ဒေသထွက် အသီးအနှံတွေဖြစ်သည့် ဖရဲသီး၊ ခရမ်းချဉ်သီး စတဲ့ လက်ဆောင်တွေ အလျှံပယ် ယူလာတတ်လို့ပါ။

ဒီတော့ အန်တီစောတို့မှာ ဘာကိုမှ မငြိုငြင်ရက်စွာ ပျော်တပြုံးပြုံးပင်။ အဆောင်နေကျောင်းသားတွေလည်း ဒီရက်အတောအတွင်း ငွေကလည်း ရှင်နေတာမို့ အပြင်ထွက်လိုက်၊ စားလိုက် သောက်လိုက်နှင့် အန်တီစောရဲ့သဘောကောင်းမှုကို အမိအရ အသုံးချနေကြသည်။

"အောင်ကိုရေ . . . ဧည့်သည်လာတယ်ဟေ့"

အန်တီစောရဲ့အသံချိုချိုကြောင့် အောင်ကိုက အဝတ်တွေ မီးပူတိုက်နေရင်းမှ ဘေးမှာထိုင်ပြီး စာဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ဝေဟင့်ကို လက်ကုပ်ကာ မီးပူကြီးပေးပြီး ထထွက်သွားသည်။

ဝေဟင်မှာ ယောင်နနနှင့်ပင် သူတိုက်လက်စ ပုဆိုးကို မီးပူ ဆက်တိုက်ပေးလိုက်ရသည်။

"ဟာ . . . ဝေဟင် အောင်ကို့ပုဆိုးကြီး မီးပူတိုက်နေပါလား။ ဘာလဲ သူပြန်လာရင် ပိုက်ဆံချေးမလို့ ဖားနေတာ မှတ်လား"

အားလုံးက ပြောမနာဆိုမနာတွေချည်းမို့ တင်မောင်ထွေးက လှမ်းနောက်သည်။ ခုတလောမှ သိသိသာသာ စကားနည်းသွားသော ဝေဟင်ကတော့ ဘာမှ ပြန်မပြော။ ပြုံးရုံသာပြုံးနေလိုက်သည်။ အားလုံးရဲ့အိမ်က လူကြုံတွေ၊ မိဘတွေလာတာ စုံသလောက်ရှိပြီ။ အမေကတော့ အခုထိလူကြုံနဲ့လည်းမပါ၊ ကိုယ်တိုင်လည်း ရောက်မလာသေးချေ။

ရောက်မလာဆို အမေက ဒီကိုအရောက်အပေါက်နည်းသည်။

—— ရွှေအသာ ——



ဘာလို့မလာလဲ မေးတိုင်း မြို့အရပ်ဆို အမေမသွားချင် မလာချင်ဘူးတဲ့။

ပေးစရာရှိလျှင် လူကြုံနဲ့ပဲ ပါးသည်။ အမေက မြို့က လူရှုပ်ရှုပ်၊ ကားရှုပ်ရှုပ်ကို စိတ်ညစ်လို့ပဲလား မသိ။ ရန်ကုန်မပြောနှင့် သူရှိသည့် သန်လျင်ကိုတောင် မလာ။

"ဟား . . . မှားပါတယ်ကွာ။ အန်တီစောကလည်း မှားစရာမရှိ ကြံဖန်မှားသေးတယ်"

အော်ဟစ်ညည်းညူရင်း အခန်းထဲဝင်လာသော အောင်ကိုကြောင့် အားလုံး ခေါင်းထောင်ကြည့်လိုက်ကြသည်။ အောင်ကို သူ့ဘေးနားမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း . . .

"လူမှားတာတဲ့ဟေ့။ အောင်သူဝင်း မင်းအမေ ရောက်နေတယ်"

ဟု လှမ်းအော်လိုက်တော့ ရေဒီယိုစုတ်တစ်လုံးနှင့် FM သီချင်းတွေ နားထောင်နေသော အောင်သူဝင်းက ဟေ ဟု ဝမ်းသာအားရအော်ကာ ထပြေးသည်။

—— ရွှေအသာ ——

www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုကတော့ ခေါင်းတယမ်းယမ်းနှင့် သူ့အလုပ်သူ ဆက်လုပ်နေ၏။

"အန်တီစော မှားတာ အရေးမကြီးဘူး အောင်ကိုရေ။ ဝေဟင်က အပိုင်ပဲဆိုပြီး မင်းပုဆိုးကို မီးပူတွေ ဘာတွေတိုက်ပေးနေတာ။ ခုတော့ . . . သွားပြီပေါ့ကွာ။ ခဲလေသမျှ သဲရေကျ . . . အဟင့် . . . ရှုတ်"

တင်မောင်ထွေးက ဝေဟင် ငြိမ်ချက်သားကောင်းနေတာကို မလိုလားသလို ထပ်စသည်။

ဝေဟင့်စိတ်ထဲမှာတော့ သူများအမေတွေ လာနေပြီး ကိုယ့်အမေ မလာတဲ့အတွက် တစ်မျိုးကြီးခံစားနေရသည်။ ပြီးတော့လည်း . . . အမေက အိမ်မှာ ကိုယ်ခွဲရှိတာ မဟုတ်ဘူး။ တစ်ယောက်တည်းပဲလေ ဆိုပြီး ပြန်ဖြေတွေးရသည်။

"ဒါနဲ့ အောင်ကို မင်း အောင်သူဝင်းတို့အမေကို အမေလို့ မှားမခေါ်လိုက်ဘူးလား"

"ခေါ်ပါဘူး"



အောင်ကိုက စိတ်မကြည်သလို ဆောင့်အင့်အင့် ပြန်ဖြေသည်။

"မင်းနေရာမှာ ငါသာဆို ခေါ်လိုက်မှာ။ အောင်သူဝင်းမှာ ညီမလေးရှိတယ်။ မင်း ဘာသိလဲ"

"ဟေ . . . ဟုတ်လား"

သည်တော့မှ အောင်ကိုက တအံ့တဩခေါင်းထောင်လာသည်။ ပြီးတော့ ရှက်ခြေပြန်ဆည်ရင်း . . .

"မင်းတို့ကလည်းကွာ ကိုယ့်သူငယ်ချင်းညီမကို မပစ်မှားစမ်းပါနဲ့။ ဒါနဲ့ သူ့ညီမလေးက ဘယ်မှာလဲ"

"အံ . . . မာ . . . သူက သူတော်ကောင်းလိုလို ဘာလိုလိုနဲ့ ဘယ်မှာလဲတွေဘာတွေလာလုပ်နေတယ်။ မင်း သိချင်ရင် အောင်သူဝင်းလာရင် မေးလိုက်ပေါ့"

"တော် . . . တော် . . . ငါ့ကို မြွေဖမ်းမခိုင်းနဲ့"

အောင်ကိုက သူနဲ့အရပ်ထက်ဝက်နီးပါးကွာသော အောင်သူဝင်းကိုတော့ လန့်သည်။ အောင်သူဝင်းက စကားပြောရင် စက်သေနတ်ပစ်သလို တရစပ်ပြောတတ်သလို

www.burmeseclassic.com

www.burmeseclassic.com



စတော နောက်တာတောင် လက်က အလွန်သွက်သည် လေ။

ခဏနေတော့ လက်ထဲမှာ အထုပ်အပိုးတွေ၊ ချိုင့်တွေ၊ ဘူးတွေနှင့် အောင်သူဝင်း ပြန်ရောက်လာသည်။

"ဟား . . . ရိက္ခာတွေကများလှချည်လား။ ငါတို့လည်း ကျွေးဦးလေကွာ"

သူ့အစားဆို အလွန်ကပ်စေးနဲ့ပြီး ငါးပိချက်ပုလင်းကိုတောင် သော့ခတ်သိမ်းတတ်သောအောင်ကိုက အောင်သူဝင်းလက်ထဲကဟာတွေကို ကြည့်ပြီး စကားစသည်။

အောင်သူဝင်းကလည်း "အစားအသောက်တွေထက် မုန့်ဖိုးများများရရေးပဲ အာရုံထားတာမို့ . . .

"စားလေ။ ဟိုချိုင့်ထဲမှာ မုန့်ဆီကြော်တွေပါတယ်။ ယူစားကြ။ ဟိုကောင်တွေဖို့လည်း ချန်ထားဦး"

ဟုဆိုကာ အပြင်ပြန်ထွက်သွားသည်။ သူ့အမေကို ပြန်လိုက်ပို့ပြီး ရောက်လာတော့ ငါးဆင့်ချိုင့်ထဲက မုန့်ဆီကြော်က တစ်ဝက်ကျိုးနေပြီ။





"ငါ့ညီမလေးကိုလည်း ဒီထဲက တစ်ဝက်ခွဲပေးရဦးမယ်ကွ။ မုန့်တော့ မပေးတော့ဘူး။ ဟိုကောင်တွေဖို့ ချန်ရဦးမယ်။ ဟင်းပဲ သွားပို့လိုက်တော့မယ်။ သူက ရှောက်သီးသနပ်တို့ ဘာတို့ ကြိုက်တယ်။ ငါက ကြက်သားကြော်နဲ့ ငါးပိချက် ယူထားတယ်။ သူ့ကို ရှောက်သီးသနပ်နဲ့ ငါးခြောက်ကြော် ပေးလိုက်မယ်။ ဒါက ဘာပါလိမ့်။ ငါးရံ့ခြောက်ဖုတ်တွေပဲ။ ဒါတော့ ငါယူထားမယ်။ ငါးကြော်နပ်ကို သူ့ပေးမယ်။ ဟုတ်ပြီ။ ဘဲဥတွေလည်း သူချက်စားပါစေ"

အောင်သူဝင်းက အစ်ကိုကြီးပီသစွာ ခွဲတမ်းချပြီး ဆွဲခြင်းထဲကို ပုလင်းတွေ၊ ချိုင့်တွေ ထည့်သည်။

"ဖရဲသီးနှင်းပုံးကတော့ မင်းတို့အတွက် ဖယ်ထားတယ်။ သူ့ဆီလည်း မသယ်နိုင်ဘူး။ တစ်လုံး တစ်လုံး သံပုံးလောက်ရှိတယ်"

အောင်သူဝင်းက သူငယ်ချင်းတွေကိုတော့ ညီမရင်းထက် ပိုသံယောဇဉ်ရှိသည်။ သူ့ညီမများလည်း အောင်



www.burmeseclassic.com

www.burmeseclassic.com



သူဝင်းနဲ့ သူငယ်ချင်းတစ်စု စားလို့သောက်လို့ ပိုတာပ
ရမယ့်ပုံပင်။

"အောင်သူဝင်း ဟိုပုံးထဲက ဘာတွေလဲ"

"သြော် . . . ဒါ မြေပဲဆီအစစ်။ ငါ့ညီမက သူ
ဆရာမအတွက် မှာလိုက်တာလေ။ ကဲ . . . သွားမယ်။
မင်းတို့ထဲက ဘယ်သူအားလဲ"

"ဘယ်သွားမှာလဲ"

"ငါ့ညီမလေးဆီ"

အောင်ကိုက မီးပူပလပ်ကို ဆွဲဖြုတ်ကာ . . .

"ငါလိုက်မယ် . . . ငါလိုက်မယ်"

ဟုဆိုပြီး အဝတ်တွေ ကပျာကယာကောက်သိမ်း
သည်။ တင်မောင်ထွေးက ဝေဟာင်ကို လှမ်းကြည့်ပြီး
အောင်ကို့ကို မေးငေါ့မျက်စပစ်ပြ၏။

ကြာနေ့မရ ပျာယာခတ်နေသော အောင်ကို့ကို
ကြည့်ပြီး အောင်သူဝင်းက နှာခေါင်းရှုံ့သည်။

"မင်းပုံစံကြည့်ရတာ မရိုးဘူး"





"အာ . . . ငါက ရိုးရိုးပါ။ ဒီနေ့ ကျောင်းပိတ်ရက်
ဆိုတော့ အဆောင်မှာနေရတာ ပျင်းလို့ပါကွ"

"မင်းပဲ အစကတော့ အလုပ်တွေရှုပ်လို့ဆို။
အဝတ်လျှော်ရမယ်၊ မီးပူတိုက်ရမယ်နဲ့"

"အဲ . . . အဲဒါတွေ ပြီးပြီလေကွာ"

တင်မောင်ထွေးက အောင်ကို့ကို သေချာကြည့်
ရင်း . . .

"မင်းပဲ စောင်တွေလျှော်မလို့ဆို"

ဟု အချွန်နဲ့ပိုင်းမပြန်သည်။ အောင်ကို့မှာ
မျက်လုံးလေးအပြူးသားနှင့် ဘာဆက်ပြောရမှန်း မသိ ဖြစ်
နေရိုက် အောင်သူဝင်းက . . .

"ကဲ . . . လိုက်ချင်တယ်ဆိုလည်း လိုက်ခဲ့။ ဒီ
လောက်တောင် ရုပ်ပျက်ဆင်းပျက်ဖြစ်မနေနဲ့။ ဝေဟာင် . .
မင်းလည်း လိုက်ခဲ့ကွာ"

ဟုပြောလိုက်၏။ ဝေဟာင်ကတော့ လိုက်ချင်
တယ်လည်း မဟုတ်၊ မလိုက်ချင်ဘူးလည်း မငြင်းဘဲ ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သိပ်အဝေးကြီးလည်း မဟုတ်။ သူတို့အဆောင် နှင့်လည်း မနီးသော မိန်းကလေး သီးသန့်အဆောင်တစ်ခု မှာ အောင်သူဝင်းညီမ စန္ဒာဝင်းနေသည်။ ပြီးတော့ သမ ကောလိပ်တက်နေတာ ဖြစ်သည်။

ပေးစရာရှိတာပေးပြီး ပြန်ဖို့ပြင်နေတုန်း အဆောင် ရှေ့မှ ဖြတ်သွားသော စုံတွဲတစ်တွဲကြောင့် အောင်ကိုက ဝေဟာင့်ကို လက်ကုပ်သည်။

"ဟိုမှာ . . . ဟိုမှာ နေမခန့်တွဲတဲ့ကောင် မှတ် လား။ သူ့ဘေးက ကောင်မလေးက . . ."

အောင်သူဝင်းညီမ စန္ဒာဝင်းက အောင်ကိုနဲ့ ဝေဟာင်ကို လှမ်းကြည့်ပြီး . . .

"အဲဒါ အစ်ကိုကြီးတို့သူငယ်ချင်းလား။ သူက အရှေ့ပိုင်းတက္ကသိုလ်ကလေ။ သူ့ကောင်မလေးက ညီမ လေးတို့ကျောင်းကပဲ။ ကျောင်းပိတ်ရက်တိုင်း လာတွေ့ တယ်။ သူ့ကောင်မလေးက ဟိုဘက်လမ်းထဲမှာ နေတာ"

—— ရွှေဝေသော ——



ဟုပြောပြလေသည်။

"ဪ"

ဝေဟာင်က ဪလို့ပဲ ရေရွတ်ပေမယ့် အောင်ကို ကတော့ . . .

"ဟာ . . . ဒီကောင် ဘာကောင်လဲကွ။ ကျောင်း တက်ရတဲ့ရက် နေမခန့်တွဲပြီး ခုကျတော့ ကောလိပ်က ကောင်မလေးနဲ့ကြိုက်နေပြန်ပြီ။ သူက ဘယ်ကကောင်လဲ"

ဟု ဒေါသဖြစ်စွာ ရေရွတ်လိုက်တာမို့ စပ်စုတတ် သော မိန်းကလေးပီပီ အစုံသိထားဟန်ရှိသော စန္ဒာဝင်းက

"သူက အရမ်းချမ်းသာတယ်တဲ့၊ ထားဝယ်ကဆို လား၊ မြိတ်ကဆိုလား ကျောင်းလာတက်တာတဲ့"

ဟု ဝင်ပြောလိုက်တော့ အောင်သူဝင်းက . . .

"နင်ကလည်း စာမကျက်ဘဲ အဲဒါတွေပဲ လိုက်စုံ စမ်းနေလား။ သိလိုက်တာ စုံနေတာပဲ"

စန္ဒာဝင်းက သူ့အစ်ကိုကို မျက်စောင်းရွယ်ရင်း ပေးထားသောပစ္စည်းတွေဆွဲကာ အဆောင်တွင်းသို့ ဝင်

—— ရွှေဝေသော ——

www.burmeseclassic.com

သွားလေတော့၏။

အပြန်လမ်းကျမှ ဝေဟင် တောက်တစ်ချက် ခေါက်မိသွားသည်။

ဒီကောင် ဘာလဲ။ လူရှုပ်လူပွေတွေတစ်ယောက်က နေမခကို အပျော်ကြံနေတာလား။

အသားလွတ်လာကျောနေတာလား ဆိုတဲ့ မခံချင်စိတ်ကနေ စိုးရိမ်ပူပန်သွားရ၏။

ဒါတွေ နေမခ သိအောင် သူ ဘယ်လိုလုပ်ရမလဲ။

သိပ်ချစ်မိတော့ မင်းအတွက် ရင်မောရတယ် နေမခရယ်။





## အခန်း ( ၁၅ )

"ဝေဟင် . . . တစ်မနက်လုံး ဘယ်ပျောက်သွားနေတာလဲ။ ကိုနိုင်ဇေယျတောင် မင်းကို လာရှာသွားသေးတယ်။ ငါကတော့ မင်း အတန်းထဲမှာပဲရှိမယ်ထင်လို့ အတန်းထဲမှာလို့ ပြောလိုက်တာ"

"အဲဒါ အသာထားပါ။ ဒီမနက် ငါ နေမခကို မတွေ့ဘူးကွ။ အရင်က မှမရမှာ သူ့သူငယ်ချင်းတွေနဲ့ ထိုင်နေကျ"

www.burmeseclassic.com



အောင်ကိုက သူ့စကားကြောင့် နှာခေါင်းရှုံ့သည်

"နေပူရတဲ့ကြားထဲ မင်းက ကျောင်းတစ်ပတ်ပတ် ပြီး နေမခကို ရှာနေတယ်ပေါ့ ဟုတ်လား။ ဘာလုပ်မလို့လဲ ခုလောက်ဆို သူ့ရည်းစားနဲ့ ဆိုင်တစ်ဆိုင်မှာ စကားထိုင် ပြောနေမှာပေါ့"

"ဘယ်ဆိုင်မှာလဲ။ မင်းသိရင် ငါ့ကိုပြောစမ်းပါ"

"ဘယ်ဆိုင်မှာမှ မဟုတ်ဘူး။ ခုန စာကြည့်တိုက် ဘက်မှာ တွေ့ခဲ့တယ်"

တင်မောင်ထွေးစကားအဆုံး ဟင် . . . ဟုတ်လား ဟုဆိုပြီး သူ ထွက်လာခဲ့တော့ အောင်ကိုက ဟေ့ကောင် ဟု နောက်က လှမ်းအော်ခေါ်သည်။ တင်မောင်ထွေးက ဒီကောင် ဘာဖြစ်နေတာလဲဟု အောင်ကို့ကို မေးရင်း ကျန် ရစ်ခဲ့ကြ၏။ သူကတော့ နေမခကို စိုးရိမ်တကြီး လိုက်ကြည့် နေရသူ့ပို့ သူမနှင့် ဟိုတစ်ယောက် ဘယ်သွားတယ်၊ ဘယ် လာတယ်ဆိုတာကအစ တိတ်တဆိတ် လိုက်ကြည့်ရင်း အလုပ်ရှုပ်နေရသည်။ လိုက်ရတာလည်း သတိတော့ထား





ရသည်။ အခန့်မသင့်လို့ တွေ့သွားလျှင် သူ့ကို နေမခ အထင်မှားသွားနိုင်သည်လေ။ သတိအတန်တန်ထားသည့် ကြားက သူ ကံမကောင်းပါ။

စာကြည့်တိုက်ရှေ့က ခုံတန်းလျားလေးမှာ ထိုင် နေသော နေမခက ဝေဟင့်ကို သတိထားမိသွားသည်။ သူနဲ့တွဲနေသော Physics မှ တစ်ယောက်ရဲ့နာမည်က မင်းထွဋ်ဇာနည်အောင်ဟု သူ သိထားပြီးပြီဖြစ်သည်။ ထို့ပြင် နေမခနဲ့ အခြေအနေ ဘယ်လိုဆိုတာလဲ စုံစမ်းပြီး သလောက်ဖြစ်နေပြီ။

သူကတော့ နေမခအတွက် စိုးရိမ်ပူပန်ဖို့မှလွဲ၍ ကျန်တာ ဘာမှသတိမရချေ။ ဒါကြောင့်လည်း သူ နောက် က လိုက်အကဲခတ်နေတာတွေကို နေခမ ရိပ်မိသွားခြင်း ဖြစ်သည်။ ဝေဟင် စာကြည့်တိုက်ဘက်က ပြန်လှည့်လာ တော့ နေမခ လိုက်လာသည်။

"ဟဲ့ . . . ဒီမှာ"

ဝေဟင်လှည့်ကြည့်လိုက်သည်။ သူ့ စွဲလမ်းမြ



www.burmeseclassic.com

www.burmeseclassic.com



နီးစွာ ချစ်ခင်တန်ဖိုးထားရသော သူမမျက်နှာက အလိုမကျ ရိပ်တို့နှင့် တင်းမာခက်ထန်နေသည်။ ရင်ဆိုင်ဖို့ စွမ်းအားမဲ့နေသည့် သူကတော့ သူမ မျက်လုံးတွေရဲ့ စူးရှခက်ထန်သည့်အကြည့်တွေနဲ့ ဝေးရာကို ရှောင်ပြေးသွားချင်နေမိ၏။

ဒါပေမဲ့ အဲလိုလည်း ပြေးခွင့်မသာခဲ့ပါ။ နေမခက သူ့ရှေ့တည့်တည့်မှာ ခါးထောက်ပြီး လာရပ်သည်။ ပြီးတော့ သူ့နှလုံးသားကို သိမ်ငယ်ကြောက်ရွံ့စေမည့် ထစ်ချုန်းသံမျိုးနှင့် . . .

"ရှင် . . . ကျွန်မနောက်ကို ဘာကိစ္စလိုက်ချောင်းနေတာလဲ" ဟု မေးလိုက်၏။

ရုတ်တရက် သူ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားမိသည်။

"စမှ ရှုးချင်ယောင်ဆောင်မနေနဲ့။ လူကြည့်တော့ အူမလိုလို ထူမလိုလိုနဲ့ တောသားက။ နောက်ကနေတော့ နိုးကြောင်နိုးဝှက် လိုက်ကြည့်တတ်တယ်။ ပြော . . . ရှင့်ကို ဘယ်သူက စပိုင်လုပ်နိုင်းထားတာလဲ။ ရှ နဲ့ဘာဆိုင်လို့



နောက်ကလိုက်ကြည့်နေတာလဲ"

ကျွန်တော် ခင်ဗျားကိုသိပ်ချစ်လို့ပေါ့။ စိုးရိမ်လွန်းလို့ပေါ့ နေမခရယ်လို့ ဖြေချင်သည်။ သို့သော် သူ မဖြေရဲပါ။ ထိုသို့ပြောလျှင် ချစ်သောမာနကေရီလေးက ဘယ်လောက်များ အမျက်တော်ရှလိုက်မလဲ မသိ။

"ရှင့်ကို မေးနေတာဖြေလေ။ ဘာလို့လိုက်ကြည့်နေတာလဲလို့"

"ကျွန်တော် နေမခကို စိတ်မချလို့ပါ"

"ဘာ"

သူမက မျက်မှောင်ကြုတ်လျက် သူ့ကိုစိုက်ကြည့်သည်။ ပန်းနုရောင်သမ်းနေသည့် ဖယောင်းလက်သွယ်လေးတွေက ခါးပေါ်က မဆင်းသေး။

"ကျွန်မကို စိတ်မချလို့ဟုတ်လား။ နေစမ်းပါဦး။ ရှင်က ဘာမို့ ကျွန်မကို စိတ်မချရတာလဲ။ ရှင်နဲ့ဘာဆိုင်လဲ။ ရူးနေလား"

အစကတည်းက မနိုင်တဲ့သည်းခြေက ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပျက်စီးရှုံးသွပ်တော့မယ် နေမခရယ်။ ဒါကြောင့် အရှုံးဖြစ်ချင်လည်း ဖြစ်နေမှာပေါ့။

"ရှင် . . . ခုမှ အူတူတူလုပ်မနေနဲ့ ဝေဟင်။ ကျွန်မနဲ့ မင်းထွဋ်နောက်ကို လိုက်ချောင်းနေတာ ဘာသဘောလဲ။ ကိုကို့ကို ပြန်တိုင်ဖို့ဆိုရင်တော့ ကြိုပြောထားမယ်။ ကျွန်မက ဘာကိုမှဂရုမစိုက်ဘူး။ ရှင့်ရဲ့အကြောင်းကြောင်းအချိုးကို ပြင်ထား"

"ကျွန်တော် တစ်ခုလောက်ပြောပါရစေဦး"

သူမက ခေါင်းမော့ရင်း သူ့ကို စွေကြည့်သည်။

"ကျွန်တော် ဘယ်သူ့ကိုမှတိုင်ဖို့ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ နေမခကို စိတ်မချတာတော့ အမှန်ပဲ။ နေမခနဲ့ မင်းထွဋ်ဇာနည်အောင်နဲ့ ချစ်သူတွေ ဖြစ်နေကြပြီလား"

"ဘာ . . . အဲဒါ ရှင်နဲ့ဘာဆိုင်လဲ။ ကျွန်မတို့ ဘာသာ ချစ်သူဖြစ်ဖြစ်၊ ရည်းစားဖြစ်ဖြစ် ရှင် မေးစရာလား"

"အကြောင်းရှိလို့ပါ။ မင်းထွဋ်ဇာနည်အောင် အကြောင်း နေမခထက် ကျွန်တော် ပိုသိတယ်"



သူမက မျက်ခုံးကို ဆတ်ခနဲပင့်ကာ မယိတရိ မဲ့ပြုံးပြုံးလျက် . . .

"ရှင်က အလကားကြီးပဲ။ မင်းထွဋ်အကြောင်းကို ကျွန်မသိချင်သိမယ် မသိချင်မသိဘူး ကြားထဲက ရှင်က ဘာမှလိုက်စုံစမ်းနေစရာအကြောင်းမရှိဘူး"

ဟု ခပ်ဆတ်ဆတ်ပြန်ပြောလေသည်။ သို့ပေမယ့် သူမမျက်ဝန်းက တစ်စုံတစ်ရာ သိချင်စိတ် အရိပ်အယောင်တွေကိုတော့ သိပ်ပြီး မဖုံးထားနိုင်ရှာ။

ဝေဟင် သက်ပြင်းရှိုက်လိုက်မိသည်။

"နေမခ ကျွန်တော့်ကို ထင်ချင်သလိုထင်ပါ။ အပြစ်တင်ရင်လည်း ခံရမှာပါ။ ဒါပေမဲ့ ကျွန်တော်ပြောမယ့် အမှန်တရားကိုတော့ လျစ်လျူမရှုလိုက်ပါနဲ့"

"အံ . . . မယ် . . . လာ.လာသေး"

သူမက နာခေါင်းရှုံ့လျက် တီးတိုးရေရွတ်လေသည်။

"ကျွန်တော် ပြီးခဲ့တဲ့တနင်္ဂနွေနေ့က မင်းထွဋ်

www.burmeseclassic.com

www.burmeseclassic.com



ဇာနည်အောင်ကို အမှတ်မထင် တွေ့ခဲ့တယ်။ အဲဒီမှာ . . .”

မင်းထွဋ်ဇာနည်အောင်နှင့် သမဝါယမဒီဂရီ ကောလိပ် တက်နေသည့် ကောင်မလေး ချစ်သူတွေဖြစ်နေသည့်အကြောင်းကို သူ ပြောပြလိုက်သည်။ သူ့စကားအဆုံးမှာတော့ သူမမျက်နှာက ဒေါသဖြစ်သလို အံ့သြသလို ဖြစ်သွားပေမယ့် ဝေဟင့်ကို ခပ်စိမ်းစိမ်းကြည့်လိုက်ကာ . . .

“ထားပါတော့ ရှင်ပြောတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒါပေမဲ့ ရှင့်ကို ကျေးဇူးတင်လိမ့်မယ်လို့ မထင်နဲ့နော်။ ရှင့်ဘာသာ မနေနိုင်မထိုင်နိုင် စုံစမ်းလို့သိခဲ့ရတာတွေကို ကျွန်မက ဂရုလည်း မစိုက်ဘူး။ ကျွန်မသိချင်တာက ဒီအကြောင်းတွေကို ဘာမဆိုင် ညာမဆိုင် လိုက်စုံစမ်းနေတဲ့ ရှင့်ရဲ့စိတ်ပဲ။ ဘာလို့ အဲဒါတွေ ကျွန်မကို လာပြောတာလဲ”

“မင်းထွဋ်ဇာနည်အောင်ကြောင့် နေမခ စိတ်ထိခိုက် ခံစားရမှာ ကျွန်တော် မကြည့်ရက်လို့ပါ”



သူမက ဟွန့်ခနဲ မဲ့သည်။

“ဒါတင်ပဲလား”

သူ ခေါင်းညိတ်ပြတော့ နေမခက ဟက်ခနဲ ရယ်ရင်း . . .

“သိပ်ကိုသဘောထားပြည့်ဝတဲ့ စေတနာ့ဝန်ထမ်းပါလား။ ရှင့်ကို တစ်ခုတော့ အကြံပေးလိုက်မယ်။ ရှင် အဲလိုလိုက်ပြီး အတို့အထောင်အချွန်အပင့်တွေ လုပ်မယ်ဆိုရင်တော့ ဒီတစ်ကျောင်းလုံးမှာ ရှိသမျှ အတွဲတွေကို လိုက်ပြီး အကျိုးဆောင်ပေးလိုက်။ ကျွန်မအတွက်တော့ မလိုဘူး။ မင်းထွဋ်မှာ ရည်းစားဆယ်ယောက်ရှိလည်း ကျွန်မ့အတွက် ဘာမှထိခိုက်စရာမရှိဘူး။ ကျွန်မတို့ချင်းက နားလည်မှု ရှိပြီးသားပဲ။ ရှင့်ကိုလည်း တစ်လက်စတည်း သတိပေးလိုက်မယ်။ နောက်တစ်ခါ ကျွန်မနဲ့ပတ်သက်တဲ့ကိစ္စ ဘာမှ ဝင်မပါပါနဲ့။ အခန့်မသင့်ရင် ရှင် ပါးရိုက်ခံရနိုင်တယ်။ အဲဒါ မယုံမရှိနဲ့”

ဆံပင်တွေကို ဝှေ့ခနဲခါယမ်းရင်း သူ့ရှေ့မှ နေမခ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားသည်။

ဝမ်းနည်းခြင်းက ရင်ထဲကို အလုံးအရင်းနှင့် ဝင်တိုးလာသည်။ တလိပ်လိပ်တရိပ်ရိပ် ညို့မှောင်တက်လာသော မိုးသားတွေကို မော့ကြည့်ရင်း အလှည့်အပြောင်းမြန်သော ကောင်းကင်ရဲ့မာယာနှင့်အတူ နားလည်ရခက်သော သူမရဲ့စိတ်ကို နှိုင်းယှဉ်ကြည့်မိသည်။

ရုတ်တရက် လေအဝေ့မှာ ကမန်းကတန်းလွင့်ကြွေပေးလိုက်ရသည့် ရွက်ခြောက်တွေကို ကိုယ်ချင်းစာသွားမိ၏။ သူ့အဖြစ်နဲ့တူလှချည်လား။ နေဒဏ် လေဒဏ် ကြံ့ကြံ့ခံပါ့မယ်ဆိုတာတောင် ပင်ယံမှာ နေခွင့်လည်း မရ၊ အနင်းအချေခံပါ့မယ်ဆိုတော့လည်း မြေပြင်မှာ လဲလျောင်းခွင့်မရ။ လေနှင်ရာလွင့်ရတဲ့ ရွက်ဝါလို သူ့ဘဝက နားခိုရာမဲ့လွန်းသည်။

သူငယ်ငယ်က နားထောင်ဖူးတဲ့ အသံဇာတ်လမ်းထဲကလိုပဲ သူမကို ပြောချင်သည်။

အသည်းနုသည် . . . ဖြည်းဖြည်းမှန်း . . . လို့။



## အခန်း ( ၁၆ )

မင်းထွဋ်နဲ့ပတ်သက်ပြီး နေလည်း သိသင့်သလောက် သိထားပြီးသား ဖြစ်သည်။ ဒါပေမဲ့ နေ့ရှေ့ရောက်လျှင်တော့ သူက နေမှနေဆိုပြီး အသည်းအသန် ကြွေပြနေတော့တာမို့ လွမ်းရိပ်တဲ့ ကြည်ဖြူတို့နှင့် ခေါင်းချင်းပြန်ရိုက်ရသေးသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အဲလိုဆရာကျတဲ့လူကို အထာပြမှ ပွဲက ပိုကြည့်ကောင်းမှာ နေရဲ့။ ဒီကောင့်ကို ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ရင် အနည်းနဲ့အများတော့ နင် ရှုံးမှာပဲ။ ဘာဖြစ်လဲ သူရှေ့နေတဲ့အကွက်တွေ နင် ကြိုသိပြီးသားပဲဟာ။ ဒီအတိုင်းမျှောပြီး ချည်သွား ခိုင်တော့မှ တစ်ချက်တည်း ဖြတ်ပြီး ပွဲသိမ်းလိုက်။ အဲဒါမှ ပိုမိုက်မှာ"

လွမ်းရိပ်နွေက လက်ဖျစ်တစ်ချက်တီးပြီး တက်တက်ကြွကြွ အကြံပြုလေသည်။ ကြည်ဖြူကလည်း ကိုယ်တိုင်သာ ခပ်ကုပ်ကုပ်ရယ်။ နွေ့ကိုကျတော့ မြှောက်ပေးတတ်သည်။

"ဟုတ်တယ် နွေ။ မင်းထွဋ်ကို မှတ်လောက် သားလောက်အောင် နင်ပဲ လုပ်နိုင်မှာ။ သူက တခြားဇယားတွေကို ရှင်းဖို့လည်း မလုပ်ဘူး။ နင့်ကိုလည်း မစွာဘူးဆိုရင် နင့်ဘက်က အသာစီးရထားတာပဲ။ တစ်ခုခုဆို ရှင်းပစ်ဖို့ သူ့မှာဟာကွက်တွေရှိနေတာ နင် သိနေပြီပဲဟာ။ အဲဒါ ဟိုကျေးဇူးရှင်ကြောင့်လေ"

ပြောရင်း ဝေဟင့်အကြောင်းက ပါလာတာမို့ နေမျက်မှောင်ကြုတ်လိုက်မိသည်။ ကိုယ့်အကြောင်းကိုယ်

●——ရွှေပေသော——●



ပြောနေရင်း မဆီမဆိုင် သင်းက ဘယ်ကဘယ်လို ပါလာရပြန်တာလဲဟု တွေးမိပြီး . . .

"နင်တို့လည်း အဲဒီဇေါက်ကြောင်အကြောင်း စကားထဲ ထည့်မပြောစမ်းပါနဲ့။ မထုံတက်တေးနဲ့ နေရာတကာပါတယ်။ သိပ်အမြင်ကတ်တာပဲ"

ဟု ပြောလိုက်မိ၏။

လွမ်းရိပ်က နွေ့ကိုကြည့်ပြီး စဉ်းစားသလို ခေါင်းလေးငဲ့ကာ . . .

"သူက နင့်ကိုတော့ ကြွေနေတဲ့ပုံပဲ။ နင့်ကို ချစ်တယ် ဘာညာဖွင့်မပြောဘူးလား"

"အံ . . . မာ ပြောရဲပြောကြည့်ပါလား"

"ဘာလဲ ပြန်ကြိုက်မယ်ပေါ့"

"လွမ်းရိပ် . . . ခွေးစုတ်မ နင်ပဲပြန်ကြိုက်။ အဲဒီတိုက်ဇေါက်ကို နင်ပဲယူ"

ကြည်ဖြူက မျက်ခုံးပင့် မေးဆတ်ရင်း လွမ်းရိပ်ကိုလက်တို့ကာ . . .

●——ရွှေပေသော——●

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . လွှမ်းရိပ် စိတ်ကူးမလွဲနဲ့နော်။ အဲဒီ ဝေဟင်ဆိုတဲ့တစ်ယောက်က ခုခေတ်မှာ ရှားပါးသတ္တဝါ၊ တကယ့်ငတုံးလေး။ နင် ယူလိုက်။ အဲဒါဆို နင့်သဘော အတိုင်း ထားရာနေ စေရာသွားပဲ"

ဟုပြောလိုက်တော့ လွှမ်းရိပ်က . . .

"အေး . . . မဆိုးတော့မဆိုးဘူးနော်။ အသားညို ညို အရပ်ကမြင့်မြင့်၊ ရုပ်ကလေးကလည်း . . ."

"ရုပ်ကလေးလည်း အသင့်အတင့်ရှိတယ် ××× ပညာကလည်း မဆိုး ××× သဘောကောင်းတယ် ကြောင်တတ်သူ ××× ရှင်နော် ×× ရှင်ရယ်"

နေက ကြားဖြတ်ကာ သီချင်းဝင်အော်ဆိုပြလိုက် တော့ လွှမ်းရိပ်တို့နှစ်ယောက်လုံး ထရယ်သည်။

"အဲ . . . ကြည့်စမ်း . . . နေက ဝေဟင့်အတွက် သီချင်းတွေပါ ကောက်စပ်ပြီးသွားပြီ"

"တော်စမ်းပါ . . . အလိုလိုနေရင်း ကြည့်မရရတဲ့ ကြားထဲ။ နင်က တစ်မျိုး"



"အေးပါ . . . ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်ဆို တော့လည်း ရှယ်တွေချည်း ဆန်ကာတင်ထားမှာပေါ့"

"ဟဲ့ . . . ပြောရင်းဆိုရင်း ဟိုမှာ ဝေဟင်တော့။ နေ နင့်အစ်ကိုက ဝေဟင့်ပခုံးကိုဖက်လို့။ သိပ်ရင်းနှီးနေတဲ့ ပုံပဲ"

နေ ကြည်ဖြူညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက် တော့ ကိုကိုနှင့်တွဲလျှောက်လာသည့် ဝေဟင့်ကို တွေ့ လိုက်ရလေသည်။

ကြည်ဖြူပြောသလိုပင် ကိုကိုက ဝေဟင့်ပခုံးကို တရင်းတနှီး သိုင်းဖက်ကာ တွဲလျှောက်သွားတာမို့ နေ့ စိတ် ထဲ ထင့်ခနဲဖြစ်သွားရသည်။

"တောက် . . . ဒီလူတော့"

"ဘာဖြစ်လို့လဲ နေရဲ့"

"ကိုကို့ကို ငါ့အကြောင်းတွေ ပြောနေတာဖြစ်မှာ"

လွှမ်းရိပ်နှင့် ကြည်ဖြူ မျက်လုံးလေးတွေ ပြူးသွား ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"နှင့်အစ်ကိုက အိမ်ပြန်ပြောရင် ဒုက္ခ"

"ငါလည်း အဲဒါပဲစိုးရိမ်တာ။ ကိုကို့ကိုတော့ ကြောက်လို့ မဟုတ်ပါဘူး။ အဲ့ဝေဟင်ဆိုတဲ့လူကိုလေ အသည်းယားလိုက်တာ။ တစ်ခါတည်း နပ်နပ်စင်းချင်လာပြီ"

နေ အံကြိတ်ပြီး ဒေါသတကြီးရေရွတ်လိုက်တော့ လွှမ်းရိပ်နှင့် ကြည်ဖြူကပါ စိတ်တွေတိုနေကြ၏။

ထိုစဉ် နေ့ ဖုန်းက ထမြည်လာတာမို့ နေ စိတ်မရှည်စွာ . . .

"အရေးထဲမှ" ဟု ရေရွတ်ရင်း ဖုန်းလေးဆွဲထုတ်ကြည့်လိုက်တော့မှ အံ့သြသွားရသည်။

ဒါပေမဲ့ ထိုအံ့သြစိတ်က သိပ်တော့တာရှည်မခံ။

"လွှမ်းရိပ် ဒီမှာကြည့်စမ်း စစ်ပြေငြိမ်းဆက်တာ ဟဲ့။ ငါ ဘာလုပ်ရမလဲ"

"မပိတ်ထားနဲ့။ သူ့ကြောင့် နင် ခံစားနေရတုန်းပဲ





ထင်နေဦးမယ်။ ဖွင့် . . . နားထောင် ပြန်ဖြေလိုက်ဟာ"

"အေး . . . ကောင်းတယ် နေ။ ကြည်ဖြူ ပြောတာ မှန်တယ်။ နင် သူ့ကို ဘာအကြောင်းနဲ့မှ မရှောင်နဲ့"

နေက ဆရာမနှစ်ယောက်ရဲ့ အတိုင်အဖောက်ညီညီအကြံပေးချက်အတိုင်း ဖုန်းလေးကို ဖွင့်နားထောင်လိုက်၏။ ရင်ထဲက ထုတ်လိုက်ပြီဆိုပေမယ့် ရင်ကတော့ ခပ်စုန်စုန်ဖြစ်နေဆဲပင်။

မဟုတ်သေးပါဘူး။ ရင်စုန်တာ မဟုတ်ဘူး။ ရုတ်တရက်မို့ ဒါ . . . စိတ်လှုပ်ရှားသွားတာပါ။

"ဟဲလို"

"နေလားဟင်"

နေ သူမတို့နှစ်ယောက်ကို မျက်စုံးပင့် နှုတ်ခမ်းကို မဲ့ရွဲ့ထော်လန်ပြလိုက်ရင်း . . .

"ဟုတ်ပါတယ်။ ဘယ်သူလဲ မသိဘူး"

"ဟာ . . . နေရယ် ကိုယ့်အသံကိုတောင် မမှတ်မိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟွန့် . . . အရှက်မရှိ ပြောတတ်လိုက်တဲ့ပါးစပ်

ဒါလား နေ့ကို သစ္စာဖောက်သွားတဲ့လူ။ အပြင်မှာ လူချင်း ဒါမျိုးလာအီလို့ကတော့ မျက်နှာတွေချည်း စိတ်ရှိ လက်ရှိ ကုတ်ဆွဲမိမှာ။

"မှတ်မိလောက်စရာဆိုရင်တော့ မှတ်မိမှာပေါ့ ငါက သစ္စာမရှိတဲ့လူတွေကို စာရင်းဖျက်ထားပြီးသားဆို တော့ ငါ့ဦးနှောက်ထဲမှာ အမှတ်ကို မရတာ။ ရှင်းလား"

နေ့စကားအဆုံး စစ်ပြေငြိမ်းက တဟင်းဟင် ရယ်နေ၏။

"နေ ကိုယ့်ကို ဒီလိုပဲပြောမယ်ဆိုတာ မှန်းမိပြီး သားပါ။ တကယ်ပဲ ကိုယ့်ကိုစိတ်နာသွားပြီလား"

"အိုး . . . နိုး . . . နိုး . . . ထင်ရာတွေလျှောက် ပြောမနေနဲ့။ နှင်နဲ့ပတ်သက်ပြီး ငါ့မှာ ဘာဖီးလ်မှမရှိတော့ တာ။ သူများစကားအပြောင်းကြီး ခေကငွားပြောရရင် အစ ပိုင်းတော့ စစ်ခနဲနာတယ်၊ နောက်တော့ ထုံသွားတယ် ဆို တာမျိုးပေါ့။ နှင်နဲ့ပတ်သက်ပြီး ငါ့နှလုံးသားက ထုံဆေးထိုး



တာ ခံလိုက်ရတာလေ။ အဟင်း . . . ခုတော့လည်း နေရာ တကျပဲ။ ဘာမှအထွေအထူး ကြိုးစားစရာမလိုဘဲကို မေ့ သွားတာ"

"ကိုယ့်ကိုမညှာပါနဲ့ နေရယ်။ နေ ကိုယ့်ကို ဘယ် လောက်သံယောဇဉ်ကြီးတယ်ဆိုတာ . . ."

"ဟိုးထား . . . ဆရာ ခကလေး။ နှစ်ဆယ်ရာစု လက်ကျန် ဒိုင်ယာလော့ခ်အဟောင်းကြီး ရွတ်မပြစမ်းပါနဲ့။ နင့်ကြည့်ရတာ ခေတ်နဲ့အဆက်ပြတ်နေပုံပဲ။ အခု ငါ့မှာ ချစ်သူရှိနေပြီ စစ်ပြေငြိမ်းရဲ့၊ နင့်ကို ငါ့နှလုံးသားကနေ ရာသက်ပန် ပင်စင်ပေးလိုက်တာ ကြာပေါ့။ အဲဒါ နင် မသိ ဘူးလား"

နေ့စကားကြောင့် စစ်ပြေငြိမ်းက အံ့သြသွားဟန် မယုံကြည်နိုင်ဟန်နှင့် . . .

"ဟာ . . . အဲလိုမပြောပါနဲ့ နေရယ်၊ ကိုယ့်ကို အခွင့်အရေးတစ်ခုလောက် ပေးပါဦး။ ကိုယ် တောင်းဆိုတာ ပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဝင်စားသေးဘူးဟာ။ လောလောဆယ် ငါ့မှာ ချစ်သူရှိနေတယ်။ ကိုယ့်လူရင်းတွေမို့ ဦးစားပေးစနစ်နဲ့ရွေးရအောင်လည်း နင့်အပေါ် ဘာသံယောဇဉ်မှ မရှိတော့ဘူး။ ဆောရီး . . . အေးဆေးနားလိုက်တော့နော်။ နင့်အတွက် မရှားပါဘူး . . . ဘိုင့်"

နေက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး စိတ်ကျေနပ်စွာ ပြုံးနေ၏။ ပူနွေးဆဲဖုန်းလေးကို မေးမှာထောက်ရင်း ပြုံးစေ့စေ့လုပ်နေသော သူမကို သူငယ်ချင်းနှစ်ယောက်က အသေအချာကြည့်နေသည်။ ခဏနေတော့ လွမ်းရိပ်က စိတ်မရှည်သော လေသံနှင့် . . .

"ဟဲ့ . . . နေ အဲဒါဘယ်လိုဖြစ်နေတာလဲ။ တာက တည်း ငြိမ်ကုပ်ပြီး စဉ်းစားနေလိုက်တာ။ မျက်နှာက ငြိတိတိနဲ့"

နေ ဘာမှပြန်မပြောဘဲ ငြိမ်သက်နေတော့ သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာ တ[illegible]ယောက်ကြည့်ပြီး မေးတွေငေါ့ကြ၊ နှာခေါင်းတွေ ရှုံ့ကြလုပ်[illegible]ကြ၏။ အတန်





ကြာမှ . . .

"ဝါး . . . ဟား . . . ဟား . . . ငါက အကြံထုတ်နေတာကွ"

ဟု နေ ထအော်တော့ နှစ်ယောက်လုံး လန့်သွားသည်။

"အရူးမ နင့်က ဘာအကြံထုတ်နေတာလဲ။ ငါတို့က စစ်ပြေငြိမ်း ဖုန်းဆက်လို့ နင် ပျော်နေတယ်ထင်တာ"

"ဘယ်ကလာ . . . သူ ဖုန်းဆက်လိုက်တော့ ပျော်သွားတာ မှန်တယ်။ ဒါပေမဲ့ ငါ့စိတ်ကူးနဲ့ငါ ပျော်တာ။ သူ့ကို ငါ ဘာခံစားချက်မှ မရှိတော့တာ နင်တို့လည်း သိရဲ့သားနဲ့။ သူ မပြောနဲ့ မင်းထွဋ်ကိုလည်း အာရုံထဲ မရှိဘူး"

"ဒါဆို နင်က ဘာကိုအကြံထုတ်နေတာလဲ"

နေက နားထင်ကို လက်ညှိုးလေးနဲ့ထောက်ပြီး

"ဘယ်ပြောမလဲ ငါက တော်တော် အုံးစားလိုက်ရတာ။ ဒါလျှို့ဝှက်ချက်ပေါ့"

ဟု ပြောင်စပ်စပ်လေးပြောလိုက်သောအခါ နှစ်



www.burmeseclassic.com

ယောက်လုံး ပိုသိရှင်သွားတော့သည်။

"မရဘူးနော်။ နေ သစ္စာမဖောက်နဲ့။ ပြောပြရမှာပဲ"

"ဟုတ်တယ်။ နင့်အတွက်ဆို ငါတို့က ခေါင်းမူးအောင် စဉ်းစားပေးရတာ မပြောလို့ကတော့"

နေက ဖြုန်းခနဲနေရာမှထပြေးသည်။ ခပ်လှမ်းလှမ်းရောက်မှ . . .

"ဟဲ့ . . . သိချင်ရင် လိုက်ခဲ့လေ"

ဟုအော်လိုက်တာမို့ နှစ်ယောက်သား အူကြောင်ကြောင် ကြည့်နေရာမှ ကမန်းကတန်း ထပြေးလိုက်သွားလေတော့၏။

ရယ်သံတွေက သူမတို့ပတ်ဝန်းကျင်မှာ ဆူညံသွားရတော့သည်။



## အခန်း ( ၁၇ )

ဘာလိုလိုနဲ့ ဒုတိယနှစ်ဝက် (Second Semester) ဖြေဖို့နီးလာပြီမို့ သူမှာ အားလပ်ချိန်ပင် မရှိတော့အောင် စာအုပ်နဲ့မျက်နှာပဲ အပ်နေမိသည်။

ဝေဟင့်ကို ကြည့်ပြီး ကိုနိုင်ဇေယျကတောင် ပြောသေးသည်။

"မင်းကလည်းကွာ စာချည်းပဲ လိုမ့်ကျက်နေတော့တာပဲ။ ငါတို့တောင် မနေတတ်တော့ဘူး။ အဲလောက်

www.burmeseclassic.com



တောင်ဆိုတော့ ဂုဏ်ထူးတွေလည်း တန်းစီထွက်နေပေါ့မယ်"

"မြားပစ်သလိုပေါ့ အစ်ကိုရာ။ ဒူးလောက်တင်မှ ရင်လောက်ကျတာ။ ကျွန်တော်က ချို့ချို့တဲ့တဲ့နဲ့ ကျောင်းလာတက်ရတာဆိုတော့ အမေက ကျွန်တော့်ကို မြန်မြန်ဘွဲ့ရစေချင်တယ်။ ကျွန်တော် စာမေးပွဲကျလို့ မဖြစ်ဘူးဗျ။ အမေက ကျွန်တော် ကျောင်းတက်ဖို့ နဖူးကချွေး ခြေမကျအောင် လယ်ထဲယာထဲမှာ ရုန်းကန်နေရတာ။ ကျွန်တော် ကျောင်းပြီးလို့ အလုပ်တစ်ခုရရင်တော့ အမေ့ကို ချမ်းချမ်းသာသာမထားနိုင်ရင်တောင် တစ်လှည့်ပြန်လုပ်ကျွေးလို့ရပြီပေါ့ဗျာ။ သားက ဘွဲ့ရပညာတတ်ဆိုတဲ့ ဂုဏ်ကိုလည်း ကျွန်တော့်အမေက သိပ်လိုချင်တာ"

သူ့စကားကြောင့် ကိုရာဇာထက်နှင့် ကိုနိုင်ဇေယျ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်လျက် ပြုံးကြသည်။ ဘာအဓိပ္ပာယ်နဲ့ပြုံးသလဲ မသိရပေမယ့် ကိုနိုင်ဇေယျရဲ့အပြုံးကတော့ လေးနက်အသက်ဝင်



တာ သတိထားမိသည်။

ဘယ်ရွေးရေစက်ကြောင့်မှန်း မသိ။ ကိုနိုင်ဇေယျကို သူ ပိုပြီးခင်မင်တွယ်တာမိလေသည်။ ဒါပေမဲ့ နေမခနှင့် ပတ်သက်တဲ့ကိစ္စတွေကိုတော့ ဖွင့်မပြောမိ။ အပေါင်းအသင်း သူငယ်ချင်းအပေါ် သစ္စာမရှိဘူးပဲပြောပြော နေမခ ပိုမှန်းသွားမှာတော့ စိုးရိမ်မိ၏။ သူ့ဘာသာသိသွားရင်တော့ တစ်မျိုးပေါ့လေ။

စာကျက်နေရင်း တောင်တွေး မြောက်တွေး လျှောက်တွေးနေမိရင်းက သူမအကြောင်းက ခေါင်းထဲရောက်လာသည်။ စူးရဲခက်ထန်သည့် သူမမျက်ဝန်းတွေထဲက တလက်လက်တောက်နေသော မာနရောင်တွေ ပြန်မြင်ယောင်လာတော့ သူ ခေါင်းကိုခါယမ်းပစ်လိုက်မိ၏။ တကယ်တော့ ရွှေမင်းသမီးနဲ့ စောင်းအိုရှင်ဇာတ်လမ်းက ရာဇဝင်တွေ၊ ဒဏ္ဍာရီတွေထဲမှာ ကျန်ရစ်ခဲ့ပြီ။ ဒီခေတ်ထဲမှာ အလွှာချင်းမတူရင် ဆက်စပ်လို့မရနိုင်တာကို သူ နားလည်အောင် ကြိုးစားရမည်။

www.burmeseclassic.com

www.burmeseclassic.com



"နေကလည်းဟယ် ဒီနေ့ အရေးကြီးပါတယ်ဆိုမှ Tutorial ဖြေမယ်ဆိုတာ သိသိကြီးနဲ့"

"အေးလေ . . . ကျောင်းသားကတ်မပါတော့ ဘယ်လိုလုပ်မလဲ"

နောက်ပါးဆီမှ လွင့်ပျံလာသောအသံတွေကြောင့် မလေးရှားပိတောက်ပင်ကို မှီရင်း ထိုင်နေရာမှ သူ ခေါင်းလည်ပြီး လှည့်ကြည့်လိုက်၏။

သူမ . . .

နေမခ . . . ဟန်းဖုန်းလေးကိုင်ပြီး စိတ်ညစ်စိတ်ရှုပ်နေပုံနှင့် မျက်နှာလေး ညှိုးနေသည်။

မဆိုင်ဘဲလာမပတ်သက်နဲ့ဆိုတဲ့စကားက သူမကိုယ်တိုင် ပြောခဲ့တာမို့ သူ့နားထဲမှာ ပြန်လည်ကြားယောင်နေမိ၏။

ဒါပေမဲ့ ဘာဖြစ်တာပါလဲဆိုတဲ့ ပူပန်စိုးရိမ်စိတ်ကလည်း သားသမီးတစ်ယောက်အပေါ်ထားတဲ့ မိခင်ရဲ့စိတ်ဓာတ်လို ဘာကိုမှ အမှတ်အစေးမထားနိုင်ဘဲ အလိုလို





နားစွင့်ပြီးသားဖြစ်စေသည်။

"ဒုက္ခပါပဲဟာ။ ကိုကို့ကို သွားယူခိုင်းလည်း သူ့ခံထိတာနဲ့ ကာမိမှာ မဟုတ်ဘူး။ သွားယူရင်ရော မှီပါတော့မလား"

နေမခက လက်ကနာရီလေးကိုလည်း ငုံ့ကြည့်လိုက်သေးသည်။

"မှီပါသေးတယ်ဟာ။ အချိန်တော့ရသေးတယ်။ နင် သွားနိုင်ပါ့မလား"

"မသွားနိုင်လည်း သွားရမှာပေါ့ဟာ"

စကားအသွားအလာတွေ နားထောင်လိုက်တာနှင့် ပြဿနာဇာစ်မြစ်ကို သူ သဘောပေါက်သွား၏။ ထို့ကြောင့် သူ ထိုင်ရာမှထပြီး သူမတို့ဆီသို့ လျှောက်လာခဲ့သည်။

"နေမခ"

ပေဟင့်ကိုမြင်တော့ သူမက ရုတ်တရက်မို့ အံ့အားသင့်သွားဟန်နှင့် မော့ကြည့်သည်။

"ကျွန်တော် ဘာကူညီပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး"

"ကျွန်တော်က တစ်တန်းတည်းသားချင်းမို့ စိတ်ရင်းနဲ့ မေးတာပါ။ တခြားမရိုးသားတဲ့စိတ်ကူး မရှိပါဘူး"

သူမက ဆတ်ခနဲမျက်ခုံးပင့်ရင်း ပြုံးလေသည်။

"ရှင်က အလာကြီးပဲနော်။ ကဲ . . . ဆိုစမ်းပါဦး။ ကျွန်မကျောင်းသားကတ် အိမ်မှာ ကျန်ခဲ့တဲ့ပြဿနာ ဘယ်လို ရှင်းပေးမှာလဲ"

"အခု နေမခ အိမ်ပြန်ပြီး ကတ်သွားယူမှာမှတ်လား။ နေမခကိုယ်စား ကျွန်တော် သွားပေးပါ့မယ်"

"နေတို့အိမ်ကို ရှင် သိလို့လား"

နွေသူငယ်ချင်း လွှမ်းရိပ်က ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"အိမ်လိပ်စာတော့ အတိအကျမသိပါဘူး။ ကိုနိုင်ဇေယျပြောလို့ ဗဟန်းဆိုတာတော့ သိပြီးပါပြီ"

ဝေဟင့်စကားအဆုံး ကြည်ဖြူက လက်ပိုက်ရင်း မျက်ခုံးတစ်ချက်ပင့်ကာ . . .





"ဩော် . . . ဩော်"

ဟု အဓိပ္ပာယ်ပါပါ ရေရွတ်လေသည်။

"ကောင်းပြီလေ။ ဒါဆို ကျွန်မအိမ်လိပ်စာ ပေးလိုက်မယ်။ ရှင် သွားယူလိုက်။ Tutorial ရှိတာ ရှင်သိတယ်နော်။ လုံးဝ နောက်ကျလို့မရဘူး"

"စိတ်ချပါ။ ကျွန်တော် အမြန်ပြန်လာခဲ့ပါ့မယ်။ ဒီမှာ ကျွန်တော့်ကျောင်းသားကတ်လေးပါ ယူထားလိုက်ပါ။ တကယ်လို့ ကျွန်တော် နောက်ကျရင် ဒီကတ်ကို လိုအပ်သလို သုံးလို့ရတာပေါ့"

သူမက ဝေဟင့်ကျောင်းသားကတ်ကို လှမ်းယူရင်း မျက်လွှာတစ်ချက်ပင့်ကြည့်ကာ "ကျေးဇူးပဲ" ဟူသော စကားကို အထက်စီးနင်းဆန်စွာ ဆို၏။

သူမကတော့ ဝေဟင် စေတနာနဲ့ကူညီတာကို နားလည်ချင်မှ နားလည်မည်။ ပိုးပန်းလို့ကောင်းအောင် မျက်နှာလိုမျက်နှာရ လုပ်သည်လို့ပဲ ထင်မလား၊ အရှက်မရှိ ဖွတ်အတင်းဝင်ရောသည်ဟုပဲ ရက်ရက်စက်စက် တွေး



www.burmeseclassic.com

www.burmeseclassic.com



မလား။ ဘာဆိုဘာမှ သူ မတွေးနိုင်။

လတ်တလော သူ့ဦးနှောက်ထဲမှာရှိတာ သူမရဲ့ အစက်အခဲတစ်ခု ပြေလည်သွားစေဖို့သာ ဖြစ်သည်။ အကျိုးလိုလို့ ညောင်ရေလောင်းတယ်ထင်လည်း ခံရရုံသာ ရှိမည်။ အမှတ်မရှိတဲ့သူ့အသည်းက ဘယ်နှခါကွဲကွဲ နေမစနဲ့ပတ်သက်လျှင် ပုံသကူပစ်ထားပြီးသားမို့ပါ။

နေ ရွတ်ပြလိုက်သော အိမ်လိပ်စာကို သူက သေချာစွာမှတ်သားပြီး ထွက်သွားလေတော့သည်။ သူ့နောက်ကျောပြင်ကိုကြည့်ပြီး နေတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိ၏။

နေက လွယ်အိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်ပြီး စစ်ပြေငြိမ်းထံ လှမ်းခေါ်လိုက်သည်။ စစ်ပြေငြိမ်းက တအံ့တသြဖြစ်နေဟန်နှင့် . . .

"ဟဲလို . . . နေလား" ဟု ကမန်းကတန်း ပြန်ထူးသည်။

သူ့ကြည့်ရတာ နေ့ကို စိတ်မကုန်သေးဘူးထင်ရဲ့.



လို့ တွေးမိရင်း နေ သဘောကျစွာ ပြုံးလိုက်သည်။

"ဟုတ်ပါတယ်။ နေခမပါ"

"ဟား . . . ဝမ်းသာလိုက်တာ နေရယ်။ မထင်မှတ်ဘဲ နေ့ဘက်က ဆက်သွယ်လာတော့ ကိုယ် သိပ်အံ့သြသွားတာ။ ရင်တွေခုန်နေတာ နေ ကြားရလားဟင်"

"နားစမ်းပါ စစ်ပြေငြိမ်းရယ်၊ အဲ့ဒိုင်ကြောင်တွေနဲ့ ငါ့ကိုချုပ်လို့မရတော့ဘူးခိုတာ နှင် သဘောပေါက်ဖို့ ကောင်းပါတယ်။ ခုလည်း ငါ့မှာချစ်သူရှိနေပြီဆိုတဲ့ကိစ္စကို နှင်ယုံအောင် သက်သေပြမလို့ ဖုန်းဆက်လိုက်တာ"

"ဘာ"

စစ်ပြေငြိမ်းရဲ့ ဘာခနဲရေရွတ်သံက လုံးဝအံ့သြနာကျင်ဟန်၊ ဒေါသဖြစ်ဟန်တွေ အပြည့်မို့ သူမ ပိုကျေနပ်သွားမိ၏။

"အခု ငါ့ချစ်သူ ငါ့အိမ်ကို ကျောင်းသားကတ်လာယူလိမ့်မယ်၊ ငါ့ကျောင်းသားကတ် ကျန်ခဲ့လို့လေ။ နှင် မြင်ဖူးအောင် ကြည့်ထားလို့ရအောင် ပြောပြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံး သူ့ဘက်ကအဖြေစကားကို မစောင့်ဘဲ ဖုန်းပိတ်ပစ်လိုက်သည်။

"ဘယ်လိုလဲ"

လွမ်းရိပ်နှင့် ကြည်ဖြူက သိချင်စိတ်ကိုယ်စီနှင့် အလျှင်စလို ဝင်မေးလေသည်။

နေ လက်မလေးထောင်ပြပြီး မျက်ခုံးတစ်ချက် ပင့်လိုက်၏။

"နေတို့က မပိုင်ရင်ဘာမှမလုပ်ဘူးနော်။ သဘော ပေါက်"

"ယုံပါတယ် ဆရာမရယ်"

သူမတို့နှစ်ယောက်ကပြောပြီး နေကို ကြည့်ကာ ရယ်နေကြသည်။ နေကတော့ မြားတစ်စင်းတည်းနှင့် ငှက်နှစ်ကောင်ကို ချိန်ရွယ်ပစ်လွှတ်လိုက်ပြီ။ ဘာတွေဖြစ်မလဲ ဆိုတာ အေးဆေးစောင့်ကြည့်နေရုံသာ ရှိတော့၏။



## အခန်း ( ၁၈ )

ခြံနံပါတ်က (45/B) လို့ပြောလိုက်တာမို့ သူ ထို ခြံရှေ့မှာရပ်လိုက်ရင်း အထဲကို ခြေဖျားထောက်ကာ လှမ်း အကဲခတ်လိုက်၏။

သူ့တစ်ရပ်ကျော်သည့် အစိမ်းရောင် သံတံခါးချပ် ကြီးတွေ ကာရံထားသည့် ခြံကျယ်ကြီးထဲက သုံးထပ်တိုက် မြင့်ကြီးဟာ နေမခတို့အိမ်ဆိုသောအတွေးက သူ့ကို ဝိုပြီး သိမ်ငယ်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့ . . . အိမ်ရှင်တို့ခင်ဗျာ"

လူသူအရိပ်အယောင် မတွေ့ရပေမယ့် သူ့အသံကို အထဲက ခြံစောင့်တို့ အလုပ်သမားတို့ ကြားရလို ကြားရငြား လှမ်းအော်ခေါ်ကာ သူကိုယ်တိုင်လည်း စုန်ဆွ စုန်ဆွ လုပ်နေမိ၏။

"အိမ်ရှင်တို့ . . . ဟော . . . ဦးလေး . . . ဦးလေး"

ရှုတ်ပာရက် ပန်းပင်တွေကြားထဲမှာ ဦးလေးကြီးတစ်ယောက်ကို ကုန်းကုန်းကွကွတွေ့လိုက်ရတာမို့ သူ ဝမ်းသာအားရ အော်ခေါ်လိုက်သည်။ ထိုဦးလေးကြီးက သူ့ကို လှည့်ကြည့်ပြီး ခြံဝကိုလျှောက်လာသည်။

"ဘယ်သူတုန်းကွ။ မီတာဖတ်မလို့လား။ ရှာနယ် လာပို့တာလား"

"မဟုတ်ပါဘူး။ ကျွန်တော်က ဒီအိမ်က နေခမ သူငယ်ချင်းပါ။ သူ့ကျောင်းသားကတ်ကျန်ခဲ့လို့ လာယူပေး တာပါ"

"ဩော် . . . ဒီလိုလား။ အဲဒါများ အဲဒီအုတ်တိုင်က





ဘဲလ်ကို နှိပ်လိုက်ရောပေါ့ကွာ။ မင်းက အပြင်ကနေပေါက် အော်နေတော့ ငါက ဘာများလဲလို့။ ဈေးသည်လား၊ အလှူခံလားထင်နေတာ။ လာ . . . အထဲဝင်"

သည်တော့မှ သူအထဲဝင်ခွင့်ရပါသည်။ ကျယ်ဝန်းလှသော ခြံကြီးနှင့် မြက်ခင်းစိမ်းစိမ်းတွေ၊ အလှစိုက် ပန်းပင်တွေ၊ ခြံစည်းရိုးက ကွမ်းသီးပင်တန်းတွေက ရုပ်ရှင်ထဲမှာ မြင်ဖူးထားတာထက် ပိုလှပြီး တိုက်ကြီးကလည်း အလွန်လှပခန့်ညားလွန်းတာကြောင့် သူ ငေးမောနေမိသည်။

"ဟေ့ . . . ကောင်လေး ဝင်သွားလေ။ အထဲမှာ နေနေ့အမေ ဒေါ်မော်ဖမ်ဆွေ ရှိတယ်။ အိမ်ဝရောက်ရင်လည်း ဘဲလ်တီးဦးနော်"

"ဟုတ်ကဲ့"

ခြံအလုပ်သမားဖြစ်ဟန်တူသော ဦးလေးကြီးက ဝေဟင့်ကို လှမ်းအော်ပြီး သူလုပ်စရာရှိတာ ဆက်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်တံခါးဝရောက်တော့ အသင့်တွေ့ရသည့် ဘဲလ်လေးကို နှိပ်လိုက်သည်။

အင်း . . . ဟန်တော့ကျသား။

သူဌေးတွေကျတော့လည်း အပိုလေကုန်စရာ တောင် မလိုလောက်အောင် စီစဉ်ထားတာပါလားလို့ တွေး မိပြီး သူ သဘောကျသွားမိ၏။

- "ဘာကိစ္စရှိလို့လဲကွယ်"

အလွန်ချောမောလှပပြီး ကျက်သရေရှိလွန်းသော အမျိုးသမီးကြီးက သံဘာရာတံခါးနောက်မှ သူ့ကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

ဒါ . . . နေမခရဲ့မေမေပဲ ဖြစ်မည်။

ချမ်းသာကြွယ်ဝတာတစ်ခုတည်းကြောင့် မဟုတ် ဘဲ ဘုန်းကျက်သရေဟု ခေါ်ရမည့် အရှိန်အဝါတစ်မျိုးနှင့် လင်းထင်းတောက်ပနေသော ထိုအမျိုးသမီးကြီးကို ကြည့် ပြီး ဝေဟင့်ရင်ထဲ တစ်မျိုးတစ်မည်ပင် ခံ[illegible]းလိုက်ရ၏။

"ကျွန်တော် နေမခရဲ့သူငယ်ချ[illegible]ါ။ ဟို . . .





ကိုနိုင်ဖေယျနဲ့လည်း ခင်ပါတယ်။ နေမခရဲ့ကျောင်းသား ကတ် ကျန်ခဲ့လို့ လာယူပေးတာပါခင်ဗျာ"

"ဪ . . . ဟုတ်လား။ လာလေ . . . သား။ အထဲဝင်"

"ဟုတ်ကဲ့"

သူမရဲ့သားဆိုသော အခေါ်အဝေါ်က သူ့ရင်တွင်း သို့ ရှိန်းခနဲ စီးဝင်စိမ့်ဖြာသွား၏။

"လာ . . . လာ . . . ဒီမှာထိုင်ဦး။ အန်တီ သူ့ အခန်းထဲ သွားရှာဦးမယ်"

"ဟုတ်ကဲ့ခင်ဗျ"

နေမခသူငယ်ချင်းသာဆိုတယ် သမီးနေနေနဲ့ အမူအရာ အနေအထိုင်ချင်း ကွာလှချည်လားလို့ မှတ်ချက် ချမိပေမယ့် ဒေါ်မော်မော်ဆွေ့ရင်ထဲ မယုံသင်္ကာစိတ်တော့ မဝင်ပါ။ ကောင်လေးရဲ့ မျက်လုံးလေးတွေက ပကတိရိုး သား ကြည်လင်ပြီး ရည်မွန်ယဉ်ကျေးသော လူငယ်လေး အသွင်ပေါက်တာမို့ စမြင်လိုက်ကတည်းက ရင်မှာ နှစ်လို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလေး ဖြစ်သွားရတာပင်။

ထိုကောင်ကလေးရဲ့ မျက်နှာကို မြင်ရတာဟာ သူစိမ်းတစ်ယောက်နဲ့ စတွေ့ရတာနဲ့မတူဘဲ ဝေးကွာနေသော ဆွေမျိုးရင်းချာတစ်ယောက်ကို ပြန်တွေ့ရသလို ရင်းနှီးနွေးထွေးနေမိတာ ဘာကြောင့်ပါလိမ့်လို့ တွေးရင်း ဒေါ်မော်မော်ဆွေ ကိုယ့်စိတ်ကိုယ် အံ့ဩနေမိ၏။

"နေနေကတော့ အဲလိုပဲ သားရေ။ သိပ်ကို နမော်နမဲ့နိုင်တာ။ ခုလည်း ကတ်ကို မှန်တင်ခုံပေါ်ထားခဲ့တယ်လေ။ သူလုပ်တာနဲ့ သားက ကြားထဲက ပင်ပန်းရပြီ။ ခဏလေးနော်။ အန်တီ အအေးသွားယူဦးမယ်"

"ရပါတယ်ခင်ဗျ။ မသောက်တော့ပါဘူး"

"မဟုတ်တာကွယ်။ ခဏလေးနေပါဦး။ အမောပြေပြီးမှသွားပေ့ါ"

ပြောပြောဆိုဆို သူမက ဧည့်ခန်းကနေ လှမ်းမြင်နေရသော အခန်းတစ်ခုရဲ့ထောင့်က ရေခဲသေတ္တာဆီ ထသွားကာ အအေးတစ်ဘူးနှင့် ဖန်ခွက်ကို ယူပြီးပြန်လာလေ





သည်။ လူချမ်းသာအသိုင်းအဝိုင်းတွေမို့ သူ့ကို ဒီလောက်အရေးပေးအရောဝင်လိမ့်မည်ဟု သူ လုံးဝထင်မှတ်မထားခဲ့။ ခုတော့ သူထင်ထားတာနဲ့ခြားနားစွာ သူမက နွေးထွေးကြင်နာလွန်း၏။

"သောက်လေ . . . သား။ အဝေးကြီးကနေ လာရတာ ပင်ပန်းမှာပေ့ါ"

"မပင်ပန်းပါဘူး အန်တီ။ ဟို . . . ကားစီးရလို့ ခေါင်းနည်းနည်းမူးတာပဲ ရှိတာပါ။ အခု အအေးသောက်ရတော့ ကောင်းသွားပါပြီ"

ဒေါ်မော်မော်ဆွေက သူ့အပြောကို သဘောကျစွာ ပြုံးသည်။ မျက်ဝန်းလေးတွေ၊ အမူအရာလေးတွေနဲ့ လိုက်ဖက်စွာ ရိုးသားပွင့်လင်းသော သူ့ကို မြင်စမှာပင် ခင်မင်တွယ်တာသွားမိ၏။

"သားက လိုင်းကားနဲ့လာတာလား။ ဒါဆို ပင်ပန်းတာပေ့ါ။ နေနေတို့ မောင်နှမကတော့ ဖယ်ရီတောင် မစီးဘူး။ ကားပေးထားရတယ်လေ။ ကား မအားရင် Taxi နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပို့ရတာ”

ဒါကတော့ ဘဝရှင်းကွာတာကိုးလို့ သူ့စိတ်ထဲက ရေရွတ်မိ၏။

“ဒါနဲ့ သားက နေနေနဲ့ အတန်းတူပဲလား။ သားက ဘယ်မှာနေတာလဲ”

“ဟုတ်ကဲ့ . . . အတူတူပါပဲ။ ကျွန်တော်က နယ်ကပါ။ အခုတော့ ကျောင်းနားမှာပဲ အဆောင်ငှား နေပါတယ်”

“ဪ . . . နယ်ကလား။ ဘယ်ကများပါလိမ့်”

“ခရမ်းသုံးခွကပါ အန်တီ။ ဟို . . . ကျွန်တော် ပြန်တော့မယ်ခင်ဗျာ။ ဒီနေ့ ကျူတိုရီယယ်ဖြေရမှာမို့ပါ”

“ဪ . . . အေး . . . အေး . . . ကောင်းပါပြီ။ နောက်လည်း လာလည်ပေါ့။ သားနိုင်နိုင်နဲ့လည်း ခင်တယ် မဟုတ်လား”

“ဟုတ်ကဲ့”

ခင်မင်ဖော်ရွေလွန်းပြီး သူ့ကို တစ်ခုခုပြောလိုဟန်





ရှိသည့် အန်တီကို စကားလက်စဖြတ်ပြီး နှုတ်ဆက်ခဲ့ရ သည့်အတွက် သူ စိတ်တော့မကောင်းချေ။

ကျူတိုရီယယ်ဖြေရမှာဖြစ်ပြီး နေမခ မျှော်နေ မယ်ဆိုတာကို သိသောကြောင့် အမြန်ပြန်လာရပေမယ့် သူ့ကို သား. သားနှင့် ပါးစပ်ဖျားက မချ ခေါ်ပြီး ဂရုတစိုက် ဆက်ဆံလှသော အန်တီကိုတွေ့ရတော့ ရွာက အမေ့ကို လွမ်းတာ အလွမ်းပြေသလိုဖြစ်သွားရသည်။ ဖြစ်နိုင်လျှင် အန်တီမော်မော်ဆွေနှင့် နောက်ထပ်ဆုံချင်သေးသည်။ စကားတွေ အများကြီး ပြောချင်မိလေသည်။

“ဟေ့ကောင် . . . ခဏနေဦး”

လမ်းထိပ်တောင်မရောက်သေး နောက်က ခေါ်သံ ကြောင့် သူ တအံ့တဩလှည့်ကြည့်မိတော့ သူ တစ်ခါမှ မသိ မမြင်ဘူးသည့် ကောင်လေးသုံးယောက်ကို တွေ့လိုက် ရ၏။ ကျောင်းက သူငယ်ချင်းတွေများလားဆိုပြီး သူ ဇဝေ ဇဝါကြည့်ရင်း ကြောင်တောင်တောင်ပုံစံနှင့် ပြုံးပြပေမယ့် သူတို့က မပြုံး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကိုတော့ တစ်လှမ်းချင်း လျှောက်လာနေ၏။ ဒါဆို သူတို့ကို ဝေဟင် မသိတာသေချာပြီ။ ကျောင်းကလည်း မဟုတ်ဘူးဆိုတော့ ဒီရပ်ကွက်ထဲကပဲလား။ သူလည်း ဒီကိုတစ်ခေါက်မှ ရောက်ဖူးတာ မဟုတ်ဘူး ဆိုတော့။

တွေးမိတွေးရာတွေးရင်း ငေးနေဆဲ သူတို့အုပ်စုက သူ့ကို ပတ်လည်ဝိုင်းလိုက်ကြ၏။

မြတ်စွာဘုရား . . . ရုပ်ရှင်တွေထဲမှာ အနုကြမ်းစီး လုယက်ကြတဲ့ပုံစံမျိုးတွေမို့ သူ လန့်သွားမိသည်။ လုယက်စရာလည်း သူ့လက်ထဲမှာ ဘာမှမပါ။

အဲ . . . တစ်ခုတော့ပါသည်ပေါ့လေ။

အဲဒါက နေမခရဲ့ကျောင်းသားကတ်လေး ဖြစ်၏။

ထို့ကြောင့် သူမရဲ့ကတ်ကို ကပျာကယာ အင်္ကျီအိတ်ကပ်ထဲ ထိုးထည့်လိုက်တော့ တစ်ယောက်သောကောင်လေးက သေသေချာချာကြည့်ကာ . . .

"မင်းလား နေ့ရဲ့ရည်းစားဆိုတာ"



"ဟမ်"

သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

မြတ်စွာဘုရား . . . နားကြားလွဲတာလား။ အိပ်မက်မက်တာလား။

"ဟေ့ကောင် . . . ဘာပြန်ကြည့်နေတာလဲ။ မေးနေတာဖြေ။ မင်းက နေမခရည်းစားလား"

နိပ်ဟ . . . ငါတော့ ထိမထိုးဘဲ သိန်းဆုပေါက်ပြီလို့ သူ့စိတ်ထဲက ရေရွတ်ကြုံးဝါးလိုက်မိသည်။ နှုတ်က ဘာပြောရမှန်းမသိပေမယ့် ရင်ထဲမှာတော့ ကုလားဘုရားပွဲလှည့်သလို အသံတွေ ညံနေ၏။

"ကြည့်ရတာ မအူမလည်နဲ့။ ဟုတ်ရောဟုတ်ပါ့မလား"

တစ်ယောက်က ဝင်ပြောသည်။

"ဟုတ်မှာပါ။ နေတို့ခြံထဲက ထွက်လာတာပဲ။ ဟေ့ကောင် . . . မင်းအိတ်ထဲက ဘာလဲ"

တစ်ယောက်က သူ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အကျီအိတ်ကို လက်တစ်ဖက်နှင့်ပိတ်ထားရင်း

"မ . . . မလုပ်ပါနဲ့ဗျာ။ ဒါ . . . ကျောင်းသားကတ်

ပါ"

"နေ့ရဲ့ကျောင်းသားကတ်လား။ ဒါဆို နေ့ချစ်သူရဲ့

တာ မင်းပေါ့"

"ဟုတ် . . . ဟုတ် . . . အဲ . . . မဟုတ်"

"ဟာကွာ . . . အူကြောင်ကြောင်နဲ့ ဟုတ်လား

မဟုတ်လား ဒါပဲဖြေ"

ဇွတ်အတင်းကြီးမေးနေတာမို့ မျက်လုံးလေး

ကလယ်ကလယ်နှင့် အံ့သြခြင်းကြီးစွာဖြစ်နေသော ဝေဟာင်

မှာ ဖြစ်ချင်ရာဖြစ် သဘောထားကာ ဝမ်းသာအားရပင်

ခေါင်းညိတ်ပြလိုက်၏။

"ဟုတ် . . . ဟုတ်တယ်။ ငါက နေ့ရဲ့ချစ်သူ"

တကယ်မဟုတ်မှန်းသိသိကြီးနဲ့ ချော်လဲရောထိုင်

ညာဝါးဖြီးဖြန်းလိုက်ရတာ အရသာရှိလေစွ။

သူ့ရင်ဂ့ကိုကော့၊ ခေါင်းကိုမော့ထားလိုက်၏။

●———မျှဝေသော———●



မမြင်ဖူးရင်ကြည့်ထား။ ငါက နေမခရဲ့ချစ်သပဲဆို

တဲ့ဒီဖိုင်းနဲ့ မကျွပ်တိုင် တက်ရန် ကြံစည်ဆဲမှာပင် . . .

"ဩော် . . . မင်းက နေရဲ့ရည်းစားကိုး"

"ကြာတယ်ကွာ။ ဟုတ်ရင် ဆော်သာဆော်"

"ဟုတ်တယ် . . . ချကွာ"

တစ်ယောက်တစ်ပေါက် ထပြောလိုက်သော

စကားတွေကြောင့် ဝေဟာင် မျက်လုံးပြူးသွားရ၏။

"နေ . . . နေကြပါဦး"

"စကားမရှည်နဲ့ . . . ကဲကွာ"

"ဘုန်း"

"အား"

"ခွပ်"

"ဒုတ်"

"အား"

"ခွပ်"

"အင့်"

●———မျှဝေသော———●

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ချက် ဝိုင်းနှက်လိုက်ကြတာမို့ သူ ဘာမှရှင်းပြချိန်ပင် မရ။ ထိုနေရာမှာပင် ခွေခနဲလဲကျ လျက် သတိမေ့ခြင်းသို့ ရောက်ရလေတော့၏။





## အခန်း ( ၁၉ )

သူ သတိရလာတော့ ဒဏ်ရာဒဏ်ချက်တွေနှင့် လမ်းဘေးမှာမဟုတ်တော့ဘဲ ပတ်တီးတွေ တစ်ကိုယ်လုံး အဖွေးသားနှင့် ဆေးရုံခုတင်ပေါ် ရောက်နေတာ သိလိုက် ရ၏။

မျက်လုံးဖွင့်ဖွင့်ချင်း မျက်နှာပေါ်က တင်းကျပ် နာကျင်နေသောခံစားမှုကို အရင်ဆုံးခံစားလိုက်ရပြီး အမြင် အာရုံသဲကွဲလာတော့ သူ့သူငယ်ချင်းတွေနဲ့အတူ ကိုနိုင်ဖေ



www.burmeseclassic.com

www.burmeseclassic.com



ယျက်ပါ တွေ့လိုက်ရလေသည်။

"သတိရလာပြီလား ဝေဟင်"

"ဝေဟင် . . . နေရတာ သက်သာရဲ့လား"

"ငါတို့ကို မှတ်မိတယ် မဟုတ်လား"

"အင်း"

သူ့မြေသံအဆုံး အောင်ကိုက . . .

"တော်သေးတာပေ့ါ။ မင်းခေါင်းကဒဏ်ရာက များတော့ အတိတ်တွေ ဘာတွေများ မေ့ကုန်ပြီလားလို့"

ဟုပြောပြီး ဟီးခနဲရယ်သည်။

"မင်းကို ကိုနိုင်ဇေယျ သွေးလှူထားတာကွ။ မင်းသွေးက အေသွေးလေ။ ကိုနိုင်ဇေယျနဲ့ အမျိုးအစားတူလို့"

"ကျေးဇူးတင်ပါတယ် အစ်ကို"

"ကိစ္စမရှိပါဘူး။ မင်း ငါတို့လမ်းထဲမှာ လဲကျနေတာတွေ့လို့ မေမေကိုယ်တိုင် ဆေးရုံလိုက်ပို့သွားတာ။ ခုနလေးတင် ပြန်သွားတယ်။ ဘာမှမစိုးရိမ်နဲ့။ ရွာက မင်းအမေကိုလည်း အကြောင်းကြားထားတယ်။ ဒီလိုဖြစ်တယ်တော့





မပြောထားဘူး။ နေမကောင်းဘူးလို့ပဲ ပြောလိုက်တာပါ"

"ဟုတ်ကဲ့"

"အခု ဘယ်လိုနေသေးလဲ"

"ခေါင်းနည်းနည်းမူးတယ်။ မျက်လုံးတစ်ဖက်လည်း အောင့်တယ်။ ကြည့်လို့မကောင်းဘူး"

"မူးမှာပေ့ါ။ မင်းခေါင်းက ဆယ့်နှစ်ချက်တောင် ချုပ်ထားရတာ"

"ဆယ့်နှစ်ချက်"

တင်မောင်ထွေးစကားကြောင့် ဝေဟင် ရင်ထဲ တလှပ်လှပ်တုန်ကာ ကြောက်စိတ်နှင့် သတိလစ်ချင်သလိုပင် ဖြစ်သွားရသည်။

"မင်းမျက်လုံးအောင့်တာလည်း တခြားမဟုတ်ဘူး။ အထိုးခံထားရလို့။ ကံကောင်းလို့ ဘတ်သီး မကျွမ်းတာ။ ဒါတောင် မျက်လုံးတစ်ဖက်က ပိတ်လို့"

"ဟာ . . . ဒီကောင် လူမမာကို ဘာတွေလျှောက်ပြောနေတာတုန်း။ စိတ်မကောင်းမဖြစ်နဲ့ ဝေဟင်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးက လေးချက်ပဲ ချုပ်ရတာ။ နာခေါင်းရိုး မကျိုးတာ
သွားတွေ မကျွတ်တာ ဝမ်းသာရမယ်"

တင်မောင်ထွေးက အောင်ကို့ကို မျက်စောင်းထိုး
ကြည့်ကာ . . .

"မင်းပြောမှပိုဆိုးကုန်ပြီ။ ဒါနဲ့ ဝေဟင် မင်း ကျော
တွေ ရင်တွေ အောင့်လား"

သူ ခေါင်းညိတ်ပြလိုက်တော့ တင်မောင်ထွေးက
ခေါင်းညိတ်ကာ . . .

"ဒါဆို ဓာတ်မှန်ရိုက်ရမယ်။ မင်း အနည်းဆုံးတော့
နံသုံးလေးချောင်း ကျိုးမှာပဲ"

ဟု ပြောလေသည်။

"စိတ်မကောင်းမဖြစ်နဲ့ ဝေဟင်။ မင်း ဒီလောက်
ခံနိုင်ရည်ရှိတာ လက်ဖွေ့ပဲထိုးစားကွာ။ ရှေ့လျှောက် လက်
ခမောင်းသာ ခတ်ပေတော့ . . . ဟီး . . . ဟီး"

အားလုံးတစ်ယောက်တစ်မျိုး ဝိုင်းပြီး စနောက်နေ
ပေမယ့် နိုင်ဇေယျာကတော့ ဝေဟင့်မျက်နှာကို ကရုဏာ





သက်စွာ ငေးကြည့်နေမိ၏။

သွေးအလိမ်းလိမ်းနဲ့ သတိလစ်နေတာတောင်
နေနေရဲ့ကျောင်းသားကတ်ကို လက်နှင့်တင်းတင်းဖိထား
သော ဝေဟင့်ပုံစံကို ပြန်မြင်ယောင်မိသည်။ မေမေ ဖုန်း
ဆက်တော့ ချက်ချင်း ယုံတောင်မယုံနိုင်။ နေနေ့သူငယ်
ချင်းဆိုပေမယ့် ဝေဟင်လို့လည်း ထင်မထားခဲ့။

"ကံကောင်းလို့ပေါ့ သားရယ်။ သူ ထွက်သွားပြီး
နာရီဝက်လောက်ကြာမှ မေမေလည်း ကိစ္စရှိလို့ အပြင်
ထွက်လာတာ။ အဲဒီကျမှ သူ့ကို ဒဏ်ရာဒဏ်ချက်တွေနဲ့
တွေ့ရတာပဲ။ ဒီလောက်အေးဆေးတဲ့ကလေးကို ဘယ်သူ
တွေကများ ရန်စပြီး နှိပ်စက်သွားသလဲ မသိပါဘူး"

မေမေက စိတ်မကောင်းစွာ တဖွဖွပြောသည်။
သူစိမ်းတစ်ယောက်နှင့် ပတ်သက်ပြီး မေမေ ဒီလောက်
စိုးရိမ်ပူပန်နေတာ သူ တစ်ခါမှ မတွေ့ဖူးချေ။

ပိုပြီးအံ့ဩစရာကောင်းတာက ဝေဟင်နဲ့သူ သွေး
ချင်းတူလို့ လှူရမယ်ဆိုတော့ အထိတ်တလန့်ဖြစ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာအမူအရာပင်။

အဘေသွေးချင်းတူနေတာ အံ့သြစရာမဟုတ်ပေမယ့် မေမေက ဝေဟင့်ကိုယ်ရေးရာဇဝင်ကို သိလိုစိတ်ပြင်းပြနေတာကတော့ ထူးဆန်းလွန်းနေ၏။

နိုင်ဖေယျကိုယ်တိုင် ခရမ်းက ဝေဟင့်အမေဆီ အကြောင်းကြားပြီးသည်နှင့် မေမေလည်း ကမန်းကတန်း အိမ်ပြန်သွားတော့တာ ဖြစ်သည်။

သူကတော့ သွေးထုတ်ပေးထားရတာဆိုတော့ ချက်ချင်း မပြန်ဖြစ်သေး။ ပြီးတော့ ဝေဟင် အခုလိုဖြစ်ရတဲ့ အကြောင်းရင်းကိုလည်း စိတ်ဝင်စားစွာ သိချင်မိ၏။

လမ်းထဲမှာ အရိုက်ခံရတာ၊ ပြီးတော့ ဝေဟင့်အိတ်ထဲက နေနွေ့ကျောင်းသားကတ်။ ပြီးတော့ ဝေဟင်နဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားနေသည့် မေမေ့အမူအရာတွေ။ အားလုံးက ပဟေဠိမေးခွန်းရှည်တစ်ခုနှင့် တူနေသည်။

ဒါပေမဲ့ အားလုံးက အဆက်အစပ်မဲ့နေ၏။ သူ ဆက်စပ်စဉ်းစားလိုရတာတစ်ခုကတော့ ဝေဟင် အရိုက်ခံရ





တာ နေနွေ့ပဒေသာဂမကောင်းနိုင်ခြင်းပင်။

မေမေ ပြောပုံအရ ဝေဟင်က နေနွေ့ကျောင်းသားကတ်ကို လာယူပြီးအပြန်မှာ အခုလိုဖြစ်ရတာပင်။ ရန်ငြိုးရန်စ တစ်စုံတစ်ရာမရှိသလို ဘယ်သူရိုက်သွားမှန်းလဲ လက်သည်မပေါ်။

"ငါတို့ပြန်ဦးမယ် ဝေဟင်။ ညကျရင် အောင်သူဝင်းတို့ လာစောင့်ပေးလိမ့်မယ်။ လောလောဆယ် မင်း ဆေးရုံမှာပဲ နေရဦးမယ်ထင်တယ်။ မနက်ဖြန် မင်းအမေ လာမှာပါ"

"သွားမယ်နော်။ အန်တီစောလည်း အဘွား နေမကောင်းလို့ မနက်ဖြန်မှ လာလိမ့်မယ်"

"အေးပါ . . . ရပါတယ်"

အားလုံးပြန်သွားတော့မှ သူ ဝေဟင့်ကို စပြီး စကားပြောဖြစ်သည်။

"ဒဏ်ရာတွေက နည်းနည်းများတော့ ကျောင်းပျက်ဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲအတွက်ပဲ ကျွန်တော် စိတ်ပူတာပါ"

"ဒါနဲ့ မင်းကို ရိုက်သွားတဲ့ကောင်တွေကို မင်း သိလား"

ဝေဟင်က မျက်တောင်လေးပုတ်ခတ်ပုတ်ခတ် လုပ်ရင်း . . .

"မသိဘူး အစ်ကို။ တစ်ခါမှတောင် မမြင်ဖူးဘူး။ ကျွန်တော့်ကို နေမခရည်းစားလား မေးပြီး ဝိုင်းဆော်ကြတာ"

နိုင်ဇေယျ မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။

"နေမခရည်းစားလားမေးပြီး ရိုက်တယ်ဆိုတော့ မင်းက ဘယ်လိုဖြေလိုက်လို့လဲ"

"ဗျာ"

အူကြောင်ကြောင်နိုင်လှသော ဝေဟင့်ပုံစံက ရက်ကိုးရက်ကန်းဖြစ်နေတာမို့ သူ ဖြေခဲ့မည့်အဖြေကို နိုင်ဇေယျ ရိပ်မိလိုက်သည်။

"မင်းက ဟုတ်တယ်လို့ပြောလို့ အထိုးခံရတာနေ





မှာပေါ့။ နည်းတောင်နည်းသေး။ ဘာလို့မဟုတ်ဘဲပြောတာလဲ"

သူ ဖိဟောက်ပစ်တော့ ဝေဟင် မျက်နှာလေး ငယ်သွားသည်။

"သူတို့က အရင်စမေးတာပါ။ ခဏ ခဏ မေးကြတာနဲ့ ဟုတ် . . . ဟုတ်တယ်လို့ ပြောလိုက်တာပါ။ အဲမှာပဲ ဘာမပြော ညာမပြော ဝိုင်းရိုက်ကြတာ"

"မင်းကတော့ကွာ . . ."

သူ တစ်ဖက်လှည့်ပြီး ပြုံးလိုက်မိသည်။ ဝေဟင့်ပုံစံက ရယ်စရာကောင်းသလို သနားစရာလည်း ကောင်းနေပြန်သည်။ ခုလည်း မလည်ရှုပ်သွားလုပ်လို့ အတီးခံရတာ နေမှာ။

ဘာပဲဖြစ်ဖြစ် ဒါ နေမခ လက်ချက်တော့ ကင်းမှာမဟုတ်ဆိုတာ သူ ကောင်းကောင်းရိပ်မိလိုက်၏။

"ဒီကိစ္စတွေအားလုံး ငါ တာဝန်ယူတယ်။ မင်း အားငယ်နေမှာစိုးလို့ မင်းအမေကို မှာလိုက်တာ။ လူကြီးသို



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ပူနေမလားမသိဘူး"

"ရောက်လာရင်တော့ အမေက ကျွန်တော် ရန်ဖြစ်ထားတယ်ပဲထင်မှာ"

"ငါတို့ရှင်းပြမှာပေါ့။ မတော်တဆဖြစ်တာ ဘာညာ လိမ်ပြောရမှာပေါ့ကွာ"

"အမေက ယုံပါ့မလား အစ်ကို၊ ဒဏ်ရာက တစ်ကိုယ်လုံး သူပုန်အထောင်းခံရသလားလို့ မေးမှာပဲ"

ဝေယာင်ရဲ့ရွှံ့မွဲမွဲအပြောကြောင့် သူ ရယ်ချင်သွားမိသည်။ အင်း . . . ဝေယာင်ရေ . . .

မင်းအဖြစ်ကလည်း သူပုန်အထောင်းခံရတာထက်တောင် ဆိုးသေးတယ်။

နေနေက မင်းထင်ထားတာထက်ကို ဆယ်ဆလောက် ဆိုးတယ်။ သူ့အစ်ကိုဖြစ်တဲ့ ငါက ကိုယ်တွေ့ပဲ။



## အခန်း ( ၂၀ )

သတင်းကြားကြားချင်း နေ အံ့ဩထိတ်လန့်သွားမိသည်။ မယုံနိုင်သလိုလည်း ဖြစ်မိ၏။ သေများသွားရင် ဆိုတဲ့ ကြောက်လန့်စိတ်ကနေ စိုးရိမ်ပူပန်စိတ်၊ ဝေယာင့်ကို သနားတဲ့စိတ်တွေပါ ဝင်လာရသည်။

ဒီလိုဖြစ်အောင် လုပ်ခဲ့ပေမယ့် ဒီလောက်အထိ ပြင်းထန်သွားစေဖို့ မရည်ရွယ်ခဲ့တာတော့ အမှန်ပင်။

ဒုက္ခပါပဲ။ သူ့ဆီမှာ နေ့ကျောင်းသားကတ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးရှုပ်ကုန်တော့မှာပဲ။ ဒီလိုဖြစ်ရတာ နေ့ကြောင့်ဆိုတာ ဖေဖေ၊ မေမေတို့သိရင် နေ့ကို ဘယ်လောက်စိတ်ဆိုးမလဲ။

ကိုကို သိသွားရင်ရော . . .

အို . . . ဘာမှတွေးရဲစရာမရှိပါလား။

နေ အိမ်သို့ပြန်သာလာရသည်။ ရင်တထိတ်ထိတ်နှင့် ဘုရားတလာခဲ့ရ၏။

အိမ်ရောက်တော့လည်း အရင်လို ဧည့်ခန်းထဲက နေ ကော့တော့ ကော့တော့ဖြတ်မလျှောက်ရဲတာမို့ ဘေးတံခါးကနေ အသာလေးဝင်လာရသည်။ အိမ်ထဲရောက်ရောက်ချင်း ဧည့်ခန်းထဲမှ ဖေဖေနဲ့မေမေရဲ့ အချေအတင်စကားပြောသံတွေကို ကြားရတာမို့ ရေခဲသေတ္တာထဲက ရေဘူးတစ်ဘူးထုတ်ပြီး နံရံမှာ ကျောလေးမှီကပ်ကာ အသာနားစွင့်နေလိုက်သည်။

မေမေရဲ့ တအင့်အင့် ငိုရှိုက်သံကို ကြားလိုက်ရတော့ နေ ပိုပြီး မျက်လုံးပြူးသွားမိ၏။



ဘာတွေဖြစ်ကုန်ပြီလဲ။

"သေချာတယ် ကို။ အဲ့ဒီကလေးဟာ ကျွန်မသားလေးပဲ။ စတွေ့ကတည်းက သွေးစကားပြောတာ ဖြစ်မှာ။ ကျွန်မ သူ့ကိုမြင်မြင်ချင်း သားလေးအရင်းလိုထင်မိတာ"

"မဟုတ်သေးဘူးကွာ။ မင်းက အစွဲအလမ်းတစ်ခု ဝင်သွားရင် အဲလိုဖြစ်ကုန်ရော။ မင်းဘက်ကထင်တာ တစ်ခုနဲ့ ကိုယ့်သားလို့ တပ်အပ်ပြောလို့ ရမလား။ ပြီးတော့ သားက မလှချို့နဲ့အတူ မီးထဲပါသွားတာရော မဖြစ်နိုင်ဘူးလား"

"မဟုတ်ဘူး . . . အဲဒီတုန်းက သွေးပူပြီး ထင်ရာဆွဲတွေးခဲ့ကြတာ။ တကယ်တော့ ကျွန်မသားလေး မသေဘူး။ မယုံရင် ကို သေချာလိုက်ကြည့်။ သားငယ်လေးက သားကြီးနဲ့မတူဘူး။ အသားညိုတယ်။ ကြည့်ရင်း ကြည့်ရင်း သူ့အဘိုးနဲ့တူလာတာ။ အဲ့နေ့က အဖြစ်အပျက်ကို ပြန်တွေးကြည့်ရင် သားက သေသွားတာမဟုတ်ဘူး။ ပျောက်သွားတာ။ သားကို မလှချို ခိုးသွားတာ"

"မဖြစ်နိုင်တာ မိန်းမရယ်။ မလှချိုက သူ့သမီး

www.burmeseclassic.com

www.burmeseclassic.com



အရင်းကို မီးတွေထဲမှာ ပစ်ထားခဲ့ပြီး ကိုယ်တို့သားကို ခေါ်ထုတ်သွားပါ့မလားကွ"

"ဒါကတော့ သူ့သမီးကောင်းစားစေချင်လို့ ကလေးချင်း လဲသွားတာ ဖြစ်မှာပေါ့။ ပြီးတော့ မလှရှိရဲ့ အမျိုးတွေ နယ်မှာရှိတယ်ဆိုတာ ကျွန်မ သိတယ်။ ဘယ်မှာလဲဆိုတာပဲ အတိအကျမသိတာ။ သိရင် သားကို ဒီထက်စောပြီး တွေ့ရမှာ။ အခု ဒီကလေးအမေနာမည်က ဒေါ်လှပိုတဲ့ ဒီထက်တိုက်ဆိုင်တာ ဘာရှိဦးမလဲ"

မေမေ့စကားတွေ ရှုတ်တရက်နားမလည်ပေမယ့် ကလေးချင်းလဲတယ်ဆိုတဲ့စကားနဲ့ သူ့သမီး၊ ကိုယ်တို့ သားစတဲ့ စကားတွေကြောင့် နွေ့ရင်ထဲ လှုပ်ရှားနေမိလေသည်။

"ကဲ . . . အဲဒါတွေ အေးအေးဆေးဆေးမှ ပြောပါမိန်းမရယ်။ သမီး နေနေ ပြန်လာလို့ ကြားသွားရင် မကောင်းဘူး။ မင်းရဲ့သား ဟုတ်ရင် ပြန်ရရစေ့မယ်"

"ကျွန်မကလည်း ရအောင်ခေါ်မှာ အနှစ်နှစ်ဆယ်နီးပါး ကျွန်မရင်ကွဲမတတ် ခံစားခဲ့ရတာ။ ကလေးရဲ့အမေ





ဒေါ်လှပိုဆိုတာ မလှရှိပဲနေမှာ။ သူရောက်လာရင် အားလုံးအဖြူအမည်းကွဲပြားသွားမှာပဲ။ ကျွန်မမှာ ကိုယ့်သွေးမဟုတ်ဘဲ ကျန်ခဲ့တဲ့ကလေးကို ရင်နင့်နင့်နဲ့ စောင့်ရှောက်မွေးမြူခဲ့ရတာ။ သားလေးကတော့ ဘယ်လိုဘဝမှာ ဘယ်လိုနေထိုင်ကြီးပြင်းခဲ့ရတယ် မသိဘူး . . . အဟင့် . . . ဟင့်"

နွေ့ရင်ထဲ နင့်ခနဲဖြစ်သွားမိသည်။

လက်ထဲက ရေဘူးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတာမို့ အေးစက်နေတဲ့ခဏက လက်ဖဝါးကနေရင်ထဲအထိ ပျံ့နှံ့စိမ့်ဝင်သွားသလိုပင်။ နှုတ်ခမ်းကို တင်းခနဲဖိကိုက်ပြီး မျက်လွှာအချမှာ မျက်ရည်ပူတွေက တပေါက်ပေါက် လိမ့်ပြိုကျလာသည်။

"ဒါတွေ ပြန်ပြောမနေပါနဲ့တော့ကွာ။ သမီးလေးမှာလည်း ဘာအပြစ်မှ မရှိဘူး၊ မသိနားမလည်တဲ့ကလေးတွေကို ယိုးမယ်ဖွဲ့လို့မရဘူး။ သမီးက ကိုယ်တို့လက်ပေါ်မှာ ကြီးပြင်းတဲ့ တို့ကလေးပဲ။ သမီးနဲ့ကိုယ်တို့ ရေစက်ပါခဲ့တယ်လို့ပဲ သတ်မှတ်ရမယ်။ အခုနေ မလှရှိက သူ့သမီးပါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နေနေ့ကို တောင်းရင် မင်း ပြန်ပေးနိုင်မလား။ အဲဒါလည်း ထည့်စဉ်းစားဦး"

"ဘာပဲဖြစ်ဖြစ် ကျွန်မသားကိုတော့ ပြန်ရမှဖြစ်မယ်။ သားကိုမရရင် ကျွန်မ သေမှာပဲ"

ဖေဖေနဲ့မေမေရဲ့စကားတွေကို နေ မကြားရက်နိုင်စွာ နားတွေကို ပိတ်ထားမိသည်။

ရင်ထဲမှာ ဗလောင်ဆူနေတာကတော့ ဘယ်လိုမှ ပြေပျောက်တိုးတိတ်မသွားပါချေ။

ရှက်စရာကောင်းလိုက်တာ နေက ဖေဖေနဲ့မေမေရဲ့ သမီးရင်းမဟုတ်ဘူးတဲ့။

နေ့အန္တတာတွေကို ခံခဲ့တဲ့ ကိုကိုကရော နေ့ကို ညီမအရင်းမဟုတ်မှန်း သိခဲ့လား။

ငယ်တုန်းကမို့ မသိဘူးပဲထား။ အခု သိချင်သိနေမှာပေါ့။ နေက ကလေးချင်း အလဲခံရတာတဲ့။

နေ့ဘဝကြီးက ဆိုးလိုက်တာ။ နေ့အမေရင်းက ဒီလောက် ရက်စက်တဲ့လူလား။



မေမေတို့ရဲ့သားကရော ဘယ်မှာလဲ။ အခုပြန်တွေ့ပြီဆိုတော့ နေက ဘယ်သွားရမှာလဲ။

ကလေးခိုးသွားတဲ့ နေ့မိဘရင်းတွေဆီ ပြန်ရမှာပေါ့။ ကံတရားက ရက်စက်လိုက်တာ။

ဟင့်အင်း . . . နေ ဘယ်မှမသွားဘူး။

နေက ဖေဖေနဲ့ မေမေရဲ့သမီးရင်းပါ။ ကိုကိုရဲ့ တစ်ဦးတည်းသော ညီမလေးပါ။ နေ . . . ဒီမိသားစုကို မခွဲနိုင်ဘူး။ ယောက်ယက်ခတ်လှုပ်ရှားနေတဲ့ အတွေးနဲ့အတူ နေ အခန်းထဲပြေးဝင်ကာ ငိုကြွေးလိုက်မိ၏။ မျက်ရည်နဲ့ ဆေးကြောပေမယ့် ဝမ်းနည်းခြင်းက ပြောင်စင်မသွားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

ဝေဟင့်ကို ဆေးရုံမှာ အစစအရာရာ ဂရုစိုက်ပေးခဲ့သည့်အတွက် ဒေါ်လှပိုက နိုင်ဇေယျတို့ မိသားစုကို ကျေးဇူးတင်စကား အထပ်ထပ်ဆိုနေရှာသည်။

ဒေါ်မော်မော်ဆွေကတော့ သူမ မမြင်ဖူးသည့် ဝေဟင့်အမေ ရိုးရိုးသားသား တောသူမကြီးကိုကြည့်ကာ ကလေးအကြောင်း ဘယ်ကစမေးရမှန်းမသိအောင် စိတ်လှုပ်ရှားလျက်ရှိလေသည်။



မေမေ အမူအရာပျက်နေတာကို နိုင်ဇေယျလည်း ကောင်းစွာရိပ်မိလိုက်သည်။

"ဒီက အစ်မကြီးကို ကျွန်မ တစ်ခုလောက်မေးပါရစေရှင်"

ဒေါ်မော်မော်ဆွေ့အသံတွေက တုန်နေ၏။ ဒေါ်လှပိုက နားမလည်နိုင်စွာ ငေးကြည့်နေရှာသည်။

"ဒီကလေးက အစ်မကြီးရဲ့သားအရင်းပဲလား"

ဒေါ်လှပိုမှာ ဟန်မဆောင်တတ်သော တောသူပီပီ ရုတ်ခြည်းပင် မျက်နှာပျက်သွားသည်။ စိတ်လှုပ်ရှားခြင်းကို မဖုံးမိနိုင်ရှာ။ ဒါပေမဲ့ ခေါင်းတော့ညိတ်၏။

"ဟုတ်ပါတယ်။ ဒီက ညီမကြီးက ဘာလို့များမေးရတာတုန်း။ ဝေဟင်က ကျုပ်သားပါ"

သည်လိုပိတ်ပြောလိုက်တော့ ဘဲဥ အစရှာမရသလို ဖြစ်သွားတော့တာမို့ ဒေါ်မော်မော်ဆွေ ဝမ်းနည်းမျက်ရည်စို့ချင်လာသည်။ တစ်ဖက်သားကို အတင်းလည်း တွန်းမမေးရဲချေ။ သည်တော့ စကားပရိယာယ်ကြွယ်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဇာတ်ကြောင်းလှန်ပြမှ ဖြစ်တော့မည်။

တကယ်အမှန်ဆို သူ့သွေး ကိုယ့်သွေး ကိုယ်ချင်းစာတတ်ရမှာပေါ့။

"ကျွန်မက သားပျောက်သွားကတည်းက အရူးတစ်ပိုင်းဖြစ်နေရတာပါ အစ်မကြီးရယ်။ ကျွန်မသားလေးဟာ နှလောက်ဆို ပေါင်အရွယ်ပေါ့"

"ဖြစ်ရလေ . . . ဘယ်အရွယ်က ပျောက်သွားတာလဲ"

"အခါလည်သားလောက်ကတည်းက ပျောက်သွားတာပါ။ ဖြစ်ပုံက ဒီလို အစ်မကြီးရေ. . . ကျွန်မတို့မိသားစုအခုနေခဲ့တဲ့ ရပ်ကွက်လေးမှာ မီးလောင်တော့ အိမ်မှာကလေးတွေအဖေလည်း မရှိဘူး။ သားကြီးက မူကြိုမှာ၊ သားငယ်လေးနဲ့ ကျွန်မပဲရှိတယ်။ အဲဒီအချိန် အိမ်မှာ အဝတ်လာလာလျှော်ပေးတဲ့ မလှချိုရောက်လာတယ်။ သူ့မှာလည်း သားနဲ့ရွယ်တူ သမီးလေးရှိတယ်။ သူ့အိမ်မှာ ကလေးကြည့်မယ့်သူ ဘယ်သူမှမရှိဘူးဆိုပြီး အဝတ်လိုက်





လျှော်တိုင်း ကျောပိုးပြီးခေါ်ခေါ်သွားတာ။ အဲနေ့က ကလေးလည်း ပါလာတယ်။ သူရောက်ပြီး အတော်လေးကြာတော့ ဟိုဘက်ရပ်ကွက်က မီးလန့်တော့တာပဲ"

ဒေါ်မော်မော်ဆွေက စို့နေတဲ့မျက်ရည်ကို လက်ကိုင်ပဝါနှင့်တို့သုတ်ရင်း စကားကို ခဏဖြတ်ထားသည်။

"မီး . . . မီးဆိုတော့ ကျွန်မတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ ပူထူသွားတယ်။ သားကြီးကလည်း မူကြိုကျောင်း ပို့ထားရတာလေ။ အဲဒီမှာ မလှချိုကလည်း အစ်မရေ . . . ကျွန်မတို့ရပ်ကွက်ဘက်ကလို့ ပြောပြီး လည်တဆန့်ဆန့်နဲ့ပေါ့။ ကျွန်မကလည်း ကလေးဖောကကပ်နေတော့ သူ့ကို အိမ်မှာ သားငယ်ကို ခဏကြည့်ပေးပါဦးဆိုပြီး ထွက်လာခဲ့တာ။ မီးက ဟိုဘက်ရပ်ကွက်မှာ အတော်လေးလောင်လိုက်ပေမယ့် ကျွန်မတို့ဘက် ရောက်မလာဘူး။ သားကြီးခေါ်ပြီး အိမ်ထဲလည်းဝင်ရော မလှချိုရော သားလေးပါ မရှိတော့ဘူး . . . အဟင့် . . . ဟီး . . . ကျွန်မဘဝက မပင်္ကာအတိုင်းပါပဲ အစ်မကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မော်မော်ဆွေက စကားအဆုံး ရှုံးပွဲချပိုလိုက်တာမို့ ဒေါ်လှပိုခမျာ ငြိမ်သက်နားထောင်နေရာမှ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားရှာလေတော့၏။

"နောက်ဖေးခန်းဝင်ကြည့်တော့ စားပွဲပေါ်မှာ သူ့သမီးလေးကို အိပ်ပျော်ရက်သားတွေ့ရတော့ ဟိုနား ဒီနား ခဏထွက်သွားတာပဲ။ ပြန်လာမယ်ထင်ခဲ့တယ်။ ဒါပေမဲ့ အချိန်တွေသာ ကုန်သွားရော ပြန်မလာတော့ဘူး။ ကျန်ခဲ့တဲ့ သူ့ကလေးကို ကျွန်မသမီးရင်းလေးလို စောင့်ရှောက်ထားပါတယ်။ တစ်နေ့ မလှချို ကျွန်မသားလေးကို လာပြန်ပို့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ အစ်မကြီးရယ်။ ဝေဟင့်ကို မြင်လိုက်တော့ ကျွန်မစိတ်ထဲ သားလေးပဲလို့ ခံစားလိုက်ရတယ်။ အဲဒါကြောင့် မေးရတာပါ"

မိခင်တစ်ယောက်ရဲ့ ပူဆွေးသောကကို မိခင်ချင်းသာ နားလည်နိုင်တာမို့ ဒေါ်မော်မော်ဆွေရဲ့စကားတွေကို နားထောင်ပြီး ဒေါ်လှပို မျက်ရည်ဝိုင်းလာလေသည်။

အစတော့ မျက်ရည်ကို တဘက်နဲ့တို့တို့ပြီး မျက်





ရည်သိမ်းသည်။ နောက်တော့ ဝမ်းပန်းတနည်းကို ငိုချလိုက်လေတော့၏။

"ကျုပ် အမှန်အတိုင်းပဲ ပြောပါ့မယ်။ လှချို့ ကျုပ်ညီမရင်းပါ။ ဝေဟင်ကလည်း မိလှချိုနဲ့ပါလာတဲ့ ကလေးပါ။ ဒါပေမဲ့ ကျုပ်သားရင်းလို စောင့်ရှောက်မွေးမြူခဲ့တာ ဘုရားသိ၊ နတ် သိပါတော်။ ဒီနေ့အထိ မွေးစားသားလို့ ဘယ်သူ့ကိုမှ တစ်ခွန်းမဟာဖူးပါဘူး"

ဒေါ်လှပိုက မျက်ရည်တွေဖြိုင်ဖြိုင်ကျရင်း ကြေကွဲဝမ်းနည်းစွာ ဝန်ခံလေတော့၏။

"ဒါတွေ ဘယ်တော့မှ အမြစ်မဖော်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ပေမယ့် ညီမကြီးလို အမေရင်းရဲ့သောကကို ကိုယ်ချင်းစာလို့ရယ်၊ ပြီးတော့ လှချိုရဲ့သမီး ကျုပ်တူမရင်းလေးရှိနေသေးတာကို သိလိုက်ရလို့ရယ် မဖြစ်မနေ ဖွင့်ပြောရမှာပါ။ ကျုပ်ညီမ လှချိုရယ်လေ ကလေးတစ်ကောင်ပိုက်ပြီး ရွာကို ပေါက်ချလာတယ်။ သင်းက မြို့က လက်သမားလုပ်တဲ့ သူများယောက်ျားနဲ့ ငြိုက်ပြီး လိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



တည်းက ရွာကို ခြေဦးလှည့်တော့တာ မဟုတ်ဘူး။ ရောက်လာတော့လည်း ဖုတ်ပူမီးတိုက်နဲ့။ သင်း ဒုက္ခရောက်လာပြီဆိုတာတော့ တွက်လိုက်မိပြီးသား။ ထင်တဲ့အတိုင်းပဲ ယောကျ်ားကလည်း သင်းကိုပစ်ပြီး သားကြီးမယားကြီးဆီပြန်သွားပြီ။ ကလေးကိုတောင် ဘာမှမထောက်ပံ့လို့ သူ့ဘာသာ ကြုံရာလုပ်စားနေရတယ်တဲ့။ လက်ထဲက ညည်းကလေးလား မေးလိုက်တော့ ကြက်ကြီးလည်လိမ်သလို ငိုင်ပြီး တအောင့်နေတော့ ချုံးပွဲချငိုတော့တာပဲ။ ကလေးက သူ့ကလေးမဟုတ်ဘူးတဲ့။ ကျုပ်လည်း ရင်ထိတ်သွားတာပေါ့။ ဟဲ့ . . . မိလှရှိ ဘယ်လိုဖြစ်လာပြီတုန်းဆိုတော့ သူက ဖြစ်လာပုံကို ပြောတော့တာပဲလေ။ သူ့ဖြစ်ပုံက ဒီလိုတဲ့"



အခန်း ( ၂၂ )

အိမ်ရှေ့နဲ့မီးဖိုဆောင်ကို ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အိမ်ကို စိတ်ပူနေမိသည်။

ဒုက္ခပါပဲ။ အိမ်မှာ နေ့ခင်းရပ်ကွက်ထဲလည်ရောင်းဖို့ ကန်စွန်းဥပြုတ်ထားခဲ့တာ မီးတောင် မသတ်ခဲ့ရဘူး။ မီးက ဘယ်ကစလောင်တာလဲ။

ငါ့အိမ်လေးမပါပါစေနဲ့။

လှရှိ ယောက်ယက်ခတ်ပူပန်နေမိတာမို့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



သွားကြိုသည့် မမော်မော်ဆွေကိုပဲ မျှော်နေရသည်။

ငါ့အိမ်လေးကို ပြေးကြည့်ရင် ကောင်းမလားဆို တဲ့အတွေးကလည်း ခေါင်းထဲ ခဏ ခဏ ဝင်သည်။

ဒါပေမဲ့ လှချိုကို ယုံကြည်စိတ်ချလို့ တစ်အိမ်လုံး အဖိုးတန်ပစ္စည်းတွေ ပြည့်နှက်နေသည့် တိုက်ကြီးကို ဒီ အတိုင်းပစ်ကာ စိတ်ချလက်ချ ထွက်သွားသော အလုပ်ရှင် ကိုလည်း အားနာရသည်။ ပြီးတော့ အပ်ထားခဲ့သည့် ကလေးက ရှိသေးသည်။

"ဟယ် . . . ကလေးဆိုမှ သတိရတယ်။ ငါ့သမီး လေး ဘယ်ရောက်နေပါလိမ့်"

ကျောမှာပိုးထားသည့်ကလေးကို အဝတ်လျှော် တုန်းက နောက်ဖေးစားပွဲပေါ်မှာ တင်ဖြီး သိပ်ထားခဲ့တာ သတိရပြီး သွားကြည့်တော့ သမီးက လက်မလေး ပါးစပ်ထဲ ထည့်ပြီး အိပ်ပျော်နေသည်။ ထိုစဉ်မှာပင် . . .

"ဝါး . . . ဝါး . . . အီး"

"ဟော်တော့ ကလေးငိုနေပြီ"





အိမ်ရှေ့ဧည့်ခန်းဆီ ပြန်ပြေးရပြန်သည်။ ကလေး က ဆိုဖာပေါ်မှာ လူးလိမ့်နေ၏။

"အို . . . အေး . . . အေး . . . တိတ်ပါသားရယ်။ အံမယ် . . . သေးတွေလည်း ရွှဲလို့ပါလား"

ကလေးကို ကောက်ချီလိုက်တော့ ကလေးက လှချိုကို သူ့အမေမဟုတ်မှန်းသိသည်နှင့် တဝါးဝါး အော် ငိုပြန်သည်။

"ခြော် . . . တိတ်ပါ ကလေးရဲ့။ နင့်အမေလာပါ တော့မယ်။ အေး . . , အေး . . . မေကြီးရေ လာပါတော့"

နှုတ်ကတတွတ်တွတ်ရျော့ရင်း သေးစိုဘောင်းဘီ ကိုချွတ်ကာ ဘောင်းဘီလဲပေးလိုက်သည်။ ထို့နောက် ကလေးကို ချီကာ အိမ်ရှေ့ထွက်တော့ မီးက အညွှန့်ကျိုးပုံ မရ။ တစ်လမ်းလုံးပြေးလွှားနေကြတာ မြင်ရလေသည်။

"ဟိုဘက်ရပ်ကွက်တော့ တော်တော်ပါသွားပြီ။ ဒီဘက်လမ်းကို ကူးလာလိမ့်မယ်"

လူတစ်ယောက်ရဲ့အော်သံက လှချိုကို မူထူးလန့်



www.burmeseclassic.com

www.burmeseclassic.com



ဖျပ်သွားစေသည်။

ဒုက္ခပဲ။ ငါ့အိမ်လေး . . . ငါ့အိမ်လေးတော့ ပါပြီ ထင်တယ်။

"ဝါး . . . ဝါး . . . မေ . . . မေ . . . ဝါး"

"ဟယ် . . . နင်ကတစ်မျိုး။ အသံပြဲနဲ့ ငါ့သမီး တော့ နိုးတော့မှာပဲ"

"ဝါး . . . အီး . . . မေမေ"

"အေး . . . အေး . . . လာတော့မယ်။ လာတော့ မယ်နော်"

လှချိုမှာ ကလေးကို မာန်လိုက် ချော့လိုက်နှင့် ဘယ်လိုမှမရသည့်အဆုံး သမီးကို ထည့်ပိုးနေကျ အဝတ် ပိုင်းထဲထည့်ပိုးကာ ဟိုပို့ဒီဒီလျှောက်လိုက်တော့မှ အငို တိတ်သွားသည်။

"အစ်မကလည်း ကြာလိုက်တာ"

လှချို လည်ပင်းရှည်နေမိသလို ရင်တွေလည်း ပူ နေသည်။ ခဏနေတော့ ဖြစ်ချင်ရာဖြစ် သဘောထားပြီး





ကလေးကို ကျောပိုးရက်တန်းလန်းနှင့် လမ်းပေါ် ပြေးထွက် ခဲ့သည်။

အိမ်ကို တစ်ချက်လှည့်ကြည့်တော့ လူရှိနေ သယောင် ဟန်မပျက်မို့ ခဏတဖြုတ်ဟု သဘောထားကာ မိမိတို့ရပ်ကွက်ဘက် သုတ်ခြေတင်လာမိသည်။

"မီး . . . မီးက ဘယ်အပိုင်းပါသွားတာလဲဟင်"

အနီးရှိလူကြီးတစ်ယောက်ကို မေးကြည့်တော့ လှချိုတို့နေသည့် ဆင်းရဲသားအိမ်စုလေးတွေဘက် လက် ညိုးညွှန်ပြသည်။

"ဟိုဘက်က ပျံကျဈေးသည်တွေ အိမ်တန်းဖြစ် မှာပေါ့။ စည်းမရှိ ကမ်းမရှိ နေ့ခင်းကြောင်တောင် ဟိုဟာ ဒီဟာ ကြော်ကြ ချက်ကြလို့ လောင်တာဖြစ်မှာ"

လှချို အသာလေးခေါင်းငုံ့ထွက်ခဲ့သည်။ ရင်ထဲ မှာတော့ ဟိုက အညွှန့်ကျိုးစမီးတောက်ကြီး လှချိုဆီ ဟုတ် ခနဲ ကူးလာသလားမှတ်ရသည်။

ဒါဆို လှချိုတို့အပိုင်း လောင်သွားပြီပေါ့။ လှချို



www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးပါသွားပြီပေါ့။

ခြေလှမ်းတွေက ကတုန်ကယင် ယိမ်းထိုးနေပေမယ့် ငါ့အိမ် ငါ့ဟာဆိုတဲ့ သံယောဇဉ်စွဲကြောင့် မီးလောင်တစပြင်ဆီသို့ စိုက်စိုက်ပါအောင် လျှောက်လာခဲ့၏။

မီးသတ်ဌာနက ကားတွေ ဝိုင်းထားပြီး လူအုပ်ကြီးက ဒီဘက်မှာ အထဲကို ဝင်ခွင့်မရ။

ကလေးငိုသံ၊ လူကြီးတွေရဲ့အော်ဟစ်သံနဲ့အတူ ဆင်းရဲသားရပ်ကွက်မို့ အိမ်စုတ်တွေဆီက ဝါးလုံးပေါက်သံတွေက တဖျောင်းဖျောင်း တဒိုင်းဒိုင်း ပတ်ဝန်းကျင်တစ်ခုလုံး ငရဲပွက်သလို ဆူညံနေသည်။

"ဘယ်က . . . ဘယ်ကစလောင်လိုက်တာလဲဟင်"

"အတိအကျတော့ သိပါဘူးတော်။ ကျုပ်တို့က ဒီဘက်ထိပ်က အချောင်ခံရတာ။ ဟိုးဘက်ထိပ်ကအိမ်ကလို့ ပြောတာပဲ"

"ဘုရား . . . ဘုရား"



လှချို ဘုရားတလိုက်မိ၏။ ဟိုးဘက်ထိပ်ဆို လှချို့တို့အိမ်စုပဲ။

လှချိုရဲ့ကန်စွန်းဥပြုတ်အိုးကြီးကပဲ စတာလား။ မတင်ထွေးရဲ့ အကြော်ဖိုကပဲ စတာလား။

ဒီအချိန် အကြော်ကြော်တဲ့အချိန်မဟုတ်တော့ ငါ့အိမ်က ဖြစ်ဖို့ပဲ များတာပေါ့။

ဟော . . . ဟိုမှာ လှချို့တို့အိမ်နားက အာကျယ်မအေးရီ။ သူ့နားသွားရင်တော့ အတိအကျသိရမှာပဲ။

ပုဆိုးပိုင်းကို ခေါင်းဆောင်းပြီး ကလေးကြီးပိုးလျက် တရှေ့ရှေ့တိုးသွားတော့ အေးရီနဲ့ လူတစ်စုပြောသော စကားတွေကို လှချို့အကျယ်ကြီး ကြားလိုက်ရတော့သည်။

"ဒါ . . . ဟိုကောင်မ လှချို့အိမ်ကစတာ ကိုလေးကြိုင်ရဲ့ ဗိုင်းဒါမက ဒီအချိန် အဝတ်လည်လျှော်နေတာ။ သူ့အိမ် ဘာအိုးတင်ခဲ့သလဲမှ မသိတာ။ ကောင်မ တွေ့လို့ကတော့ အသေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ငါတို့လည်း မကျေနပ်ဘူး။ သင်းကို တွေ့ရင် အမှုန့်ကြိတ်ပစ်မယ်"

"ခုလောက်ဆို ပြေးပြီပေါ့ဗျာ"

"အေး . . . ပြေးရင်ပြေး။ မပြေးလို့မိရင် အသေပဲ"

"ဘုရား . . . ဘုရား"

လှချို ဘုရားတလိုက်ရပြန်သည်။ ခေါင်းငုံ့ထားရင်းမှ မျက်ရည်တွေ တလိမ့်လိမ့်ကျလာသည်။

မကြားဝံ့မနာသာ ကြိမ်းမောင်းသံတွေနဲ့ ဝေးရာ လှချို စွတ်ရွတ်ပြေးလာခဲ့သည်။

ဒီအနီးတစ်ဝိုက်မှာဆက်နေရင် ကြေကွဲဒေါသဖြစ်နေတဲ့ စရိုက်ကြမ်းရပ်ကွက်သားတွေလက်ချက်နဲ့ လှချို အသက်နဲ့ကိုယ် အိုးစားကွဲရတော့မည်။

ငါ့အိမ် ငါ့ဥစ္စာဆိုတဲ့ဇော ကွာကျသွားတော့ ငါ့အသက် ငါ့ခန္ဓာဆိုတဲ့ဇောက ကပ်လာတာမို့ ဘာမှသတိမရနိုင်။ ကျောမှာပိုးလျက်ပါလာသောကလေးကို သမီးပဲဟု ထင်မှတ်မှားစိတ်က လှချိုဘဝကို ချာချာလည်သွားစေ



တော့၏။

နောက်ဆုံး လှချိုဇာတိရပ်ရွာသို့ပဲ ပြန်ရတော့သည်။ သမီးကတော့ သူ့စိမ်းလက်မှာကျန်ရစ်ခဲ့ရှာ၏။ အသက်မှ ချမ်းသာရာရရဲ့လား လှချိုမသိ။ ကြာတော့ ဒီစိတ်နဲ့ပဲ လှချို လုံးပါးပါးရရှာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

ဘဝဆိုတာ ကံဇာတ်ဆရာရဲ့အလိုကျ နေပေးရတဲ့ ကြိုးဆွဲအရုပ်တွေပါလားလို့ အားလုံး အံ့ဩနေစဉ် ဝေဟာင်ကတော့ အလှည့်အပြောင်းကြမ်းလွန်းသည့် လောကဓံကို ထိတ်လန့်သလိုလည်း ဖြစ်မိ၏။

ကိုနိုင်ဇေယျက သူ့လက်ကို တင်းတင်းဆုပ်ပြီး

"မင်းက ငါ့ညီလေးတဲ့ ဝေဟာင်"

ဟုပြောတုန်းက သူ အံ့ဩဝမ်းသာသလို ဖြစ်သွား





ရပေမယ့် အမေပြောပြတဲ့ အတိတ်အကြောင်းတွေ သိလိုက်ရမှ ပြဇာတ်ဆန်လွန်းတဲ့ ကိုယ့်ဘဝကိုယ် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။

ရုတ်တရက် အမေလို့လက်ခံလို့မရသေးသည့် အန်တီမော်မော်ဆွေက ဝေဟာင့်ကို ဖက်ပြီးငိုသည်။ နိုင်ဇေယျကလည်း ဝမ်းသာဝမ်းနည်းဖြစ်နေသည်။

သူတို့ရဲ့မျက်ရည်တွေက ပီတိမျက်ရည်ဆိုတာ သူနားလည်လိုက်၏။

အခန်းထောင့်ကခုံမှာ ကုပ်ကုပ်လေးထိုင်နေတဲ့ တောကအမေကတော့ အသံမထွက် မျက်ရည်လေးတစမ်းစမ်းနှင့် ကျိတ်ရှိုက်နေရှာသည်။ အမေ့ကိုကြည့်ပြီး ဝေဟာင် စိတ်မကောင်းဖြစ်သွားမိ၏။

"အမေ . . . အမေက ကျွန်တော့်ရဲ့ကျွေးအမေပါ။ ပြီးတော့ ကျွန်တော့်ရင်ထဲမှာ အမြဲရှိနေတဲ့ ထာဝရအမေပါ။ အမေနဲ့ပဲကျွန်တော် နေမယ်"

ဒေါ်လှပိုက ခေါင်းကိုတွင်တွင်ယမ်း၏။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မော်မော်ဆွေနှင့် ဦးမျိုးဝေကို ကြည့်ကာ . . .

"ကျုပ် သားကို တစ်ခါတည်းအပ်ခဲ့မယ်။ ကျုပ်ရွာ
ပဲကျုပ်ပြန်ပါရစေ။ ဝေဟင်က ကျုပ်လက်ထဲမှာ တစ်သက်
လုံး ဆင်းရဲနွမ်းပါးသွားမှာ မလိုချင်ဘူး။ ဒီလောက်ဒုက္ခတွေ
ရောက်ခဲ့တာကိုပဲ စိတ်မကောင်းဖြစ်လို့ မဆုံးဘူး။ ရှင်တို့
ကလေးကို ပြန်ယူပါ"

ဟုပြောလိုက်တော့ ဝေဟင် မျက်ရည်တွေ ချက်
ချင်းလျှံကျလာသည်။

"အမေ ဘယ်မှမသွားပါနဲ့ဗျာ။ ရွာပြန်ရင် ကျွန်
တော်လည်း လိုက်မယ်။ ကျွန်တော့်ကိုပြုစုစောင့်ရှောက်ခဲ့
တဲ့အမေ့ကို တစ်လှည့် လုပ်ကျွေးပါရစေ"

ဒေါ်လှပိုက ဝေဟင့်ခေါင်းကို ပွတ်သပ်ရင်း ပီတိ
မျက်ရည်ရစ်ဝိုင်းရင်း ပြုံးကြည့်ကာ . . .

"အမေ . . . လူလေးကို ဒီလိုဘဝမျိုးဖြစ်စေချင်
တာ။ ဒီလောက်ဆို အမေ ကျေနပ်ပြီ သားရယ်။ သား
နေရစ်ခဲ့တော့။ အမေတော့ ကိုယ့်ဆွေကိုယ့်မျိုးတွေရှိတဲ့ ရွာ



ပဲ ပြန်မယ်။ ဒီမှာ ဘယ်လောက်ပြည့်စုံပြည့်စုံ အမေက
တောမှာမွေးတဲ့ တောသူပါ။ ချောင်းထဲ လယ်ထဲကလေကို
ရှူရမှ အမေ အသက်ရှည်မှာပါ သားရယ်။ ငါ့သား လွမ်းရင်
အမေ့ကို လာတွေ့လှည့်။ အမေနဲ့တော့ အတူလိုက်မနေနဲ့
တော့ကွယ်။ အမေ ပြန်မယ်"

"အမေ"

ဝေဟင်က ရှိုက်သံနှင့်ခေါ်ရင်း ဒေါ်လှပိုကို ဖက်
ထားသည်။

"ကြီးကြီး . . . နေ ကြီးကြီးနဲ့ တောကိုလိုက်ခဲ့
မယ်"

"အို . . . သမီး"

"ညီမလေး"

အဝတ်အစားအိတ်ကို ဆွဲလျက် အခန်းဝမှာ ပေါ်
လာသော နေမခကြောင့် အားလုံး အံ့ဩသွားသည်။ နိုင်ဇေ
ယျက သူ့မထံသို့ လျှောက်သွားကာ . . .

"ဘာတွေပြောနေတာလဲ နေနေ။ ညီမလေးက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုလိုက်မှာလဲ"

ဟု မေးလိုက်တော့ နေမခက ခေါင်းငုံ့လျက် မျက်ရည်ကျသည်။

ဒေါ်မော်မော်ဆွေက သမီးဖြစ်သူကို ဝမ်းနည်းကြေကွဲစွာကြည့်ပြီး ခေါင်းယမ်း၏။

"မသွားပါနဲ့ သမီးရယ်။ ပစ္စည်းတစ်ခုမှားယူသလို ရော့အင့်ဆိုပြီး ပြန်လဲရအောင် သမီးတို့က သက်မဲ့အရုပ်လေးတွေမှ မဟုတ်တာ။ မေမေတို့ သမီးကို မခွဲနိုင်ပါဘူးကွယ်"

ဝေဟင်လည်း နေမခကို စိတ်မကောင်းဖြစ်စွာ ငေးကြည့်နေမိသည်။ သူမကတော့ တစ်ချိန်က မောက်မာရင့်သီးခဲ့တာတွေအတွက် ရင်မဆိုင်ရဲလောက်အောင် သိမ်ငယ်ရှက်ရွံ့နေရှာသည်။ သူမကိုကြည့်ပြီး နိုင်ဇေယျက သက်ပြင်းချ၏။

ငယ်စဉ်ကတည်းက ညီမအ[illegible]က်မှန်း မသိ[illegible]ယ့် ရုတ်တရက်ပျောက်ဆုံးသွားတဲ့ [illegible]လေးကိုယ်စား





အရုပ်ကလေးတစ်ရုပ် အသစ်ရလိုက်သလို အစားထိုးအတိုးချ ချစ်ခဲ့ရတာမို့ ဆိုးသမျှတွေကျိတ်မှိတ်သည်းခံကာ အလိုလိုက်ခဲ့ရသည်။

ဘယ်တုန်းကမှ မွေးစားသမီးလို့ထုတ်မပြောရက်လောက်အောင် သူမလေးကို အမြတ်တနိုး ဂရုစိုက်ခဲ့သည်။ သူ့အပေါ် ဘယ်လောက်ပြန်ရိုင်းရိုင်း အပြစ်မမြင်ခဲ့တာတွေအားလုံးက ညီမရင်းနှင့် မြူတစ်မှုန်စာတောင် မခြားနားခဲ့ပါ။

ဒါတွေအတွက် သူမ အားနာနေလိမ့်မည်။ အခနေရခက်စွာ ဝမ်းနည်းအားငယ်နေလိမ့်မည်ဆိုတာ သူတို့အားလုံး နားလည်လိုက်မိကြသည်။

"နေ့ဘဝမှန်ကို သိလိုက်ပြီးကတည်းက နေကဖေဖေ၊ မေမေတို့ရဲ့ အရိပ်နဲ့ မတန်မရာတဲ့ ကလေးဆိုတာ နားလည်လိုက်ပြီးသားပါ။ နေ ကြီးကြီးနဲ့လိုက်သွားပါရစေ"

"မဟုတ်တာ သမီးရယ်။ ဖေဖေတို့ သမီးကို မထည့်လိုက်နိုင်ဘူး။ သမီးက ဖေဖေတို့ရဲ့သမီးလေးအဖြစ် နေသားကျနေမှ ထွက်မသွားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှပိုကတော့ တစ်ခွန်းမှဝင်မပြော။ တစ်သွေးတစ်မွေးလှနေသော တူမချောကလေးကို ကိုယ့်သွေးသားပါလားဆိုတဲ့အသိနဲ့သာ ခပ်နင့်နင့်စိုက်ကြည့်နေမိသည်။

စိတ်ထဲကတော့ သြော် . . . မိလှရို့ ညည်းသမီးကတော့ ရွှေပင်မှာ အနားကောင်းလိုက်တာ။ ရွှေကျေးလုံးလုံးကို ဖြစ်လို့။ သမီးစိတ်နဲ့ တပိန်ပိန်တလိန်လိန် အသေစောသွားတဲ့ ညည်းကို သေရာကနေ အော်ခေါ်နိူးပြီး ပြချင်တော့တယ်ဟု ညည်းညူတွေးတောမိရင်း မျက်ရည်လည်လာရလေသည်။

“နေ့မှာလည်း သွေးသားရင်းချာဆွေမျိုးတွေရှိနေတာ သိလိုက်ရပြီပဲ။ ဖေဖေနဲ့မေမေ့ရင်ကို ခြေစုံကန်တာမဟုတ်ပါဘူး။ နေ့ အမေရင်းတစ်ယောက်လုံး ခေါင်းချသွားတဲ့ ဇာတိရွာလေးကိုတော့ နေသွားပါရစေ”

ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး သက်ပြင်းချ၏။

“အေးလေ . . . စိတ်ပြေလက်ပျောက်သဘောနဲ့





ခဏတစ်ဖြုတ် အလည်သွားတာမျိုးဆိုရင်တော့ ဖေဖေခွင့်ပြုပါတယ်။ ဒါပေမဲ့ သမီးက ဖေဖေတို့သမီးနော်။ အချိန်တန်ရင် အိမ်ပြန်လာရမယ်”

နေမခက ခေါင်းညိတ်သည်။

နိုင်ဇေယျက ဝေဟင့်မျက်နှာကို အဓိပ္ပာယ်တစ်မျိုးနှင့် လှမ်းကြည့်သည်။ ဝေဟင်ကတော့ အရင်ကအတိုင်း နေမခကိုရှိန်ကြောက်နေသည့်ပုံနှင့် မဝံ့မရဲ လှမ်းခေါ်သည်။

“နေ . . . နေမခ”

သူမက ခေါင်းလေးမော့သည်ဆိုရုံ မော့ကြည့်သည်။ သူမဘက်က လွန်ခဲ့မိုက်မှားခဲ့သမျှတွေက နှုတ်နဲ့တောင်းပန်လို့ ပြေသင့်တာတွေ မဟုတ်တာမို့ ဝေဟင့်ကို မျက်နှာချင်းမဆိုင်ရဲလောက်အောင် သိမ်ငယ်ရှက်ရွံ့နေမိသည်။

ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီအထင်နဲ့ မာနတွေတံခွန်ထူခဲ့သမျှ အကျနာခဲ့ရသည့်အပြစ်ကို တွေးမိတိုင်း နောင်တရလို့မဆုံး ကြေကွဲလို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်ဟာ ဖေဖေနဲ့မေမေရဲ့သားအရင်းဆိုတာ သိခဲ့ရင် နေ မော်တောင်ကြည့်ရဲခဲ့မှာမဟုတ်။ ခုတော့ ခြေဖဝါးအောက်က သဲတစ်ပွင့်လောက်မှ တန်ဖိုးမထားနိမ့်ချ ဆက်ဆံခဲ့တာတွေအတွက် ယူကျုံးမရဖြစ်ရသည်။

"ဟို . . . ရွာကို အမေနဲ့လိုက်မယ်ဆို စာမေးပွဲပြီးမှ လိုက်သွားပါလား။ ကျွန်တော်လည်း စာမေးပွဲဖြေပြီး ရွာကိုသွားမှာ"

ဝေဟင့်စကားကြောင့် လူကြီးတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးကြသည်။

"ဟုတ်သားပဲ။ ကလေးတွေက စာဖြေရသေးတာ မဟုတ်ဘူး။ စာမေးပွဲပြီးမှ အေးအေးဆေးဆေး သွားကြ၊ အကြာကြီးတော့မရဘူးနော်။ မေမေ့ဆီလည်း ပြန်ခဲ့ရမယ်"

မေမေ့စကားကြောင့် နေမခမျက်နှာလေးက လန်းဆန်းသွားသလို ထင်လိုက်ရသည်။ ဝေဟင်ကတော့ အခုထိ သူ့ကို ဘာတွေအတွက်မှန်းမသိ အားနာမိတာမို့ ရဲရဲမကြည့်ရဲဘဲ ခိုးကြည့်နေရဆဲ။

— ရှေ့ဆက်ရန် —



သူမကလည်း ဝေဟင့်အပေါ် မှားခဲ့မိတာမှေ့ ကြောင့် ရင်မဆိုင်ရဲ။

သူတို့နှစ်ယောက်ရဲ့အရိပ်အကဲကို လူကြီးတွေက မသိပေမယ့် နိုင်ဇေယျာကတော့ ကောင်းကောင်းသဘော ပေါက်မိလေသည်။

"ကဲ . . . ကဲ . . . သမီးလည်း သမီးမေမေပြော တဲ့အတိုင်း စာမေးပွဲပြီးမှ ရွာကိုလာခဲ့ကြ။ သားက လိုက်ပို့ လိုက်ပေါ့။ အမေကတော့ ပြန်နှင့်မယ်"

"အမေ . . . အမေက ပြန်တော့မလို့လား"

ဝေဟင့်စကားကြောင့် ဒေါ်လှပိုက ပြုံးကြည့်ရင်း

"အမေ ရွာကိုပဲပြန်မယ်။ စာမေးပွဲပြီးရင် ငါ့သား လာမယ် မဟုတ်လား"

ဟုဆိုလိုက်တာမို့ ဝေဟင်လည်း စိတ်ကျေနပ် သွားရတော့၏။ ဖေဖေနဲ့မေမေကလည်း ပီတိတွေ စိမ့်ဝင် သော အပြုံးမျက်နှာကိုယ်စီနှင့် ဝေဟင့်ကိုကြည့်နေကြလေ သည်။

— ရှေ့ဆက်ရန် —

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"တောက် . . . ဒီအချိန်ဆို ရွာကို မော်တော်နဲ့ သွားရတာ အခုမိုးက မရွာတော့ လမ်းပေါက်ရပြီ"

ပုဆိုးတိုတိုဝတ်လျက် အထုပ်အပိုးတွေ စုကိုင်ဆွဲကာ ရှေ့မှပေါက်သွားသော ဝေယာင့်ကိုကြည့်ပြီး နေ ပြုံးလိုက်မိ၏။

"အခု မိုးရွာထားတယ်လေ"

"အခုရွာတဲ့ မိုးက လမ်းပျက်ရုံသပ်သပ်ပဲ။





ဆိုင်ကယ်လည်း စီးလို့မရ။ မော်တော်လည်း မရနဲ့။ နေ ပေါက်တတ်ရဲ့လား . . . ဟာ"

သူက နေ့ကိုလှည့်ကြည့်ပြီး တအံ့တဩဖြစ်သွားပုံနှင့် မျက်လုံးကြီးပြူးကြည့်နေသည်။

"ဘာဖြစ်လို့လဲ"

"အဲဒီတာရိုးကို ဒီဖိနပ်ကြီး မချွတ်ဘဲ ပေါက်လာတာလား"

"အင်း . . . လေ"

နေက စကာတ်ရှည်ကိုမရင်း သုံးလက်မဒေါက်ကို ကန်သင်းရိုးပေါ်မှာ မချွတ်ဘဲ ခနော်ခနဲ့ထိန်းပေါက်လာတာမို့ သူက အံ့ဩနေခြင်းဖြစ်သည်။

"ချော်လဲလိမ့်မယ်။ ဖိနပ်ချွတ်"

"ဟင့်အင်း . . . နေ ဘယ်တုန်းကမှ ဖိနပ်မပါဘဲ မသွားဖူးဘူး။ ဖိနပ်ကြီးမကိုင်ချင်ဘူး။ လက်လည်း မအားဘူး"

ဝေယာင်က အဝတ်အိတ်တွေကို ဘယ်ညာပခုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လုံးမှာ စလွယ်သိုင်းထားလျက် သူမကို ခါးထောက်ကြည့်ရင်း သက်ပြင်းချလေသည်။ ထို့နောက် နေ ရှိရာသို့ ပြန်လျှောက်လာကာ . . .

"ချွတ်လိုက် . . . အဲ့ဖိနပ် ကျွန်တော် ကိုင်ခဲ့မယ်"

"အာ . . . မဟုတ်တာ။ နေ ငရဲကြီးမှာပေါ့။ ရပါတယ်။ ဒီအတိုင်းပဲလျှောက်မယ်"

"မရဘူး။ ချော်လဲရင် ဟိုဘက်ကပယ်မြောင်းထဲ ကျသွားလိမ့်မယ်"

"နေ ရေကူးတတ်တယ်"

ဝေဟင်က ပြုံးယောင်ယောင်ဖြစ်သွားပြီး . . .

"မြွေတွယ်ရင်ရော ချွတ်တတ်သလား"

ဟု မေးလေသည်။

"ဟင်"

မြွေဟူသောအသံကြောင့် နေက စကတ်ကို မရင်း သူမခြေထောက်တွေကို အထိတ်တလန့်ပြန်ငုံ့ကြည့်သည်။





"မြွေ . . . မြွေဆိုတာ ကျွတ်လား"

"မြွေပါဆိုမှ ကျွတ်ဖြစ်မလား။ မြွေပဲပေါ့။ ကျွတ်ထက်အကောင်ကြီးတယ်။ ကျွဲမြွေဆို ကျွန်တော့်လက်ညှိုးလောက်ရှိတယ်"

နေ နှာခေါင်းလေးရှုံ့လိုက်မိသည်။ ပြီးတော့ လမ်းဘေး မြက်ချုံတွေဆီ လျှောက်ကြည့်သည်။

"မကြောက်ပါနဲ့။ မြွေက ရေထဲမှာပဲနေတာ"

"ရေခန်းသွားရင်ရော"

"နွံထဲမှာ တစ်ကောင်နဲ့တစ်ကောင်ပတ်ပြီး လုံးထွေးနေတယ်တဲ့"

"ရွံစရာကြီးပဲ"

နေက ရွံရှာကြောက်ရွံ့ဟန်နှင့် ရင်ဘတ်ကလေးဖိပြီး မျက်နှာမဲ့တော့ ဝေဟင်က ရယ်သည်။ ပြီးမှ . . .

"ကျွန်တော်လည်း မမြင်ဖူးဘူး။ သူများပြောတာ"

ဟုဆိုလေသည်။ နေက အကျင့်ပါနေကျအတိုင်း သူ့ကို မျက်စောင်းပိတ်ထိုးရင်း မဲ့ပစ်လိုက်မိပြီးမှ အားနာသ



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်သွားရသည်။

တခြားလူတွေနဲ့မတူဘဲ စိတ်သဘောထား ဖြူစင်ပြည့်ဝသော ဝေဟင့်ကို ခင်မင်လေးစားသွားပေမယ့် ဝေဟင်ကတော့ သူမကို ရှိန်နေသည်။ အရင်ကအတိုင်း သူမကို အောက်ကျို့ပေးဆက်ဆံတာတွေ မြင်ရတော့ နေ ဘယ်လိုမှ စိတ်မကောင်းနိုင်ချေ။

ထူးဆန်းတာတစ်ခုက နေကို ရိုးသားသန့်စင်စွာ ခေါ်ပြောဆက်ဆံပြီး တည်ငြိမ်နေသည့် သူ့အမူအရာတွေပဲ ဖြစ်၏။

"ကဲပါ . . . မိုးပါးတုန်း လျှောက်ရအောင် ဖိနပ်ချွတ်ပါ"

နေ ဖိနပ်ချွတ်ပြီး ကိုယ့်ဘာသာပဲကိုင်လိုက်သည်။

"ကျွန်တော်ကိုင်ပေးမယ်လေ"

"ရပါတယ်။ နေ ငရဲကြီးနေပါ့မယ်"

ဝေဟင်က တွေးတွေးဆဆပုံစံနှင့် သူမကိုကြည့်



နေရင်းမှ . . .

"နေနဲ့ကျွန်တော် ဘယ်သူပိုအသက်ကြီးသလဲဟင်"

ဟု ထမေးလိုက်လေသည်။

"ဘယ်သိမလဲ။ အတူတူလောက်ရှိမှာပေါ့။ ကွာလည်း လလောက်ပါပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆက်လျှောက်သွား၏။ ငြိမ်သက်သွေးအေးလွန်းနေသောဝေဟင့်ကို ကြည့်ပြီး နေ မချင့်မရဲဖြစ်လာမိ၏။

"ဝေဟင်"

"ပြောလေ"

"နေ့ကို စိတ်မဆိုးဘူးလားဟင်"

သူက ပြုံးလျက်ခေါင်းယမ်းပြသည်။ သူ့အပြုံးက ပကတိ ကြည်လင်သန့်စင်ကာ ကရုဏာအပြည့်အဝရှိသော လူရိုးလူအေးကလေးရဲ့ အပြုံးမျိုးဖြစ်တာ နေ သတိထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မုန်းရောမမုန်းဘူးလား"

သူမရဲ့နောက်ထပ်မေးခွန်းကြောင့် သူက ရယ်မောရင်း . . .

"ဘာတွေမေးနေတာလဲ။ နေ့ကို ကျွန်တော် ဘယ်တုန်းကမှ မမုန်းဘူး"

"အဲဒါဆို ဝေယာင့်ကို ဒုက္ခပေးမိတဲ့အကြောင်း ပြန်ပြောချင်တယ်၊ နားထောင်မလား ဟင်"

BURMESE CLASSIC .com

"အင်း"

နေ အားတုံ့အားနာနှင့်ပင် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တော့ သူက ပြုံးစစ့စေ့လုပ်နေရာမှ ဟက်ဟက်ပက်ပက် ထရယ်လေသည်။ ပြီးတော့ . . .

"နေ စိတ်မဆိုးဘူးလို့ ကတိပေးရင် ကျွန်တော်လည်း တစ်ခုပြောပြချင်တယ်"

"မဆိုးပါဘူး။ ပြောပါ"

သူက ဆံပင်တိုတိုထောင်ထောင်တွေထဲ လက်ထိုးထည့်ရင်း ဘယ်ကစပြောရမှန်းမသိပုံနှင့် အတန်ကြာ





ငြိမ်သက်နေသေးသည်။ ပြီးမှ မျက်နှာကိုလက်နှင့်တစ်ချက်ပွတ်သပ်ကာ . . .

"ကျွန်တော် ပြောရမှာ ရှက်နေတယ်၊ ပြီးတော့ နေ့ကိုလည်း အားနာတယ်"

"ပြောပါ . . . ဘာမှအားမနာနဲ့၊ နေ ဘာကိုမှ စိတ်ထဲ မထားဘူး"

"အဲ . . . အဲဒါဆို ပြောမယ်နော်၊ ကျွန်တော်လေ နေပေးထားတဲ့ပိုက်ဆံတစ်ထောင်ကို သိမ်းထားတယ်"

"နေပေးတဲ့ပိုက်ဆံ၊ နေ မပေးဖူးပါဘူး"

"နေ မေ့နေလို့ပါ၊ စံပယ်ပန်းဖိုးဆိုပြီး ပေးသွားတာလေ"

"ဩော် . . . ပြီးတော့ရော"

"နေ့ကျောင်းသားကတ်သွားယူတုန်းက အရိုက်ခံရတာလေ၊ အဲဒါ ကျွန်တော့်အပြစ်ပဲ"

"ဟယ် . . . ဟုတ်လို့လား"

နေက မျက်လုံးလေးအဝိုင်းသားဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သူတို့က ကျွန်တော့်ကို မေးတယ်၊ မင်းက နေမခရည်းစားလားတဲ့"

"အဲဒီတော့ . . ."

"ကျွန်တော်က . . . ကျွန်တော်ကလေ . . . ဟုတ်တယ်လို့ ဖြေလိုက်တာ၊ အဲ့မှာတင် ဝိုင်းရိုက်ကြတာပဲ"

ပြောပြီးသည်နှင့် ဝေဟင် ခေါင်းငုံ့ကာ ရှေ့သို့ ခပ်သုတ်သုတ် ဆက်လျှောက်လာခဲ့သည်။

နေက နှုတ်ခမ်းရှေ့မှာ လက်ကလေးကာပြီး တခစ်ခစ်ရယ်နေ၏။ သူလည်း မလုံမလဲဖြစ်ကာ ရောယောင်ရယ်မိလေသည်။

"ရှင်ကတော့ တကယ်ပဲ ဝေဟင်၊ အခု ရှင်ပြောလိုက်တာ ဘာအဓိပ္ပာယ်လဲ သိရဲ့လား"

ဝေဟင်က ခေါင်းကုပ်ပြီး . . .

"အင်း . . . သိပါတယ်၊ နေ စိတ်မဆိုးဘူး မှတ်လား"

"အံ . . . မယ်"

●———ရွှေဒေသာ———●



"အစ်ကိုကိုတော့ ပြန်မတိုင်နဲ့နော်"

"ဘာဖြစ်လို့"

"သူက ကျွန်တော့်ကိုပြောဖူးတယ်ဗျ၊ သူ့ညီမက ကျွန်တော့်ညီမပဲတဲ့၊ ညီမလေးလိုပဲ စောင့်ရှောက်ရမယ်တဲ့၊ အခုလည်း နေက ကျွန်တော့်ညီမလေးပဲလေ"

နေက မျက်စုံးလေးပင့်ကာ အသံထွက်အောင် ရယ်သည်။

"ဒါဆို . . . ရှင်က နေ့ကို မချစ်တော့ဘူးပေါ့"

"ဟင့်အင်း . . . ကျွန်တော် နေ့ကို ချစ်ပါတယ်၊ ညီမလေးလိုရော ချစ်သူလိုရော"

"အံ . . . မာ ရှင်က ရှင်တို့ရွာနားရောက်လာပြီဆိုပြီး သတ္တိတွေရှိလာတယ်ပေါ့ . . . ဟုတ်လား၊ အဲ့ရွာမှာ နွေအမျိုးတွေချည်းပဲဆိုတာ မမေ့နဲ့နော်"

ဝေဟင်ကလည်း အားကျမခံ၊

"ကျွန်တော်က အဲ့ရွာသားဆိုတာလည်း မမေ့နဲ့ဦးလေ"

●———ရွှေဒေသာ———●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ရှင်က ဘာလုပ်ချင်လဲ . . . အမေ့"

ပြောရင်း နေ့ ခြေထောက်က ကန်သင်းဘောင်က ကဏန်းကျင်းထဲ ချော်ကျသွားတာမို့ သူ ကမန်းကတန်း လှမ်းဆွဲထားလိုက်ရသည်။ ရေမြောင်းထဲကျသွားမှာ ကြောက်တာနဲ့ အလန့်တကြားလှမ်းဖက်ထားတဲ့ နေ့ကို ဝေဟင်ကလည်း စိုးရိမ်တကြီး ထွေးပွေ့ထားသည်။

စက္ကန့်အတော်ကြာ မျက်ဝန်းချင်းဆုံသွားသည်။

အနောက်တောင်ဆီက မိုးစက်မိုးပေါက်တွေ အော်ဟစ်ပြေးလွှားလာသည်။ မိုးသံလေသံတွေထဲမှာပဲ . . တစ်ယောက်ရဲ့ ရင်ခုန်သံကို တစ်ယောက်က အကျယ်ကြီးကြားနေရ၏။

"ဟေး . . . ကိုရင်"

အသံတစ်ခုကြောင့် နေက အလန့်တကြား ရုန်းထွက်သည်။

"ဟာ . . . မမိုးမြို့က လိုက်လာတယ်"

ဩော် . . . ဟာသာ်တထွန်းရင်သီချင်းကို ဟိုဘက်





ရွာစပါးရိတ်အဖွဲ့က ဖွင့်နေတာကိုး။

"အဲဒါ . . . ဘာလဲဟင်"

"သီချင်းပါ။ အသည်းနုသည် ဖြည်းဖြည်းမုန်းတဲ့။ မကြားဖူးဘူးလား"

နေက နှာခေါင်းလေးရှုံ့ပြီးခေါင်းခါသည်။ ဝေဟင်က သူမမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ရယ်မောမိသည်။

နေရယ် . . . ဒီသီချင်းထဲကလိုပဲ တောသား ကျွန်တော့်အသည်းက နုပါတယ်။ အခုဆို လယ်ကွင်းထဲမှာ မြရောင်စိမ်းစိမ်း စိုက်ခင်းတွေကနေ ရွှေရောင်စပါးတွေ အဖြစ် ပြောင်းလဲကုန်ပြီ။

နေ့ အသည်းစိမ်းလေးလည်း အရောင်ပြောင်း သင့်ပါပြီနော်။

ကြည်နုခေတ်



www.burmeseclassic.com